www.burmeseclassic.com

BURMESE CLASSIC .com

# CCTV

Closed-circuit television Closed-circuit television Closed-circuit television

www.burmeseclassic.com

www.burmeseclassic.com

# CCTV

## Closed-Circuit television

ဖြန့်ချိရေး
အမှတ်(၁၈၂) ၃၁လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်။
ဖုန်း - ၀၉-၇၃၁၂၆၃၅၅၊
၇၃၀၅၁၆၆

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်

# CCTV

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အတွင်းပလင် - ကိုပေါက် [redacted]
မျက်နှာဖုံးဒီဇိုင်း - ရဲလေး
စာအုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၄၊ ဖေဖော်ဝါရီလ
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈

၈၉၅ .၈၃
မိုးစက်ဝိုင်
CCTV (Closed-Circuit television)/မိုးစက်ဝိုင်။ – ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၄ ။
၁၆၆ – စ ၊ ၁၃ × ၂၀ စင်တီ။
(၁) CCTV (Closed-Circuit television)

www.burmeseclassic.com

www.burmeseclassic.com

# CCTV

## Closed-Circuit television

www.burmeseclassic.com

www.burmeseclassic.com

## အပြစ်အပျက်

သူ့ အသိစိတ်ဝင်လာချိန်တွင် ခေါင်းတစ်ခုလုံး ပြုတ်တူနှင့် ညှပ်ထားသလို ခံစားလိုက်ရသည်။ လည်ချောင်းထဲမှာလည်း မီးစနှင့် ထိုးခံထားရသည့်အလား နာကျင်ကွဲအက်လျက်။ ကျိန်းစပ်နေသော မျက်စိကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။

"ဟင်"

နာကျင်မှုတွေကြား အရုက်စိတ်က ဟုတ်ခနဲ ထိုးခွဲဝင်ရောက်လာ၏။ သူသည် ရန်ကုန်မြို့၏ပလက်ဖောင်းတစ်နေရာတွင် နွေခင်းဘက်ကြီး ခွေခွေလေး အိပ်ပျော်နေခြင်းဖြစ်၏။

ကိုယ့်ကိုယ်ကိုယ် ထပ်ကာ ဆန်းစစ်ကြည့်လိုက်တော့ ဝတ်ထားသော စွပ်ကျယ်အင်္ကျီပေါ်တွင် ပေကျံနေသည့် အံဖတ်များ။ အောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမှာရော ...။ အို ... အတွင်းခံဘောင်းဘီလေးမှအပ ဘာမှမရှိ။ ဖိနပ်ဆိုတာ ဝေးလာဝေး။

"ခစ် ... ခစ်"

ကောင်မလေးနှစ်ယောက်က သူ့ကိုကြည့်ကာ ရယ်သွားသည်။ ထိုသို့ သူ့အားကြည့်ကာ လူမည်မျှ ရယ်ပြီးကြလေပြီမသိ။ အရှက်မျက်နှာကိုအုပ်ရန် ပုဆိုးပင်မရှိဘဲ ထိုနေရာမှ သူ သုတ်ချေတင်ခဲ့ရလေသည်။

သူ့ဇာတ်မဟာအရှက်တော် မြန်းမြန်းကွဲခန်းသည် ထိုမျှနှင့် ပြီးသွားလိမ့်မည်ဟု ထင်ထားခဲ့သည်။

သို့သော် ...။

## လူမသိ သူမသိ

နေ့လယ်စာ စားပြီး၍ သင်တန်းခန်းမထဲသို့ ပြန်ဝင်လိုက်ချိန်တွင် သူမ့ကို ကြည့်ကာ တခြားသင်တန်းသားများ ပြုံးစိစိလုပ်နေကြသဖြင့် အနည်းငယ် တွန့်ကာ ငေ့မျက်နှာရော နောက်ကျောပါ မလုံမြဖြစ်သွားရသည်။

ဘာတွေများနေသနည်း။ သူမ့ခန္ဓာကိုယ်တွင် ဘာတွေထူးခြားနေသနည်း။

မသိမသာ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်လိုက်သည်။ မမှား ဘာထူးခြားမှုမှလည်း မရှိ။

ပန်းအသာတွန့်ကာ အားလုံးကို မသိကျိုးကျွန်ပြုရင်း ထိုင်နေကျခုံမှာပဲ ဝင်ထိုင်လိုက်သည်။

ပြီး ... ဆရာ မလာသေးသဖြင့် သူမ၏တန်ဖိုးကြီး စမတ်ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



တန်ပါပါထုတ်ကာ သူမ၏ Facebook အကောင့်ကို ဖွင့်ကြည့်လိုက်သည်။

ကွန်နရှင်က ကောင်းနေသည်မို့ သူမ၏ wall ကို ဝင်ကြည့်လိုက်သည်။ Like တွေ ဘယ်လောက်ရနေပြီလဲပေါ့။

"ဟင်"

ရုက်စိတ်ကြောင့် ထူပူသွားရသည်။ Like တွေ အများကြီး ရထားပါသည်။ ထိုပုံကတော့ ဘယ်သူတင်ကာ ပို့လိုက်မှန်းမသိသော သူမ နိုင်လို့လေး နှာခေါင်းချေး ကလော်နေသည့်ပုံ ဖြစ်လေသည်။

အရှက်တော်ကွဲကာ အတန်းမှ လစ်ခဲ့ရလေ၏။

■

## အခန်း (၁)

သင်တန်းဝင်းအတွင်းရှိ ကင်တင်းတစ်ခုမှာ ဖြစ်သည်။ ထောင့်ကျကျစားပွဲတစ်လုံး၌ ထိုင်နေကြသော လူငယ်သုံးဦးအနက် တစ်ဦးက ကျန်နှစ်ယောက်ကို စိတ်မသက်သာသည့်ပုံစံဖြင့်ကြည့်ကာ လေပူကြီးအားလေးလေးပင်မှုတ်ချလိုက်သည်။

ကျန်သည့်နှစ်ယောက်ကတော့ ထိုလေပူမှုတ်သံကို မကြားသလိုပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ပါချေ။ တစ်ယောက်က စမတ်ဖုန်းတစ်လုံးကိုင်ကာ နောက်တစ်ယောက်ကလည်း တက်ပလက်တစ်ခုကိုင်လျက် ဘာတွေမှန်းမသိ နှိပ်နေကြသည်။ ထိုသို့ မျက်တောင်မခတ်ကြည့်ကာ နှိပ်နေကြရင်း တစ်ချက်တစ်ချက် မျက်ခွက်တွေကလည်း စပ်ဖြီးဖြီး ဖြစ်လာကြသေး၏။ သောက်မြင်ကတ်စရာကောင်းလှသော မြင်ကွင်းဖြစ်သည်။ မိမိကိုယ်ပင်



www.burmeseclassic.com

www.burmeseclassic.com

ဖုတ်လေသည့်ငပိ ရှိသည်ဟုမထင်ကြတော့။

ဆယ်မိနစ်လောက်ကြာလာတော့ ဟံသာလည်း ဘယ်လိုမှ အောင့်အီးသည်းမခံနိုင်တော့ချေ။

ထို့ကြောင့် ...

"ဘုန်း!"

"အမယ်လေး မုန့်ဖက်ထုပ်"

"ကုလားမကြီးနဲ့ညား"

ဟံသာက စားပွဲကို လက်နှင့်ရိုက်လိုက်ခြင်းဖြစ်ပြီး ထိုနှစ်ကောင်က ယောင်ကာ ထ,အော်ကြခြင်းဖြစ်သည်။ ပြီး ... ကိုယ်စီကိုင်ထားကြသော မိုဘိုင်းဆက်သွယ်ရေးပစ္စည်းတွေကို စားပွဲပေါ်ချလျက် သာမြတ်ကအရင်...

"ဟံသာ ... ဘာလုပ်တာလဲကွ၊ လန့်လိုက်တာ၊ ချီးထဲမှပဲ"

အံ့မယ် ... ဒင်းက။ သာမြတ်စကားအဆုံးမှာပဲ ထက်လူကျော်က ပေစောင်းစောင်းကြည့်ကာ ...

"အေးလေ ... မင်းကို ဘယ်သူက ဘာလုပ်လို့ ခုလို ရိုင်းစိုင်းတဲ့ အပြုအမူမျိုး လုပ်ရတာလဲ ဟံသာ၊ မင်း နိုင်ငံကြီးသား မဟုတ်ဘူးလား"

လာလာချည်သေး။ နှစ်ကောင်စလုံး ကိုယ့်မျက်ချေး ကိုယ်မမြင်ဘဲ တစ်ပြန်ကြီး ပြန်ပြောလာကြသည်။

ဟံသာက ခပ်တည်တည်ပဲ ...

"ငါ ... မင်းတို့ကို ပြောစရာရှိတယ်၊ မင်းတို့က အဖက်မလုပ်တော့ ရတဲ့နည်းကို သုံးလိုက်ရတာလေ၊ ဘာလဲ မကျေနပ်ဘူးလား"

ထိုအခါမှ သကောင့်သားနှစ်ကောင်စလုံး မျက်နှာပျော့ဖတ်ဖတ်





ဖြစ်သွားကြသည်။

သာမြတ်က ...

"ပြောကွာ ... မင်းပြောစရာရှိတယ်ဆိုတာ ဘာလဲ"

"အေး ... ပြောမယ်"

စကားကိုဖြတ်ကာ နှစ်ကောင်စလုံးကို တစ်ချက်စီ ဝေ့၍ အရင်ကြည့်လိုက်သေးသည်။ အောင်မာ ... ဒင်းတို့က ခုမှ နွားမဒန်းမလေးတွေလို မျက်လွှာလေးတွေချလို့။

"မင်းတို့နှစ်ကောင် အဲဒီဖုန်းတွေ၊ တက်ပလက်တွေနဲ့ အွန်လိုင်းသုံးပြီး ပေါက်ကရလုပ်နေတာတွေ ရပ်တန်းက မရပ်ကြသေးဘူးလား"

"ဟင် ... ငါတို့က ဘာပေါက်ကရ လုပ်လို့လဲ"

"အေးလေ"

"ဟော့ကောင်တွေ ... ရှူးချင်ယောင်ဆောင်မနေနဲ့၊ မင်းတို့ အချိန်နဲ့အမျှ Facebook သုံးနေတာကိုပြောတာ"

"အာ"

နှစ်ကောင်သား တစ်, နှစ်, သုံးမတိုင်ဘဲ ပြိုင်တူနှာခေါင်းရှုံ့လိုက်ကြသည်။ ပြီး ထက်လူကျော်က ...

"မင်း ပြောပုံကလည်း Facebook သုံးတာ ပေါက်ကရဆိုရင် မင်း အပါအဝင် တစ်ကမ္ဘာလုံးက Facebook သုံးတဲ့လူတွေဟာ ပေါက်ကရ လုပ်နေကြတာပေါ့ ... အဲလိုလား"

"Facebook တီထွင်ခဲ့တဲ့ ဖူကာဘတ်ဟာလည်း ပေါက်ကရကောင်ကြီးပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟံသာက ကမန်းကတန်း လက်ကာပြလိုက်ရင်း ...

"ဟာ ... အဲလိုပြောတာ မဟုတ်ပါဘူး၊ ငါလည်း သုံးပါတယ်၊ ဒါပေမဲ့ ... လူမှုကွန်ယက်ဆိုတဲ့အတိုင်း သူငယ်ချင်းတွေထားတယ်၊ သတင်းအချက်အလက်တွေ မျှဝေတယ်၊ ပြီးတော့ နိုင်ငံမှာ မြင်နေတွေ့နေရတဲ့ အမြီးအမောက်မတည့်တာတွေကို သရော်တယ်၊ ကိုယ့်ကဗျာ၊ ကိုယ့်ဝတ္ထု၊ ကိုယ့်ခံစားချက်လေးတွေကို ရေးတင်တယ်ကွာ၊ ကဲ ... မင်းတို့ အဲဒါမျိုးတွေ သုံးလား"

စကားအဆုံးမှာ သာမြတ်က ပခုံးအသာတွန့်လိုက်ပြီး ...

"အာ ... အဲဒါမျိုးတွေ ငါတို့မှ ဝါသနာမပါတာ၊ ပြီးတော့ ... ရေးလည်း မရေးတတ်ဘူး"

ဟံသာက ...

"အဲလိုဆိုလည်း မင်းတို့ရဲ့ လူမသိ, သူမသိ အကောင့်နဲ့ တစ်ဖက်လူတွေကို အရှက်ရအောင် မလုပ်နဲ့လေ"

ထိုသို့ပြောသည်ကိုပင် ထက်လူကျော်က လက်မခံပြန်ချေ။ လာသေး၏။

"ဒီမှာ ဟံသာ ... ငါတို့က ပျော်စေပျက်စေ နောက်တဲ့သဘောနဲ့ အဲလိုပုံတွေ တင်တာကွ၊ ပြီးတော့ ... လျှပ်တစ်ပြက်ပုံဆိုတာ ဘယ်လောက်ရိုက်ရတာခက်လဲ မင်းသိမှာပါ"

"တချို့ဆိုရင် အနေအထိုင်တောင် ဆင်ခြင်သွားဦးမယ်၊ မင်းလည်း သိမှာပါ၊ လွှတ်တော်မှာ အိပ်ငိုက်နေတဲ့ပုံမျိုးဆိုရင် ..."

"ဟေ့ကောင် ... တော်တော့၊ နိုင်ငံရေးတွေ ပါမလာနဲ့"





"အဲဆို ... မင်းလည်း ငါတို့ကိုမတားနဲ့ ဟံသာ၊ မင်းနဲ့ဝတီ့ကိစ္စ [illegible]လည်း ငါတို့ပဲ ဒီနည်းနဲ့ ကူညီခဲ့တာနော် ... မမေ့နဲ့"

ဟုတ်တော့ ဟုတ်ပါသည်။ သူ ဝတီ့ကို စိတ်ဝင်စားသည့်လုပ်ရပ် [illegible] အပြုအမူတွေ၊ တစ်ဖက်သတ်ရေးထားသောစာတွေကို ဒီကောင်တွေ [illegible]ကြားပွဲစားလုပ်ကာ ဝတီ့ Facebook ကို ပို့ပေးခဲ့ခြင်း ဖြစ်သည်။ သူ့[illegible]တ စိတ်ဝင်စားနေသည်ကို သိသော်လည်း ဝတီ့ဘက်ကတော့ မီးစိမ်း[illegible]သေး။ သူငယ်ချင်းအဆင့်သာ ရှိသေးသည်။ ထားတော့ ...။

ခု သူပြောနေသည်က ဒီနှစ်ကောင်၏နောက်တီးနောက်တောက်[illegible]ရပ်တွေကို ဖြစ်သည်။ Facebook တွင် ကိုယ့်နာမည်ရင်းအပြင် တခြား Username သုံးပြီး ပေါက်ကရတွေ လိုက်ဖွနေခြင်းဖြစ်သည်။

ထိုနှစ်ကောင်ပေါင်းကာ လျှို့ဝှက်သုံးနေသည့် အကောင့်၏ Username နာမည်ကလည်း သူတို့လုပ်ရပ်နှင့် တော်တော်လိုက်ပါသည်။

စီစီတီဗီ (CCTV) တဲ့ ...။

ဆိုကြပါစို့။ ကောင်မလေးတစ်ယောက် သင်တန်းခန်းမထဲ ဒိုင်လျှို[illegible]သေး နှာခေါင်းချေးနှိုက်နေပုံ၊ အိပ်ငိုက်နေပုံ၊ တခြားအပြင်စာတွေ ခိုးဖတ်[illegible]နေပုံ စသဖြင့်။ ယောကျ်ားလေးတွေဆိုလျှင်လည်း အလွတ်မပေး။ ကင်တင်း[illegible]တွင် ဘီယာခိုးသောက်နေပုံ၊ အခန်းလွတ်တွေထဲ ဖဲခိုးရိုက်နေကြပုံ စသဖြင့်။ [illegible]နောက်ပြီး ကင်တင်းလို၊ အခန်းလွတ်တွေမှာလည်း အတွဲတွေ ကဲလျှင် [illegible]တော့ မစဉ်းစားနဲ့တော့။ ဒီနှစ်ကောင်လက်ချက်ဖြင့် အွန်လိုင်းပေါ်ရောက်ပြီ။

သင်တန်းဝင်းကြီးတစ်ခုလုံးမှာရှိသော သင်တန်းသူ၊ သင်တန်းသား[illegible]တွေမှာ ထိုသို့ ခဏခဏခံနေရသောကြောင့် လက်သည်သည် ဒီသင်တန်း



www.burmeseclassic.com

www.burmeseclassic.com

တွေထဲမှာတက်နေသည့် တစ်ယောက်ယောက်ဖြစ်မှာပဲဟု သံသယရှိကြသော်လည်း ဟိုနှစ်ကောင်၏ပိုင်ရှိမှုကြောင့် ဘယ်သူမှ ဒင်းတို့မှန်း မသိကြ။ နောက်ဆုံးပြောရလျှင် သူတို့၏ရည်းစားများဖြစ်ကြသော ပိုးအိနှင့်ဇင်လေး တို့ပင် မသိကြချေ။ ဘယ်လောက်များ သေသပ်လိုက်သနည်း။

ဒင်းတို့နှစ်ကောင်၏လုပ်ရပ်အား သိသူဆို၍ တစ်ယောက်ပဲ ရှိသည်။ အဲဒါက ဟံသာဆိုသည့် မိမိ။ ထို့ကြောင့် အလွန်အကျွံမဖြစ်အောင် တားနေရခြင်းဖြစ်၏။

ခုလည်း ဟံသာက သက်ပြင်းငွေ့ငွေ့ချလိုက်ရင်း . . .

"မင်းတို့ရဲ့စိတ်ထဲမှာ အပျော်အပျက် သဘောမျိုးနဲ့ လုပ်မှန်း သိပါတယ်၊ ဒါပေမဲ့ . . . တစ်ခါတလေမှာ မင်းတို့ အမှတ်မထင် တင်လိုက်တဲ့ ပုံတစ်ပုံကြောင့် တစ်ဖက်သား အရမ်းနစ်နာပြီး အရှက်ရသွားမှာစိုးလို့ကွ၊ စကားကျွံတာ နှုတ်လို့မရဘူးဆိုပေမယ့် အဲဒီစကားက သူ့ပတ်ဝန်းကျင်မှာပဲ သိကြမှာလေ၊ အွန်လိုင်းကျွံရင်တော့ တစ်ကမ္ဘာလုံးသိပြီ၊ အဲဒါကို ပြောတာ"

စကားအဆုံးမှာ နှစ်ကောင်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

သာမြတ်က ပခုံးအသာတွန့်ရင်း . . .

"အဲလောက် အကြီးကြီးတွေ မပြောပါနဲ့ ဟံသာရာ၊ ငါတို့ နောက်ပြောင်ပြီးတင်တယ်ဆိုတာ ဒီသင်တန်းဝင်းထဲမှာ တက်နေတဲ့ သင်တန်းသူ၊ သင်တန်းသားတွေရဲ့ အမှတ်မထင်၊ လျှပ်တစ်ပြက် မြူမှုလိုက်တဲ့ပုံလေးတွေပါ၊ ဒီလောက်ပါပဲ"

"ဟုတ်ပ။ မင်းပြောမှပဲ အမှုက ပိုကြီးတော့မယ်"





နှစ်ကောင်စလုံး ခုထိ လုံးဝလက်မခံကြချေ။ ရပါသည်။ ဟံသာက ကော်တံရှေ့နားမှာ မီးခြစ်ကို ခြစ်ပြလိုက်၏။

"အေး . . . ဒါဆို ငါလည်း အမှတ်မထင်၊ လျှပ်တစ်ပြက်ပုံတွေ တင်ဦးမယ်၊ ဥပမာ . . . သာမြတ် ရည်းစားပိုးအိဆိုရင် အရက်သောက်တာ လုံးဝမကြိုက်ဘူး၊ သာမြတ်က ညဘက်ဆိုရင် အရက်ကြိုက်လွန်းလို့ နိုးသောက်တဲ့ပုံတွေ . . ."

"ဟေ့ကောင်"

သာမြတ် ဓာတ်လိုက်သလို တွန့်သွားပြီး ထ,အော်သည်။ ဟံသာက ဆက်ကာပြုထားရင်း . . .

"ခဏနေဦး . . . ထက်လူကောင်မလေး ဇင်လေးဆိုရင်လည်း အရမ်းသဝန်တိုတတ်တယ်၊ ဒါပေမဲ့ . . . ထက်လူက နေ့တိုင်းနီးပါး ကလပ်ကိုသွားပြီး အဲဒီက ကောင်မလေးတစ်ယောက်နဲ့ အီစီကလီဖြစ်နေတဲ့ပုံလေးတွေကို ငါ့ရဲ့ Facebook မှာ ကျွန်တော့်သူငယ်ချင်းများ၏လျှို့ဝှက်ချက်များ ဆိုပြီး . . ."

"တော်တိတ် . . . ဟံသာ၊ မင်းရဲ့အောက်တန်းကျတဲ့အတွေးအခေါ်တွေကို ခု ရပ်တန်းကရပ်၊ အဲဒါ . . . ငါတို့ ဘဝပျက်မယ့် ဇာတ်လမ်းကွ"

ခွေးသူတောင်းတွေ။ သူတို့အလှည့်ကျတော့ သိတတ်လိုက်တာဟု ဟံသာ ခပ်ချဉ်ချဉ်တွေးလိုက်သည်။

သာမြတ်က ဒီစကားပိုင်း ဒီမှာပဲ ဖြတ်လိုသောပုံစံဖြင့် . . .

"ဟံသာ . . . တော်ပြီကွာ၊ ငါတို့လည်း ဆင်ခြင်ပါ့မယ်၊ မင်းလည်း ဝတ်ိဆီသွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်းမဆိုင်ချေ။ သို့သော် ဝတီဆိုသည့် အမည်နာမလေး နှစ်လုံးက ဘယ်ဘက်ရင်အုံကို နွေးသွားစေသည်။

ထို့ကြောင့် . . .

"သွားမှာပါ၊ ဒီမှာထိုင်ပြီး မင်းတို့နဲ့ စကားပြောနေရတာ"

"ဘာဖြစ်လဲ"

စောင်းငန်းငန်း မေးလာသည်မို့ ဟံသာက . . .

"ဘာဖြစ်ရမှာလဲ၊ လေကုန်တယ်၊ လူပန်းတယ်၊ ပြီးတော့ . . . ကျက်သရေယုတ်တယ်"

"ခွေးကောင်"

"အေးပါ . . . သွားသွား မင်း ဝတီဆီရောက်ရင် သိလိမ့်မယ်၊ ပြီးမှ . . . ငါတို့ကို လာမမေးနဲ့"

ဘာလဲတော့မသိချေ။ နှစ်ကောင်သား တက်ညီလက်ညီဆဲဆိုပြီး ကျန်ခဲ့ကြလေသည်။ ပြီးလျှင် ထိုနှစ်ကောင်သည် Facebook ဆိုတာကြီးနှင့် အလုပ်ရှုပ်လေဦးမည်။

ဟံသာဆိုသည့်သူကတော့ ကျုံးပစ်က ဆယ့်လေးချောင်းမြောက်များနှင့် မခွင်းသေးသော ဝတီဆိုသည့်ကောင်မလေးဆီသို့။

တက်ကြွသော ခြေလှမ်းများဖြင့် . . .

လာလာချေပြီ . . . ။

■



## အခန်း (၂)

သင်တန်းဝင်းတစ်ခုထဲတွင် အတူတက်ကြသော်လည်း သူနှင့်ဝတီ တို့တက်ကြသည့် သင်တန်းအမျိုးအစားက မတူချေ။ တူအောင်လည်း ဟံသာက ဝတီတက်သည့်သင်တန်းမှာ လိုက်မတက်။ မတူကွဲပြားသော ကြောင်းဖြင့် စစ်မှန်သောဒီမိုကရေစီ . . . အဲလေ စစ်မှန်သောအချစ် ခုကို တည်ဆောက်မည်ဟု အတီအကျခံယူယုံကြည်ထားသည်။

ခုလည်း ဝတီထိုင်တတ်သော ကင်တင်းအနီးသို့ရောက်တော့ ကင် တင်းထဲသို့ လှမ်းကြည့်လိုက်သည်။ တွေ့ပါပြီ။ ကိုယ့်ရင်ခုန်ဖက်လေးကို အခြားသော လုံမငယ်နှစ်ယောက်တို့နှင့်အတူ တွေ့လိုက်ရ၏။

ဟံသာက ကင်တင်းထဲသို့ဝင်ကာ ဝတီတို့ဝိုင်းဆီ လျှောက်သွား လိုက်ရင်း ရယ်ကျဲကျဲလုပ်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



''ဝတီ . . . ထိုင်နေတာ ကြာပြီလား''

''အေး . . . ဘာဖြစ်လို့လဲ''

ပြောပုံလေးက အလွန်တရာမှ နားဝင်ချိုလှပါသည်။ ဟံသာ နှင်တင်တင်ဖြစ်သွားရ၏။ ခုံတစ်ခုံဆွဲယူကာ ထိုင်ချလိုက်ရင်း . . .

''ဝတီရာ . . . ငါက အကောင်းမေးတဲ့ဟာကို''

စကားအဆုံးမှာ ဝတီက မျက်စောင်းထိုးလျက် . . .

''ဟဲ့ ငါကလည်း အကောင်းဖြေနေတာပဲလေ၊ နင့်ကို နင်ပဲဆော ပြောနေလို့လား''

''ဟာ''

ဝတီ့မျက်နှာလေးက မသိမသာ သုန်မှုန်နေသည်။ စိတ်ညစ်၊ စိတ်ရှုပ်စရာတစ်ခုခုများ ရှိနေပြီလားမသိ။

ထိုစဉ်မှာပဲ ဝတီနှင့်အတူ ရင်ပေါင်တန်းကာ ထိုင်နေကြသော သူငယ်ချင်းမနှစ်ယောက်က ဟံသာကို စွေကာကြည့်လိုက်ပြီးမှ . . .

''ဝတီ . . . ငါတို့သွားဦးမယ်၊ နောက်တစ်ချိန်ကျမှ အတန်းထဲမှာ ပြန်ဆုံမယ်၊ သိလား''

''အေး . . . အေး''

ဝတီ့စကားအဆုံးမှာ ဟံသာက ထိုနှစ်ယောက်ထွက်သွားသည်ကို လှမ်းကြည့်လိုက်ပြီးမှ ဟီးခနဲရယ်လိုက်ကာ . . .

''ဗီဒီယို၊ ရုပ်ရှင်တွေထဲက အတိုင်းပဲနော်''

''ဘာ''

မျက်လုံးလေးပြူးကာ ပြန်မေးလာသဖြင့် ဟံသာက စပ်ဖြဖြလုပ်





[illegible] . . .

''ဒီလိုလေ ဗီဒီယို၊ ရုပ်ရှင်တွေထဲမှာဆိုရင် မင်းသားက မင်းသမီး [illegible]လာတဲ့အခါ ဘေးကသူငယ်ချင်းတွေက အလိုက်တသိ ရှောင်ပေးကြတယ် [illegible] အဲဒါကို ပြောပြော . . .''

''တော်တော် . . . ဟံသာ၊ နင် ပေါက်ကရတွေ ပြောမနေနဲ့၊ ငါ [illegible]မှာ စိတ်ရှုပ်နေတယ်''

ထိုစကားကြောင့် ဟံသာက သက်ပြင်းချလိုက်ပြီး . . .

''အင်း . . . နင့်ပုံစံကြည့်ပြီး ငါ ထင်တော့ ထင်ပါတယ်၊ ဘာစိတ်ရှုပ်စရာရှိလို့လဲ . . . ငါ့ကို ပြောလေ''

''ဒီလိုပါပဲဟာ''

ဝတီက စကားကို မသိမသာလျှောချသွားသည်။ ဒါမျိုးကတော့ ဟံသာကို လာလုပ်လို့မရချေ။

ထို့ကြောင့် စကားကို ဝတီ့ဘက်သို့ပဲ သေနတ်ပြောင်း ပြန်တော့ လိုက်၏။

''ဝတီ . . . နင် မမိုက်ဘူး သိလား''

''အောင်မာ . . . ငါက ဘာမမိုက်ရမှာလဲ''

မျက်ခုံးအတွန့်ချိုးရင်း ပြန်မေးလာသည်။

ဟံသာက . . .

''နင်ပဲ စဉ်းစားကြည့်လေ . . . နင့်ကို ချစ်တယ်၊ ချစ်တယ်လို့ ပြောထားတာ အခါတစ်သိန်းမကတော့ဘူး၊ နင့်ဆီကတော့ ချစ်တယ်ဆိုတဲ့ စကားကို ယောင်ယောင်လေးတောင် မဟာသေးဘူး၊ ခက်တာပဲ ဝတီရာ၊

www.burmeseclassic.com

အဖြေပေးပါတော့လား''

စကားအဆုံးမှာ ဝတီ့မျက်နှာလေးက မဲ့ရွဲ့ရွဲ့လေးဖြစ်သွားရင်း ...

''တော်တော် ... ဟံသာ၊ စိတ်ညစ်ရတဲ့အထဲ စိတ်ရှုပ်စရာတွေ လာပြောနေတယ်၊ ငါ ငိုချင်လာပြီနော်''

ဟံသာက ပခုံးအသာတွန့်လိုက်ပြီးမှ ...

''ငိုချင်တယ် ... ဟုတ်လား၊ ဘယ်လိုငိုမှာလဲ''

''ဟံသာ ... ငါ တင်းလာပြီနော်၊ ငိုတာပဲ မျက်ရည်ကျပြီ ငိုမှာ ပေါ့၊ နင် ရူးများနေလား''

ဟံသာက ခေါင်းခါလိုက်ရင်း ...

''မဟုတ်သေးဘူး ဝတီ၊ မျက်ရည်ကျတဲ့နေရာမှာ မျက်ရည်က သုံးမျိုးသုံးစားတောင် ရှိတာဟ''

''ဟင် ... ဟုတ်လို့လား''

''ရော် ... ငါက ညာပါ့မလား၊ ကိုယ်ချစ်တဲ့သူကို''

စကားကြုံတုန်းလေး အမှတ်ဝင်ယူလိုက်သေးသည်။ ဝတီ မျက်စောင်းကို မသိချင်ဟန်ဆောင်လိုက်ပြီးမှ ...

''ဒီလိုဟ ... မျက်ရည်တွေထဲမှာ ပထမမျက်ရည်အမျိုးအစားကို **basal tear** လို့ ခေါ်တယ်၊ မျက်လုံးသန့်ရှင်းဖို့နဲ့ ချောမွတ်ဖို့ လုပ်ပေးတဲ့ မျက်ရည်ပေါ့၊ ဒုတိယအမျိုးအစားကျတော့ **reflex tear** တဲ့၊ အဲဒါကတော့ ကြက်သွန်နီ၊ ဝတ်မှုန်နဲ့ ဖုန်မှုန့်တွေဝင်လို့ ကျတဲ့မျက်ရည်ပေါ့ဟာ၊ အဲ ... နောက်ဆုံးမျက်ရည်ကတော့ **emotional tear** ပဲ၊ စိတ်ခံစားမှုကြောင့် ကျတဲ့မျက်ရည်ပေါ့၊ ပြောရရင် ... ခု နင်ငိုမယ်ဆိုတဲ့မျက်ရည်အမျိုးအစား





ဟာ **emotional tear** ပဲ''

ရှည်လျားစွာ ရှင်းပြလိုက်သောစကားအဆုံးမှာ ဝတီတစ်ယောက် မျက်ရည်ကျရန်ပင် မေ့သွားပုံပေါ်သည်။ ဟံသာကို မျက်နှာသေသေလေးနှင့် ပြန်ကြည့်ကာ ...

''မသိတော့ဘူး ဟံသာရယ်၊ ငါ အခု စိတ်ရှုပ်နေတာ အမှန်ပဲ''

''ဒါဆိုလည်း ဘာဖြစ်တယ်ဆိုတာ ငါ့ကို ပြောပြလေ၊ နင်က ငါ့ကို မပြောလို့ ဘယ်သူ့ကို ပြောမှာလဲ''

အကွက်ဝင်တုန်း အမှတ်ထပ်ယူလိုက်သည်။

ဝတီက ...

''ဟံသာ ... နင် ဒီရက်ပိုင်း Facebook မသုံးဘူးလား''

မဆီမဆိုင် ဖြတ်မေးလာသောစကားကြောင့် ဟံသာ ကြောင်သွားရသည်။ သို့သော်လည်း ဖြေလိုက်ပါ၏။

''ဟော့အေး ... ငါ အွန်လိုင်း (On line) မတက်ဖြစ်တာ ဆယ့်ငါးရက်လောက် ရှိပြီဟ၊ ဘာဖြစ်လို့လဲ''

''သြော် ... ဟုတ်လား၊ ဒါကြောင့်ဖြစ်မှာပါ၊ ဒါနဲ့ နင့်ကိုလေ သာမြတ်တို့ ထက်လူကျော်တို့ကကော မပြောဘူးလား၊ ငါနဲ့ပတ်သက်ပြီး တော့လေ''

စကားအဆုံးမှာ ဟံသာ ခေါင်းသာကုတ်မိတော့သည်။ ဝတီက ဘာတွေမေးနေသည်မသိ။ ခုနကလည်း ဟိုနှစ်ကောင်က မင်းရောက်ရင် သိလိမ့်မည်ဟု ပြောလိုက်သေးသည်။ ဘာတွေလဲ။

ထို့ကြောင့် ... ခေါင်းကုတ်ရင်းမအားသည့်ကြားကပင် ပါးစပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ပေးရတော့၏။

"ဘာတွေလဲ ဝတီရာ . . . ငါ နားလည်အောင် ရှင်းပြပါဦး"

ဝတီက ခပ်တည်တည်ပြန်ကြည့်လာပြီး . . .

"အဲဒါကြောင့် ပြောတာပေါ့၊ နင် ကျန်ခဲ့တဲ့ အပတ်တွေထဲမှာ Facebook သုံးခဲ့ရင် ငါ ရှင်းပြစရာတောင်မလိုဘူး"

"အေး . . . ဟုတ်ပါပြီ၊ ငါ မသုံးခဲ့ဘူး၊ နှ . . . နင်ပဲ ရှင်းပြတော့"

ဝတီက သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် အရင်ချသည်။ ပြီးမှ . . .

"ဒီလို ဟံသာရာ . . . Facebook ထဲမှာ လူတစ်ယောက်က ငါ့ကို နှောင့်ယှက်နေလို့"

ထိုစကားကြောင့် ဟံသာ ဆတ်ခနဲဖြစ်သွားရင်း . . .

"ဘာလဲ . . . ဟို . . . CCTV ဆိုတဲ့ အကောင့် (account) ကလား"

ခေါင်းခပ်သွက်သွက်ခါလိုက်ရင်း ဝတီက . . .

"မဟုတ်ပါဘူး၊ အဲဒီ CCTV ဆိုတဲ့ အကောင့် (account) က လှုပ်တစ်ပြက်ပုံတွေပဲ တင်တာပါ . . . ငါ သိပါတယ်၊ ခုဟာက တခြား အကောင့်တစ်ခုဟ"

"ယူဆာနိမ်း (username) ကကော ဘာလဲ"

"အကောင့်နာမည်က 'လူချော' တဲ့"

"နင့်ကို ဘယ်လိုနှောင့်ယှက်နေတာလဲ ဝတီ"

ဝတီက ကျိတ်စိခနဲ အသံမြည်အောင် စုတ်သပ်လိုက်ပြီးမှ . . .





"ဒီလိုဟာ . . . အဲဒီလူချောဆိုတဲ့လူက ငါ့ဝေါ (wall) ထဲမှာရော တိုင်းလိုင်း (timeline) ထဲမှာပါ ငါ့ကို ချစ်တဲ့အကြောင်းတွေချည်းပဲ တင်နေတယ် ပြီးတော့ . . . ငါ့ဓာတ်ပုံတွေကိုလည်း ထောင့်ပေါင်းစုံကနေ ခိုးရိုက်ပြီး တင်တာဟ"

ဟံသာ့စိတ်ထဲ ကျဉ်ခနဲဖြစ်သွားရပြီး . . .

"ဟင် . . . မိုက်ရိုင်းလှချည်လား၊ အဲဒါဆိုလည်း ဝတီရယ် . . . အဲဒီအကောင့်ကို ဘလော့လ် (block) လိုက်ပေါ့"

ဝတီက ခပ်စွေစွေပြန်ကြည့်ရင်း . . .

"လုပ်တာပေါ့ဟ . . . နေပါ့မလား၊ ဒါပေမဲ့ . . . သူ့မှာ ငါနဲ့ ဖရန့် (friend) ဖြစ်ထားတဲ့ တခြားအကောင့်တွေ ရှိသေးတယ်၊ အဲဒီအကောင့် တွေကနေ ထပ်နှောင့်ယှက်တာ"

"ဟာ"

ဟံသာ ဘာပြောရမည်မှန်းမသိ ဖြစ်သွားရသည်။ ထိုကဲ့သို့ အဖြစ်မျိုး သူ မကြားဖူးချေ။ ခုတော့ ကြုံနေရပြီ။

ဝတီကပဲ ဆက်၍ . . .

"အဲဒီလူပြောတဲ့စကားတွေဟာ တဖြည်းဖြည်း လွန်လာတယ် ဟံသာ၊ ငါက သူ့ကိုပဲ ချစ်ရမယ်ဆိုတဲ့ပုံစံမျိုး၊ ငါက သူ့အချစ်ကို လုံးဝ လက်ခံရမယ်၊ မဟုတ်ရင် ငါ နောင်တရလိမ့်မယ်၊ အဲဒါမျိုး ခြိမ်းခြောက်တဲ့ စာသားတွေပါ တင်နေတာ"

ဟံသာ တင်းသွားရသည်။ တက်တစ်ချက် ခေါက်လိုက်ပြီးမှ . . .

"ဒါမျိုးလုပ်လို့ရမလားဟ၊ သူ ခြိမ်းခြောက်ရအောင် မင်းနဲ့ပိုင်း



www.burmeseclassic.com

www.burmeseclassic.com


ပြည့်မှ မဟုတ်တာ''

''မင်းမဲ့တိုင်းပြည်မဟုတ်ပေမယ့် ဒီမှာက အွန်လိုင်းဥပဒေ မရှိသေးဘူးလေ၊ ပြီးတော့ . . . အဲဒီလူက သူ့ပုံကို မတင်ဘူး။ ငါနဲ့ပဲ အပြင်မှာ တစ်ရက် လူချင်းတွေ့မယ်တဲ့''

''ဟင်''

''အဲဒါပဲ ဟံသာ၊ ငါ ကြောက်တာမဟုတ်ပေမယ့် တော်တော် စိတ်ရှုပ်နေတယ်၊ တိုင်းလိုင်း (timeline) မှာ ငါ့ပုံတွေ ပလူပျံနေတော့ တချို့ကတောင် ငါ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေလေပြီ၊ နင်သိတဲ့ အတိုင်းပဲ ငါက နန်းခင်ဖေယျာလည်းမဟုတ်၊ ခင်ဝင့်ဝါလည်းမဟုတ် *မိုးစက်ဝိုင်လည်းမဟုတ်၊ နောက်ဆုံး သန်းသန်းထွေးလည်း မဟုတ်ဘူး လေ၊ ဒီတော့ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်တယ်၊ ဘာပြန်လုပ်ရမှန်း လည်း မသိဘူး''

''အေးဟာ . . . ကျိုင်ပဲ''

''အပြောမစောနဲ့ဦး၊ ဒီထက်ဆိုးတာက အဲဒီလူဆီမှာ ငါ့ဖုန်းနံပါတ် ပါရှိတယ်၊ သူ မက်ဆေ့ချ်ပို့တဲ့ ဖုန်းတိုင်းကို ဘလက်လစ် (blacklist) လုပ်နေရတာ''

''ဟူး''

လေပူကြီးကိုပဲ မှုတ်ထုတ်မိတော့သည်။ ပြီးမှ တစ်ချက်စဉ်းစား လိုက်ရင်း . . .

''ဝတီ . . . ဟိုလေ . . . ခုလောလောဆယ် နင်နဲ့ ဖရန့်ဖြစ်ထားတဲ့ သူ့အကောင့်အားလုံးကို ဘလော့လိုက်ပြီလား''

* miss မိုးစက်ဝိုင်ကို ရည်ညွှန်းပါသည်။

''ဟေ့အေး . . . တစ်ခုတော့ ကျန်သေးတယ်၊ ဒါပေမဲ့ . . . ဘလော့ ရမှာပါ''

ကမန်းကတန်း လက်ကာပြလိုက်ရင်း ဟံသာက . . .

''ခဏနေဦး ဝတီ . . . အဲဒီတစ်ခုကိုတော့ မဘလော့လိုက်နဲ့ဦး၊ ဘာဖြစ်လို့လဲဆိုတော့ နင် ဘလော့လည်း သူထပ်လုပ်မှာပဲလေ''

''အဲဆို ငါက ဘာလုပ်ရမှာလဲ''

ဟံသာက . . .

''ဒီလိုလေ . . . သူ နင်နဲ့ပတ်သက်ပြီး ဘာတွေထပ်ရေးမယ်ဆိုတာ စောင့်ကြည့်ရမယ်၊ အဲဒါမှ . . . ဘယ်သူလဲဆိုတာ ခြေရာခံလို့ရမှာပေါ့''

''လွယ်ပါ့မလား ဟံသာရယ်''

လေပူကို ထပ်ကာမှုတ်ချလိုက်ရင်း . . .

''လွယ်တော့ မလွယ်ဘူးပေါ့ဟာ . . . ကြိုးစားကြည့်ရမှာပေါ့၊ ငါနဲ့ သိတဲ့ ဘလော့ခ်ကာ (blocker) တွေ၊ ဟက်ကာ (hacker) တွေ ရှိပါတယ်၊ အကူအညီတောင်းကြည့်မယ်လေ''

စကားအဆုံးမှာ ဝတီ့မျက်နှာလေးက ငယ်သွားရင်း . . .

''အဲဒီလူ ထပ်မလုပ်တော့ရင် ကောင်းမှာပဲဟာ၊ ခုဆို ငါ့ပုံတွေ ရင်တောင် တချို့တွေက အပျော်အပျက်သဘောနဲ့ လိုက်ခ် (Likes) လုပ်၊ ကွန်မန့် (comments) တွေ ဝင်ရေးနေကြပြီ၊ အဲဒါကြောင့် ငါ ညစ်နေတာ''

ဟံသာ တစ်ချက်ငြိမ်ကာ စဉ်းစားလိုက်သည်။ ဒီရက်ပိုင်းတွေထဲ သူ Facebook မသုံးမိ၍ ဒါတွေကို မသိခဲ့။ ခုတော့ . . . အမည်မသိလူ

www.burmeseclassic.com

တစ်ယောက်၏လုပ်ရပ်ဖြင့် ဝတီ စိတ်ညစ်နေရပြီ။

ထို့ကြောင့် ဝတီ့ကို အားပေးပြုံးလေး ပြုံးပြလိုက်ပြီး ...

"စိတ်ထဲ အဲလောက်ထားမနေပါနဲ့ ဝတီရာ၊ ဒီသင်တန်းမှာလည်း နင် ဘယ်လိုနေတယ်ဆိုတာ လူတိုင်းသိတာပဲလေ"

ဝတီက ဘာမှပြန်မပြောဘဲ အဝေးကို ငေးနေသည်။ ပြီးမှ ဖုန်းထုတ်ကာ တစ်ချက်နှစ်ချက် နှိပ်လိုက်ပြီးမှ ဟံသာဘက် လှမ်းပြရင်း ...

"ငါ စိတ်ညစ်တာထက် ပိုတယ်၊ ဟံသာ ဒီမှာသာ ကြည့်တော့"

"ဟင်"

Facebook တိုင်းလိုင်း (timeline) ထဲမှ ပုံတစ်ပုံကို ပြခြင်းဖြစ်သည်။ ပုံမှာ ဝတီတစ်ယောက်တည်း ကင်တင်း၌ မနက်စာ စားနေပုံဖြစ်ပြီး အပေါ်မှ ရေးထားသည့်စာကတော့ ...

**စားကောင်းရဲ့လား ဝတီ။**
**ကိုယ်နဲ့မင်းနဲ့လည်း ...**
**တစ်ရက်တော့ အဲလို အတူစားဖြစ်မှာပါ၊**
**ကိုယ် ဝတီ့ရှေ့ကိုရောက်လာခဲ့မယ် စိတ်ချ။**

စာကတော့ အချိုးမပြေသည့်စာ ဖြစ်သည်။ သို့သော် အောက်ဘက်၌ လိုက်ခ်လုပ်ထားကြတာတွေကလည်း မနည်းချေ။ တချို့ ကွန်မန့်တွေဆိုလျှင် သနားပါတယ်ဗျ၊ လက်ခံလိုက်ပါ စသဖြင့် ရေးထားကြသေးသည်။





ထိုပုံကိုကြည့်ခြင်းအားဖြင့် ဝတီအား နှောင့်ယှက်နေသောသူသည် သင်တန်းတွေထဲမှ သင်တန်းသားတစ်ယောက်ယောက်ပဲ ဖြစ်ရမည်ဟု ဟံသာ တွေးလိုက်မိ၏။

တစ်ဆက်တည်း ဝတီ့ကိုကြည့်ကာ ...

"ဟိုကောင် သာမြတ်တို့ကလည်း ငါ့ကို ဒီကိစ္စမပြောကြဘူး ခွေးကောင်တွေ"

"အဲလိုမပြောပါနဲ့ဟာ၊ သူတို့က ငါနဲ့ တိုက်ရိုက်ပတ်သက်နေတာမှ မဟုတ်ဘဲလေ"

ထိုစကားကြောင့် ဟံသာ့ရင်ထဲ နွေးသွားရသည်။ ဟုတ်သည်လေ။ ကားအသွားအလာအရ ကိုယ်က တိုက်ရိုက်ပတ်သက်နေသူဖြစ်သွားပြီ။ ထို့ကြောင့် ကိုယ့်ချစ်သူကို ကိုယ်ကာကွယ်ရမည်ဟု ခိုင်မာစွာ သံန္နိဋ္ဌာန်ချလိုက်ရင်း ...

"နင် ဘာမှစိတ်မပူနဲ့ ဝတီ၊ ငါရှိနေသမျှ အဲဒီလူ နင့်ရှေ့ ရောက်လာစေရဘူး၊ စိတ်ချ"

ဝတီက ဘာမှပြန်မပြောဘဲ ဟံသာကို တွေတွေလေးကြည့်ကာ ငြိမ်နေသည်။

ဟံသာက ချက်ချင်းပင် ထရပ်လိုက်ရင်း ...

"ဝတီ ... သင်တန်းပြန်တက်ဦးမှာလား"

"တက်မှာပေါ့ ... ဘာဖြစ်လို့လဲ"

"ဒါဆိုလည်း ငါ သွားတော့မယ်၊ နင့်ကိစ္စကို ဟိုကောင်တွေနဲ့ တိုင်ပင်ရဦးမယ်လေ"


www.burmeseclassic.com

www.burmeseclassic.com



“အေး အေး”

ဝတီက ခေါင်းညိတ်ပြသည်။ လှည့်ထွက်ရန် ပြင်လိုက်ပြီးမှ သတိရသွားသဖြင့် ဟံသာက …

“ဝတီ … နင့်ကိစ္စ ငါ့ခေါင်းထဲရောက်နေသလို ငါ့ကိစ္စကိုလည်း နင် စဉ်းစားထားဦး၊ ဒါပဲ … သွားပြီ”

အပေါ်စီးက ပြောကာ ထွက်လာခဲ့သည်။ ဒီလိုအဖြေတောင်းပုံမျိုးက ရန်ကုန်တိုင်းဒေသကြီးမှာပင် ရှိမည်မဟုတ်။ အသစ်ဖြစ်သည်။

ခုလည်း ဝတီ့ကိစ္စတိုင်ပင်ရန်အတွက် ဟိုလဒနစ်ကောင်ဆီကို ဖုန်းခေါ်လိုက်ပါသည်။

လူကြီးမင်းများနှင့် လေးခါလောက်ဆုံပြီးသကာလမှာတော့ …

“ဟလို”

■

## အခန်း (၃)

“ထင်သားပဲ … သာမြတ်ဆိုတဲ့ကောင် ချိန်းကတည်းက ဒီလိုဆိုင် [illegible]ဖြစ်မယ်ဆိုတာ”

ခုံတစ်ခုံဆွဲယူကာ ထိုင်ရင်း ဟံသာပြောလိုက်တော့ သာမြတ်က [illegible]သို့ ဝေ့ဝဲကြည့်ကာ …

“ဘာဖြစ်လို့လဲဟ … ဆိုင်က သန့်ပါတယ်၊ အစားအသောက် [illegible] ရှယ်ပဲကွ၊ ငါတို့ရပ်ကွက်ထဲမှာတော့ နာမည်အကြီးဆုံးပဲ”

ဟံသာက ‘သူ့ဌေးမ’ ဆိုသော ဆိုင်နာမည်ဆိုင်းဘုတ်ကို လှမ်း[illegible]ရင်း …

“မင်းကို ဆိုင်ကောင်းတာ, မကောင်းတာ၊ သန့်တာ, မသန့်တာ [illegible]ပြောနေတာမဟုတ်ဘူး၊ မင်းချိန်းရင် ဘီယာဆိုင်ပဲဖြစ်မှာပဲလို့ ပြောတာ”

www.burmeseclassic.com



သာမြတ်က ဟီးခနဲရယ်သည်။ ထက်လူကျော်ကလည်း ...

"သောက်ပါစေကွာ၊ ဒီကောင့်ဘဝကိုက ခွက်ပုန်းဖြစ်နေတာကိုး"

ဝင်ပြောလိုက်သော ထက်လူကျော်ကို သာမြတ်က မျက်ထောင့်နီနီနှင့် ပြန်ကြည့်လိုက်ပြီး ...

"အောင်မာ ... မင်းကကော မမျိုးမဆိုလို့လား ထက်လူ"

"မျိုး ... အဲ ... သောက်တာတော့ သောက်တာပေါ့ကွာ၊ ငါက မင်းလို ညတိုင်းတော့ အမုန်းမကာစ်ဘူးကွ"

"ဘယ်ကစ်မလဲ၊ ဖွန်ကြောင်မယ့်နေရာတွေ သွားရှိုးမှာကိုး၊ ငါတို့ကတော့ သောက်မယ်၊ မူးမယ်၊ ပြီးရင် ... အိပ်မယ်၊ ဒါပဲ"

နှစ်ယောက်သား အသီးသီး ဂုဏ်တုဂုဏ်ပြိုင်လုပ်နေကြသည်။ ကိုယ့်ကိစ္စအတွက်လာသော ဟံသာ သည်းမခံနိုင်တော့။

"ဟေ့ကောင်တွေ ... ငါ မင်းတို့ပြောတဲ့စကားတွေကို နားထောင်ဖို့ လာတာမဟုတ်ဘူးနော်၊ ဝတီ့ကိစ္စအတွက် လာတာ"

"ဟင် ... ဝတီက ဘာဖြစ်လို့လဲ"

ထက်လူကျော်စကားအဆုံးမှာ သာမြတ်ကလည်း အံ့ဩဟန်လုပ်လျက် ...

"အေးလေ ... မနက်ကပဲ တွေ့လိုက်ပါသေးတယ်၊ အလတ်ကြီးပါကွ"

"ဟေ့ကောင်တွေ"

ဟံသာအော်လိုက်တော့မှ နှစ်ကောင်စလုံး ပါးစပ်ပိတ်သွားသည်။ ဟံသာကပဲ ...





"အပိုတွေလျှောက်ပြောမနေနဲ့၊ Facebook ပေါ်မှာ ဝတီ ဘာဖြစ်နေတယ်ဆိုတာ မင်းတို့သိရဲ့သားနဲ့ ငါ့ကို ဘာဖြစ်လို့ မပြောတာလဲ"

"အန် ... ပြောရအောင် မင်းနဲ့ဝတီနဲ့က ဘာမို့လို့လဲ၊ မင်းက ဒူအုပ်ထိန်းသူလား"

"ဟာ ... ဒီကောင်တော့"

နားပန်ကျင်းရန် လက်ရွယ်လိုက်တော့မှ သာမြတ်က ခန္ဓာကိုယ်ကို နှိမ့်တာ ရှောင်လိုက်ရင်း ...

"နောက်တာပါကွာ၊ နေ့လယ်က မင်း ဝတီ့ဆီသွားတော့ ပြောလိုက်သေးတယ်လေ၊ မင်းရောက်ရင် သိလိမ့်မယ်လို့"

"ဟုတ်သားပဲကွ၊ တကယ်ဆို မင်း အွန်လိုင်းသုံးနေရင် ...၊ ဘာမှာကြီးနဲ့ အဆက်မပြတ်ရင် ...၊ မင်းသာ တို့မြန်မာနိုင်ငံရဲ့ကွန်နရှင်ကို သောက်ချားတို့ရဲ့ ဖွဲ့လုံ့လ ဝီရိယနဲ့ စိတ်ရှည်သည်းခံပြီး သုံးခဲ့ရင် ..."

"ဟေ့ကောင် ... တော်ကွာ၊ တော်၊ အဲဒီကွန်နရှင်ကြောင့်လည်း သုံးချင်တာ"

ထက်လူကျော်က လက်ကာပြရင်း ...

"ထားပါတော့၊ ဝတီဖြစ်နေတဲ့ကိစ္စကို ငါတို့ သိပြီးပါပြီ၊ အဲဒါက ငါတို့ရဲ့ CCTV နဲ့တော့ မဆိုင်ဘူးနော်"

"အေးပါ ... မင်းတို့လည်း အဲလိုမလုပ်ရဲဘူးဆိုတာ သိပါတယ်၊ လုပ်ကြည့်ပါလား၊ CCTV အကောင့်ဟာ ဘယ်သူတွေ သုံးပါတယ်ဆိုတာ တို ငါ ဖွပစ်လိုက်မှာပေါ့"

"ဟံသာ ... မင်း ငါတို့ဘက်ကို လှည့်မလာနဲ့၊ ခု ... မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ချင်လို့လဲ ပြော''

သာမြတ်စကားအဆုံးမှာ ဟံသာက တစ်ရပ်ကွက်လုံးကြားနိုင်လောက်သည့် လေပူကြီးကို မှုတ်ချကာ . . .

''ငါလည်း ဘာလုပ်ရမှန်းမသိလို့ မင်းတို့နဲ့ လာတိုင်ပင်တာပေါ့ကွ၊ ဝတီ ခုလို စိတ်ရှုပ်စိတ်ညစ်နေတာကို ငါ မကြည့်ရက်ဘူးကွာ''

နှစ်ကောင်စလုံး တဒင်္ဂငြိမ်သွားကြသည်။ သို့သော် ဘီယာခွက်တွေကိုတော့ ကိုယ်စီကိုင်ကာ မော့လိုက်ကြ၏။ သာမြတ်က အမြည်းတစ်ဖတ်ကို တူနှင့်ညှပ်ကာ စားလိုက်ပြီးမှ သက်ပြင်းငွေ့ငွေ့ချရင်း . . .

''အင်း . . . ငါထင်တဲ့အတိုင်းတော့ ဖြစ်နေပြီ ဟံသာ''

ထိုစကားကြောင့် ဟံသာ့စိတ်ထဲ ထိတ်ခနဲဖြစ်သွားရပြီး အမြန်ပြန်မေးလိုက်၏။

''သာ . . . သာမြတ် . . . မင်းက ဘယ်လိုထင်ထားလို့လဲ''

သာမြတ်က မျက်နှာသေလေးလုပ်ကာ . . .

''သြော် . . . ကမ္ဘာပေါ်က အမျိုးသမီးတွေဟာ ခြောက်မိနစ်တစ်ကြိမ် အကြမ်းဖက်ခံနေရတယ်ဆိုတာလေ''

''ဘာ . . . ဘာဆိုင်လို့လဲ''

ဟံသာက ဆူဆောင့်ဆောင့်ပြန်မေးလိုက်၍ သာမြတ်က အထင်သေးသလိုပင် ကြည့်လာပြီး . . .

''ဟာ . . . ဆိုင်တာပေါ့ကွ၊ ဒါဟာလည်း အကြမ်းဖက်တာ တစ်မျိုးပဲလေ၊ ပြီးတော့ . . . ခြောက်မိနစ်တစ်ကြိမ်ဆိုတာ ကမ္ဘာကကို အသိအမှတ်ပြုထားတာကွ''



www.burmeseclassic.com



ကမ္ဘာနှင့်ပင် ချိသောကိစ္စဖြစ်လာလေပြီ။ ဟံသာက ပြောနေသော ခေါင်းစဉ်ပြောင်းသွားမှာစိုး၍ . . .

''အဲဒါကို ထားစမ်းပါကွာ၊ ဝတီ့ကိစ္စကိုပဲ ကူစဉ်းစားပေးကြစမ်းပါ''

''ဒါဆိုလည်း ခုနောက်ဆုံး ဝတီ့ရဲ့အခြေအနေကို ပြော''

နည်းနည်းမူးလာလို့လားမသိ၊ သာမြတ်အသံက အာထာရှည်အသံ ပေါက်လာသေးသည်။ ဟံသာက ဝတီ ခုလက်ရှိကြုံနေရသော နောက် ခြေအနေကို ပြန်ပြောပြလိုက်၏။

စကားအဆုံးမှာ ထက်လူကျော်က စားပွဲကို လက်နှင့် ဖြန်းခနဲရိုက် တာ . . .

''ဟာ . . . အဲဒါတော့ မင်းမှန်တယ် ဟံသာ၊ မင်းမှန်တယ်၊ မင်း တော်တဲ့ကောင်ပဲ''

''ဘာကွ . . . မင်းနော်''

''ခဏလေးပါ၊ မင်းမှန်တယ်ဆိုတာက ဝတီ့ကို ခု နှောင့်ယှက်နေ နောက်ဆုံးအကောင့်ကို ဘလော့မခိုင်းလိုက်တာကို ပြောတာကွ၊ ဒါမှ ဒီကောင် ဝတီ့ကို နှောင့်ယှက်နေသလို ငါတို့ကလည်း ဒီကောင့်အကောင့် ဝင်မွှေလို့ ရမယ်လေ၊ ဒီဘက်က ပြန်တိုက်မယ့်သဘောပေါ့ကွာ''

အလုပ်ဖြစ်မည်လား၊ မဖြစ်လားတော့ မသိချေ။ လောလောဆယ် အစီအစဉ်က ကောင်းနေသည်။

သာမြတ်က . . .

''ကဲ ပြော . . . အဲဒီကောင် ခု,သုံးနေတဲ့အကောင့်က ဘာလဲ ခြာ''



www.burmeseclassic.com

www.burmeseclassic.com

" 'ချောမောင်'တဲ့ ပရိုဖိုင် (Profile) ပုံက အမဲပေါ်မှာ အနီရောင်ပန်းသီးပုံနဲ့ကွာ"

"ရပြီ . . . ရပြီ"

ပြောရင်းပင် သာမြတ်က ခါးဝတ်ပုဆိုးကဲ့သို့ သွားလေရာ ယူသွားသော သုံ့တက်ပလက် (tablet) ကိုထုတ်ကာ Facebook ထဲ ဝင်လိုက်ပြီး . .

"ပြောနေရင် ကြာတယ်၊ ခုပဲ ရှာပြီး အတ်ဒ် add ထားလိုက်မယ်"

သာမြတ် ငါးမိနစ်လောက် အလုပ်ရှုပ်လိုက်တော့ ထို 'ချောမောင်' ဆိုသည့် အကောင့်ကိုရှာကာ အတ်ဒ် (add) နိုင်လိုက်သည့်အပြင် ထိုကာလအတွင်း ဘီယာငါးခွက်လောက်ပါ ထပ်ကုန်သွားသည်။ ရှိစေတော့။

ဗျစ်ရည်တွေ ဗိုက်ထဲဝင်သွားတော့မှ သာမြတ်က အော့ခနဲ လေချဉ်တက်လိုက်ပြီး . . .

"ကဲ ဟံသာ . . . ငါတို့ဘက်က တတ်နိုင်သလောက် လုပ်ပေးမယ်ကွာ၊ ဒီကြားထဲ မင်းဘက်ကလည်း ကြိုးစားဦး၊ ဆိုလိုချင်တာကတော့ မင်းကို ငါတို့က အိမ်သာဘယ်နေရာမှာရှိတယ်ဆိုတာ ပြထားနိုင်မယ်၊ အထဲဝင်ပြီး ညှစ်ဖို့ကတော့ မင်းတာဝန်ပဲလို့"

အတော်ကို နံဟောင်ပြီး ရွံ့စရာကောင်းသော ဥပမာဖြစ်သည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာ နားမလည်သောကြောင့် ဟံသာက . . .

"နေစမ်းပါဦးကွ . . . ငါက ဘာကို ကြိုးစားရမှာလဲ"

ထက်လူကျော်က . . .

"ဒီလိုလေ . . . မင်းနဲ့ဝတီနဲ့ကိစ္စမှာ နီးစပ်အောင် ငါတို့ ကူညီပြီးပြီ မင်းဘက်ကလည်း ဝတီ့အချစ်ကို ရအောင် တွန်းတွန်းတိုက်တိုက် ကြိုးစား





ပြောတာ"

ဟံသာ သက်ပြင်းသာ ချမိတော့၏။ ဝတီ့အနေဖြင့် လောလော စိတ်ရှုပ်နေ၍ ကိုယ့်ကိစ္စကို စဉ်းစားမှ စဉ်းစားပါ့မလား မပြောတတ် စိတ်ရှုပ်စရာကိစ္စ မပေါ်လာခင်တုန်းကလည်း ဟိုလိုလိုဒီလိုလိုလုပ်နေခဲ့ ဘယ်တော့များမှ တရားဝင်ချစ်သူတွေဖြစ်မည်မသိ။ ခုတော့ အနှောင့် တစ်ခုကပါ ထပ်ပေါ်လာပြီ။

ဝတီလက်ရှိကြုံရသောကိစ္စကို စဉ်းစားရင်းက ဘေးမှ နှစ်ကောင် ကြည့်ကာ အတွေးတစ်ခု ဝင်လာသည်။

"ငါ စဉ်းစားမိတယ်ကွ၊ ဝတီ့ကို နှောင့်ယှက်နေတဲ့ကိစ္စမှာ ဦးတည် မတူပေမယ့် ပုံစံကတော့ မင်းတို့ရဲ့ CCTV လိုပဲကွ"

ထိုစကားကြောင့် နှစ်ကောင်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ သည်။ သာမြတ်ကအရင် ခေါင်းခါခါ လက်ကာကာ လုပ်လျက် . . .

"ဟေ့ကောင် ဟံသာ . . . ငါတို့ဘက် မြားဦးလှည့်မလာနဲ့နော်၊ ငါတို့က အပျော်သဘောပဲ လုပ်တာ၊ လူတစ်ယောက် ထိခိုက်နစ်နာသွားတာ မလုပ်ခဲ့ဘူး"

"ဟုတ်ပါတယ်၊ ဒါနဲ့ မင်းတို့နှစ်ကောင်က သူများတွေကိုသာ ချနေတာ၊ မင်းတို့အချင်းချင်းကော တစ်ယောက်ကိုတစ်ယောက် မှ မကျုပ်ကြဘူးလား"

သာမြတ်နှင့်ထက်လူကျော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီး . . . သာမြတ်က အရင် ဟက်ခနဲရယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

"ဒါက ... ဒီလိုရှိတယ် ဟံသာရ၊ CCTV ဆိုတာက စောင့်ကြည့်ကင်မရာလေ၊ သူများတွေကို ကင်းထောက်စောင့်ကြည့်ရတာ၊ မင်းနားလည်အောင် ပြောရရင်တော့ကွာ၊ အဲ ... ငါ ဆောင်းပါးတစ်ပုဒ် ဖတ်ဖူးတာ ဥပမာ ပေးမယ်၊ ဒုတိယကမ္ဘာစစ်အတွင်းက ဗီယက်နမ်တပ်ဖွဲ့ဟာ ဒဏ်ရာရနေတဲ့ အမေရိကန်စစ်သားတစ်ယောက်ကို ဖမ်းမိတယ်၊ အဲဒီမှာပဲ ဗိုလ်ချုပ်က စစ်သားတစ်ယောက်ကို သတ်ဖို့ ပြောပြီး ရှေ့ဆက်ထွက်သွားတယ် ဗီယက်နမ်စစ်သားက အမေရိကန်စစ်သားရဲ့ရင်ဝကို လှံစွပ်နဲ့ထိုးဖို့ မြှောက်လိုက်တဲ့အချိန်မှာ ဘာသွားတွေ့တယ်မှတ်လဲ"

"ဘယ်သိမလဲကွာ၊ ရင်ဝမှာဆိုတော့ ရင်ဘတ်မွှေးပဲ တွေ့မှာပေါ့"

ဟံသာ ဘုတောလိုက်သဖြင့် သာမြတ်မျက်နှာတစ်ခုလုံး မဲ့ရွဲ့သွားရင်း ...

"ဗွီ ... ဘယ်ကလာ အမေရိကန်စစ်သားရဲ့ရင်ဘတ်မှာ ကင်းထောက်တံဆိပ်ထိုးထားတယ်ကွ၊ အဲဒါကိုတွေ့တော့ ဗီယက်နမ်စစ်သား မသတ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူလည်း ကင်းထောက်တပ်သားလေ၊ အကြောင်းကတော့ ကင်းထောက်အချင်းချင်း သတ်လို့မသေရဘူးဆိုတဲ့ စကားကြောင့်ပဲ၊ ဒီလောက်ဆိုရင် ငါနဲ့တက်လူ ဘာဖြစ်လို့ တစ်ယောက်အပေါ်တစ်ယောက် ချောက်မချ၊ မကျုပ်တာကို မင်း ရှင်းလောက်ရောပေါ့"

ရှင်းပါသည်။ ကြီးကြီးကျယ်ကျယ် ဒုတိယကမ္ဘာစစ်နှင့်ချီပြီး ပြောသော ဥပမာကြောင့် သောက်မြင်ကတ်လောက်အောင်ကို ရှင်းပါသည် ပြီးလျှင်လည်း ထိုနှစ်ကောင် မှာယူမျိုဆို့ထားသော အစားအသောက်များအတွက် ရှင်းရလေဦးမည်။ ဒီထက်ပို၍ရှင်းတာ မရှိတော့။





ထက်လူကျော်က ဟံသာပခုံးကို လာပုတ်ရင်း ...

"ကဲပါ ဟံသာရာ ... မင်း ဒီလောက်ကြီးလည်း စိတ်ဖိစီးမနေပါနဲ့ အချိန်တန်ရင် အားလုံးပြေလည်သွားပါလိမ့်မယ်၊ ပြီးတော့ ... ဝတီဘက်ကလည်း ဘာမှန်းမသိတာကို ကြောက်တာမျိုးဖြစ်နေတာပါ"

စကားအဆုံးမှာ ဟံသာက ခေါင်းခပ်ဖြည်းဖြည်းခါလိုက်သည်။

"အဲလိုတော့ မဟုတ်သေးဘူး ထက်လူ၊ ကြောက်စရာကို မြင်ရသိရလို့ ကြောက်တာက လက်ခံလို့ရတယ်၊ ငါ ဆရာကြီးဦးအောင်သင်းရဲ့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်ကွ၊ သူက ဘာရေးထားလဲဆိုရင် အကြီးဆုံး အကြောက်တရားဆိုတာ ဘာမှန်းမသိတာကို ကြောက်တာပဲတဲ့"

လေးလေးနက်နက် ပြောလိုက်သည့် ဟံသာ့စကားအဆုံးမှာတော့ နှစ်ကောင်စလုံး ငြိမ်သက်သွားကြလေသည်။

အပြင်ဘက်မှာတော့ ညသည် ဆောင်းရန့်များဖြင့် လင်းဝေနေလေ၏

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အဲဒီနေ့က ဟံသာ သင်တန်းအလာနောက်ကျသည်။ ကိုယ့်အကြောင်းနှင့်ကိုယ် နောက်ကျခြင်းဖြစ်၏။ ဝင်းထဲရောက်တော့ သင်တန်းအရင်မတက်သေးဘဲ ဝတီထိုင်တတ်သည့် ကင်တင်းဘက်သို့ အရင်ထွက်ခဲ့လိုက်၏။

ရောက်တော့ မျက်လုံးနည်းနည်းပြူးသွားသည်။ ကင်တင်းထဲမှာ ဝတီ့ကို တခြားဘဲတစ်ယောက်နှင့် တွေ့လိုက်ရ၍မဟုတ်။ ဝတီနှင့်အတူ ထိုင်နေကြသော သာမြတ်၊ ထက်လူကျော်၊ ဖိုးအိ၊ ဖင်လေးတို့ကို တစ်ထွေးကြီးတွေ့လိုက်ရ၍ဖြစ်သည်။ ဘာဖြစ်လို့များ ထိုသို့ ထူးထူးဆန်းဆန်း ရောက်နေကြသနည်း။

ပန်းတစ်ချက်တွန့်ရင်း အားလုံးကို ဝေ့ကြည့်ကာ ဝင်ထိုင်လိုက်





သာမြတ်က အရင် ...

"မင်း ... ထိုင်နေကျကောင်တင်းမှာ ငါတို့ကို မတွေ့ရင် ဒီကိုလာတာသိလို့ ဒီက လာစောင့်နေတာကွ၊ ပြောပါဦး ... မင်းက ဘာဖြစ်လို့ ကျနေရတာလဲ"

ဟံသာက သာမြတ်ကို တစ်ချက်ကြည့်ကာ နားထင်နှစ်ဖက်ကို နှင့်ညှစ်၍ မျက်နှာကို ရှုံ့မဲ့လိုက်ရင်း ...

"ခေါင်းကိုက်နေလို့ပါ သာမြတ်ရာ၊ ညက မင်းတို့နဲ့ ဆိုင်မှာ —"

စကားမဆုံးခင်မှာပဲ သာမြတ်မျက်နှာက မဲခနဲဖြစ်သွားသည်။ ချက်ချင်း တတ်ပေါက်လိုက်သော ဖိုးအိက သာမြတ်ကို စူးစူးရဲရဲလှည့်ကြည့်လိုက် ...

"သာမြတ် ... နင် မနေ့က သွားသောက်တာပေါ့ ဟုတ်လား"

အကြီးအကျယ် မျက်နှာပျက်သွားရင်း သာမြတ် ခေါင်းကို တစ်မှုန်း လိုက်ကာ ...

"ဟာ ... ဘယ်ကလာ ကိုယ်မသောက်ပါဘူး၊ ဟိုကောင် ဟံသာ နေတာပါ၊ ကိုယ်က အရက်ဆိုတဲ့အသံ ကြားတာနဲ့တင် ဖို့ချင်လာတာ အိရဲ"

"ဟုတ်တယ်ဟ ... နည်းနည်းသောက်လိုက်တော့မှ နေသာထိုင်သာ ရှိသွားတာမလား"

ဟံသာ ရယ်ကျဲကျဲဝင်ပြောလိုက်သဖြင့် သာမြတ်က အံကြိတ်၍ ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဟံသာ . . . မင်း လျှောက်မကျပ်နဲ့နော်၊ အဲဒီကိစ္စ ငါနဲ့ပိုးအိ ကွိုင်အကြီးအကျယ်တက်မှာကွ"

ဘာမှပြန်မပြောရသေးခင်မှာပဲ ပိုးအိက ဟံသာကို ဆတ်ခနဲကြ လိုက်ရင်း . . .

"ဟံသာ . . . အတည်ပြော၊ ညက နင်တို့ ဘီယာဆိုင် ထိုင်ကြ လား"

ထိုင်တယ်လေ။ သာမြတ်တို့ရပ်ကွက်ထဲက 'သူဌေးမ' ဆိုင်မှာ ပြောလိုက်လျှင်ဖြင့် ပွဲကလုပြီ။ သို့သော် . . . အကြောင်းသိသူတွေမို့ စကား လျှောချပေးလိုက်ပါ၏။

"မသောက်ပါဘူး ပိုးအိရယ်၊ ငါက တမင်နောက်တာပါ"

ထိုအခါမှ ပိုးအိလည်း သက်ပြင်းကို သတိကြီးစွာချလျက် . . .

"ပြီးရော . . . ဟံသာ၊ နင်ပြောလို့ ငါ ယုံလိုက်တာနော်၊ မဟုတ် လို့ကတော့ နင့်သူငယ်ချင်းလည်း ကိုယ့်ဘဝကိုယ့်အကြောင်းပဲ"

ထိုစကားကြောင့် သာမြတ်က မျက်နှာငယ်လေးလုပ်ကာ . . .

"ပိုးအိရယ် . . . ကိုယ် ပိုးအိနဲ့ ချစ်သူတွေဖြစ်ကတည်းက ကိုယ့် ဘဝထဲမှာ အဲဒီ အရက်၊ ဘီယာဆိုတာက မရှိတော့တာပါ၊ စိတ်ကို အေး ပါနော်၊ ကိုယ် လုံးဝမသောက်ပါဘူး"

မိုးလုံးပြည့် မုသာဝါဒစကားတွေဖြစ်သည်။ စကားရှည်နေမှာစိုး ဖြင့် ဟံသာက ထပ်မပြောတော့သော်လည်း ထက်လူကျော်ကဝင်၍ ပနာ လိုက်သည်။

"ငါတို့ကတော့ တစ်ခါတလေ သောက်တယ်ကွ၊ ယောက်ျားလေး





. . . နော် . . . ဖင်လေး"

"ဖင်လေး . . . လုပ်မနေနဲ့၊ ရှင်လည်း ကြပ်ကြပ်သတိထား ဆောက်ပြီးရင် ကာရာအိုကေ ရောက်ရောက်မသွားနဲ့၊ သတင်းကြားလို့က တော့ အသေပဲ"

ထက်လူကျော် ဖက်ပုသွားသည်။ ဒင်းကို ကြည့်ကာ တစ်ဝိုင်းလုံး ရယ်ကြတော့၏။

အရယ်ရပ်တော့မှ သာမြတ်က အခွေပြန်ရစ်လိုက်သည်။

"ကဲပါ . . . တော်ကြပါတော့၊ ဒါနဲ့ ဟံသာ . . . မင်းက ဘာဖြစ် လို့ နောက်ကျနေတာလဲ"

ဟံသာက ပခုံးအသာတွန့်လျက် . . .

"ဘာဖြစ်ရမှာလဲ၊ အိမ်မှာ မနက်က ရေဒုက္ခရောက်လို့ပေါ့၊ ရေ မော်တာ ပျက်သွားလို့လေ၊ ရေချိုး အိမ်သာတက်တာတောင် ကိုယ့်ဟာကိုယ် ရေခွဲပြီး ကိစ္စရှင်းခဲ့ရတယ်"

"ဝမ်းသာလိုက်တာကွာ . . . ဟီး ဟီး"

ထက်လူကျော်က ဝင်၍ ထောပနာပြုသည်။ ဟံသာက တစ်ချက် စွေကြည့်လိုက်ပြီး . . .

"ငါ အိမ်သာတက်ရင်း တစ်ခုစဉ်းစားမိတယ်ကွ"

"ဟော့ကောင် . . . ဒီမှာ အစားအသောက်စားနေတယ်နော်၊ မယုတ် ထတ်နဲ့"

ထက်လူကျော်က ကမန်းကတန်း ဝင်ပြောသည်။ ဟံသာက လက် ကာပြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ၊ ငါစဉ်းစားမိတာက တခြားအကြောင်းပါ ဒီလိုကွ . . . ငါတို့မြန်မာနိုင်ငံမှာ ပထမဆုံး ရေသုံးပြီး အိမ်သာတက်ခဲ့ ဘုရင်အကြောင်းပါ၊ ဘယ်သူလဲဆိုတာ မင်းတို့ သိကြလား"

ပိုးအိက မျက်နှာရှုံ့လျက် . . .

"ပေါက်ပေါက်ရှာရှာဟယ် . . . ဘယ်လိုလုပ်ပြီး သိမှာလဲ"

"အေးလေ"

ဟံသာက . . .

"ထင်သားပဲ၊ မင်းတို့တွေ မသိလောက်ကြဘူးလို့၊ ဗဟုသုတရ အောင် မှတ်ထားကြကွ၊ မြန်မာနိုင်ငံမှာ ပထမဆုံး ရေသုံးပြီး အိမ်သာတက် ခဲ့တဲ့ ဘုရင်ရဲ့နာမည်က ဘိုးတော်ဦးဝိုင်းတဲ့"

"သြော်"

အားလုံး ခေါင်းကိုယ်စီ ညိတ်ကြသည်။ အမှန်ကိုပြောခြင်းဖြစ်၍ ခေါင်းခါလို့လည်း မရချေ။ အားလုံး နားကားသွားပေလိမ့်မည်။

စကားဆုံးမှ ဟံသာက ငြိမ်ဆိတ်နေသော ဝတီကိုကြည့်လိုက်ကာ

"ဝတီ . . . ဟိုကိစ္စက ဘာထူးသေးလဲ"

ထိုအခါမှ သတိဝင်လာသလို ဝတီ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ပြီးမှ . . . အားလုံးကို ဝေ့ကြည့်လိုက်ရင်း လေသံဖျော့ဖျော့နှင့် . . .

"ထူးတယ်ဆိုတာထက် ပိုဆိုးလာတယ်"

"ဟင်"

"ဟုတ်တယ်၊ ဟံသာက အဲဒီအကောင့် (account) ကို မဘလော့နဲ့ ဆိုလို့ ဒီအတိုင်းပဲထားတာ၊ ခု . . . ငါ့ ဝေါ (wall) ထဲမှာရော၊ တိုင်းလိုင်း





(timeline) ထဲမှာပါ ပုံတစ်ပုံ ထပ်တက်လာတယ်၊ လွန်ခဲ့တဲ့ တစ်နာရီလောက် ကမှ . . ."

ပြောရင်း ဝတီက သူ့ဖုန်းကိုဖွင့်ကာ အားလုံးမြင်သာအောင် ပြ လိုက်သည်။

"ဟာ"

ဟုတ်ပါသည်။ ခုတက်လာသည့်ပုံက ခါတိုင်းလို ဝတီ၏ပုံ မဟုတ် ချေ။ ဝတီတို့အိမ်ကို ညဘက်၌ အပြင်ဘက်က ရိုက်ထားသောပုံများ ဖြစ် သည်။ ထိုပုံနှင့်အတူ ရေးထားသော စာတွေကလည်း . . .

**ဒါဟာ ကျွန်တော့်ချစ်သူ ဝတီ့ရဲ့အိမ်ပေါ့။ ဝတီ . . . ကိုယ် ဟာ နေ့ဘက်မှာတင် မင်းအနီးနားမှာ ရှိနေတာ မဟုတ်ပါ ဘူး။ ညဘက်တွေမှာလည်း မင်းရဲ့အရိပ်လိုရှိနေတဲ့ကောင် ပါ၊ မင်း . . . ငါ့ကို ပြန်ချစ်ဖို့ အဆင်သင့်ဖြစ်နေပြီလား ဝတီ။**

"တောက်!"

စာဖတ်အပြီး ဟံသာက တက်ခေါက်လိုက်သည်။ ပတ်ဝန်းကျင် ကိုလည်း ဝေ့ကာကြည့်လိုက်၏။ ခါတိုင်းနေ့တွေလိုပင် ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရ။ သို့သော် 'ချောမောင်' ဆိုသည့် အကောင့် (account) ပိုင်ရှင်က ဝတီ့ပတ်ဝန်းကျင်မှာ နေ့ရောညပါ ရှိနေသည်တဲ့လေ။ ဘယ်လောက်စိတ် ရှုပ်တွေးဖို့ ကောင်းလိုက်သနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဝတီကပဲ ...

"ပုံကြည့်ရတာ အဲဒီလူက ငါနဲ့ပတ်သက်ပြီး တော်တော်သိထားပုံရတယ်"

"ဟုတ်တယ် ဝတီ၊ ကြာရင် နင့်အတွက် စိုးရိမ်ရတယ်၊ သွားတာလာတာ ဂရုစိုက်နော်"

ဇင်လေးက စိုးရိမ်သလို ဝင်ပြောသည်။ ထက်လူကျော်က ...

"ဇင်လေးရယ် ... ဟိုမှာ ဝတီ ပိုကြောက်နေပါဦးမယ်၊ လုပ်ချင်တိုင်း လုပ်လို့မရပါဘူးဟ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ဘယ်သူလုပ်နေလဲဆိုတာ ကိုယ်တက်ကမှ မသိရတာလေ၊ ဒီတော့ တစ်ပန်းရှုံးနေတာပေါ့"

ပိုးအိက တွေးတွေးဆဆ ဝင်ပြောလာသည်။ သာမြတ်က သက်ပြင်းသဲ့သဲ့ချရင်း ...

"ပိုးအိပြောတာလည်း မမှားဘူး၊ ဒါပေမဲ့ ... အဲဒီအကောင့် (account) ကို ငါတို့လည်း အတ်ဒ် (add) ထားပါတယ်၊ တဖြည်းဖြည်း စုံစမ်းလို့ရမှာပါ၊ ခုတော့ စိတ်အေးအေးထားကြဦး"

"ဝတီ ... ညနေ သင်တန်းကပြန်ရင် ငါ လိုက်ပို့မယ်နော်၊ ပြီးတော့ ... သင်တန်းပိတ်ရက်တွေမှာ အပြင်သွားစရာရှိရင် ငါ့ဆီ ဖုန်းဆက်လိုက်ကြားလား"

"အေးပါ ... နင်ကလဲ"

မျက်စောင်းထိုးကာ ပြောလိုက်သော ဝတီ့စကားကြောင့် အားလုံးပြုံးစိစိဖြစ်သွားကြသည်။ ဟံသာက ပွဲလန့်တုန်း ဖျာဝင်ခင်းလိုက်၍ဖြစ်၏။





ထိုစဉ် ...

"ဟဲ့ ဟဲ့ ... ဒီမှာကြည့်ကြဦး၊ ဆရာထက်မြက်ရဲ့ပုံကြီး တက်လာပြီ CCTV က တင်လိုက်တာ ဟီးဟီး"

အားလုံးပဲ Facebook ဖွင့်သုံးနေသော ဇင်လေး၏ဖုန်းကို လှမ်းကြည့်လိုက်ကြသည်။ ဟုတ်ပါသည်။ သင်တန်းသူ သင်တန်းသားများကို ထပ် တက်ကြွကြွ နိုးနိုးကြားကြားနှင့် တွေးခေါ်နေကြရန် အမြဲတစေ ဆော်ဩ့တွန်း ပြောလေ့ရှိသော ဆရာထက်မြက်၏ပုံဖြစ်သည်။

ပုံက နားနေခန်းတွင် ဆရာထက်မြက်တစ်ယောက် ကုလားသေးတွင်မှီကာ မော အိပ်နေသောပုံ ဖြစ်သည်။ သွားရည်များပင် ကျနေသေး၏။ စာတန်းမှာကတော့ ဆရာထက်မြက် လေးနက်စွာ စဉ်းစားဆင်ခြင်နေခြင်း ... ပြီးပြီ။

ဟံသာက သာမြတ်တို့ကို ဆတ်ခနဲ ကြည့်လိုက်တော့ နှစ်ယောက်စလုံး မျက်ခုံးပင့်ပြကြသည်။

ပိုးအိက ...

"အဲဒီ CCTV အကောင့် (account) က တက်လာတဲ့ပုံတွေက ကြည့်ရတယ်နော်၊ ဘယ်သူတွေများ တင်နေလည်း မသိဘူး"

"မသိလည်း အနေအထိုင် ဆင်ခြင်နော်၊ အဲဒီ CCTV က သင်တန်းတစ်ခုလုံးကို စောင့်ကြည့်ဓာတ်ပုံရိုက်ပြီး တင်နေတာ၊ တော်ကြာ နင်လည်း ပါသွားဦးမယ်"

ဇင်လေးအပြောကြောင့် ပိုးအိက ပတ်ဝန်းကျင်ကို မလုံမလဲကြည့်ကာ ခန္ဓာကိုယ်လေးအား ကျုံ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပဲ ဝတီက ...

"CCTV အကောင့်မှာ တင်တဲ့ပုံတွေက ငါ့လောက် မဆိုးသေး ဘူးဟာ၊ ငါ့မှာသာ ရည်ရွယ်ချက်ရှိရှိနဲ့ ဦးတည်ပြီး တိုက်ခိုက်ခံရတာ ဘာတွေမှန်းလည်း မသိတော့ပါဘူးဟာ"

ဝတီ့ကိုကြည့်ကာ အားလုံးသက်ပြင်းကြိတ်ချလိုက်ကြသည်။ ထိုစဉ်မှာပဲ ဟံသာက မထင်မှတ်ထားသော အပြုအမူတစ်ခုကို လုပ်လိုက် ၏။ ဘေးမှာရှိနေသော ဝတီ၏လက်ကလေးကို ဆတ်ခနဲကိုင်ကာ လေးလေး နက်နက် ပြောလိုက်ခြင်းဖြစ်သည်။

"ဝတီ ... ငါ ထပ်ပြီး ကတိပေးတယ်၊ ငါ အသက်ရှင်နေသရွေ့ နင့်အနားကို ဘယ်ကောင်မှ ရောက်မလာစေရဘူး စိတ်ချ"

ဝတီ၏ဖျော့တော့မျက်ဝန်းလေးများက အရောင်လက်က ဟံသာကို ပြန်ကြည့်လာသည်။ ပြီး ... သူမ, ဆုပ်ကိုင်ခံထားရသော ဟံသာ လက်ကလည်း နွေးနေသည်လေ။

ထိုသို့ဖြင့် ...။

■

## အခန်း (၅)

ဘယ်သူမှမပေးထားသော တာဝန်တစ်ရပ်ကို ထမ်းဆောင်ရန် သာမြတ်နှင့်ထက်လူကျော်တို့ သင်တန်းဝင်းထဲ ရောက်နေကြသည်။ ခပ်စော စောဖြစ်သဖြင့် သင်တန်းသူ၊ သင်တန်းသားများလည်း ကျဲပါးနေသေး၏။

ဆောင်းက သူ့ဝတ်ရုံကို ပြန်လည်သိမ်းထုပ်နေပြီဖြစ်သော်လည်း မြူတို့က ပါးပါးကျဲဆင်းနေသေးသည်။ မနက်ခင်းသည် အအေးဓာတ်ပျပျ ဖြင့် တည်ကြည်ဆွတ်ပျံ့နေပါသည်။

နှစ်ယောက်သား လျှောက်လာကြရင်း ထက်လူကျော်က ...

"သာမြတ် ... ငါတို့ ဒီနေ့တော့ ပုံကောင်းရမှဖြစ်မယ်နော်၊ CCTV အတင်ဖို့ ကုန်ကြမ်းက ပြတ်နေပြီကွ"

သာမြတ်က ခေါင်းတဖျင်းဖျင်းကုတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... ငါသိပါတယ်၊ ငါလည်း CCTV ဆိုတဲ့အတိုင်း မျက်လုံး ဒေါက်ထောက်ပြီး စောင့်ကြည့်ရှာဖွေနေတာပဲ၊ စိတ်ကြိုက်ပုံမှ မရသေးတာ"

နိုင်ငံကျော်ဓာတ်ပုံဆရာများပင် သူတို့လောက် အလုပ်ရှုပ်မည် မထင်ချေ။ ခုတော့ သူတို့နှစ်ယောက်မှာ သူများတွေကို ချောက်ချဖို့အတွက် အားကြိုးမာန်တက် ကြိုးစားနေရသည်။

နှစ်ယောက်သား သင်တန်းဝင်းထဲ လျှောက်လာကြရင်း တစ်နေရာ အရောက် နှစ်ယောက်စလုံး၏အကြည့်က လမ်းပေါ်ရှိ တစ်စုံတစ်ခုဆီသို့ ရောက်သွားသည်။

ထိုအရာကို မြင်တွေ့လိုက်ရသည်နှင့် မျက်စိလေးလုံးစလုံး လင်း ခနဲဖြစ်သွားကြပြီး ပါးစပ်နှစ်ပေါက်မှာလည်း အားရရွှင်မြူးစွာ ...

"ဟာ ... ခွေးချေးပုံကြီး"

"အေးကွ ... ရှယ်ပဲ၊ လတ်လတ်ဆတ်ဆတ်ပဲ ရှိဦးမယ်"

မွေးဖွားသန့်စင်ထားသည်မှာ မကြာသေးသဖြင့် အငွေ့တထောင်း ထောင်းထ,နေသေးသော ခွေးချေးပုံကိုကြည့်ကာ နှစ်ကောင်သား လက်ဝါး ချင်းပင် ရိုက်လိုက်ကြသေးသည်။ ပြောရတာလည်း မကောင်းချေ။ လတ် လတ်ဆတ်ဆတ် ခွေးချေးပုံကို မြင်လိုက်ရ၍ ပျော်သွားသူမှာ ကမ္ဘာပေါ်တွင် သူတို့နှစ်ယောက်ပဲ ရှိမည်ထင်၏။

ခုလည်း သာမြတ်က ...

"ထက်လူ ... စောသေးတယ်ဆိုတော့ အချိန်နည်းနည်းစောင့်ရ လိမ့်မယ်ကွ၊ ဘယ်သူ ကံထူးမလဲတော့မသိဘူး"





"အေး ... ဒီလိုလုပ်မယ်လေ၊ မင်းနဲ့ငါ လမ်းရဲ့တစ်ဖက်တစ်ချက် မှာ ပုန်းပြီးစောင့်နေမယ်၊ ဟော့ကောင် ပုံကောင်းရအောင်တော့ အမိအရ ရိုက်နော်"

"အေးပါကွ"

မနက်စောစော ...၊ လူနှစ်ယောက် ...၊ ခွေးချေးပုံတစ်ပုံနှင့် အလုပ်ရှုပ်သွားကြသည်။

သို့နှင့် နှစ်ယောက်သား လမ်း၏တစ်ဖက်တစ်ချက်မှာ နေရာယူ [illegible]ကြရင်း ဖုန်းကင်မရာတွေ အဆင်သင့် ဖွင့်ထားလိုက်ကြ၏။

ဓာတ်ပုံကောင်းတစ်ပုံရရန် အချိန်စောင့်ရသည်ဆိုသော စကားသည် အလွန်မှန်လေသည်။ ခုလည်း နှစ်ယောက်သား ခွေးချေးပုံကို မျက်တောင် [illegible]တ် ကြည့်ရင်း စိတ်လှုပ်ရှားရင်ခုန်စွာ စောင့်နေကြ၏။ မနက်ခင်း အလင်း [illegible]သည်း တဖြည်းဖြည်း စူးရှပူပြင်းလာလေပြီ။

စောင့်ရကျိုးနပ်သည်ဟုဆိုရတော့မည်လား မသိချေ။ ခွေးချေးပုံ [illegible] ကိုက်နှစ်ရာလောက်အကွာတွင်ရှိသော ကားပါကင်သို့ ကားအကောင်း [illegible]တစ်စီး ထိုးရပ်လာ၏။ ကားပေါ်မှ ဆင်းလာသူကလည်း ခေတ်မီလန် [illegible]တန်ထွက်နေသော ကောင်မလေးတစ်ယောက်၊ ခေါင်းမှခြေထောက်အထိ [illegible]ကြီးပစ္စည်းများဖြင့် မွန်းမံထားသည်။ မျက်နှာထားလည်း တစ်လောက [illegible]ကို ဂရုမစိုက်ဘဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသည့် အနေအထား ဖြစ်သည်။

ထိုကောင်မလေးက ကားပေါ်မှဆင်းပြီး ပတ်ဝန်းကျင်ကို တစ်ချက် [illegible]ကြည့်လိုက်သေးသည်။ သူ့ကို ဘယ်သူတွေများ စိတ်ဝင်တစား ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြလဲဆိုသည့်အထာမျိုး။ ပြီး . . . သူမ၏တန်ဖိုးကြီး မော်ဒယ်မြင့်စမတ်ဖုန်းကို ထုတ်ကာ ဟန်ပါပါ ဖုန်းပြောရင်း ကြွကြွယယလေး လှမ်းလျှောက်လာလေပြီ။ ရှင်းအောင်ထပ်ပြောရလျှင် ဦးတည်နေသည်က ခွေးချေးပုံဆီ။

ကောင်မလေးကိုကြည့်ကာ ထက်လူကျော်နှင့် သာမြတ်တို့ ပရမ်းပတာ ရင်ခုန်သွားကြ၏။ ကောင်မလေး၏အလှမှာ နစ်မျောသွား၍မဟုတ်။ ဒင်းကလေး ခွေးချေးပုံကို နင်းမနင်းမိပါ့မလားဆိုသည့် ပူပန်သောရင်ခုန်မှုမျိုးနှင့် ဖြစ်သည်။ ခြေတစ်လှမ်းက ကုဋေတစ်သန်းမက တန်နေပြီပဲ။

"ကိုကို . . . ရီနိုင် သင်တန်းထဲရောက်နေပြီနော်၊ ခု . . . ကင်တင်းကို လျှောက်လာနေပြီ၊ အဟင်း . . . သိပ်ဟုတ်တာပေါ့၊ ကိုကိုလက်ဆောင်ပေးထားတဲ့ ရေမွှေးဆွတ်လာတာလေ၊ ဘာလဲ . . . အဲဒီကတောင် အနံ့ရလို့လား၊ အဟင်း . . . ပိုပြီ၊ မွှေးပါတယ် ကိုကိုရဲ့၊ အဲဒီအနံ့လေးက စိတ်ကြည်လင်လန်းဆန်းတယ်နော်၊ ကိုကိုလည်း ရီနိုင်ရောက်မှ မွှေးကြည့်ပေါ့ . . . လို့ . . . ဟင်း ဟင်း"

ထိုသို့ချွဲပျစ်စေးတန်းစွာပြောရင်း သူမ၏တစ်နေ့တာကို အဆုံးအဖြတ်ပေးမည့် ခြေတစ်လှမ်းကို ဆက်အလှမ်း . . .။ အိပျော့စေးကပ်သော အရာတစ်ခုကို တက်နင်းမိလိုက်သော ခံစားမှုကြောင့် ခြေလှမ်းက တုံ့ခနဲရပ်သွားသည်။ တစ်ကိုယ်လုံး တောင့်တင်းသွားကာ မသင်္ကာစိတ်နှင့် ခြေထောက်ဆီသို့ ငုံ့အကြည့်။ သွားပြီ၊ လတ်ဆတ်ပူနွေးသော ခွေးချေးပုံတစ်ပုံအား သူမ ပိုင်ပိုင်နိုင်နိုင် တက်နင်းမိလိုက်ချေပြီတကား။

မျက်နှာအကြီးအကျယ်ပျက်ကာ ထိုခြေထောက်ကို ခွေးချေးပုံထဲမှ ဆတ်ခနဲအမ . . .။ ကပ်ပါလာသော ခွေးချေးတွေက နောက်ခြေထောက်





ဖက်သို့ သွားစင်သည်။ ထိုခြေထောက်ကို ထပ်ခါလိုက်တော့ ခွေးချေးတ်များက ဂါဝန်ပေါ်ပင် တက်ပေကုန်၏။ ပိုဆိုးလေပြီ။

ပတ်ဝန်းကျင်ကို ရှက်စိတ်၊ ကြောက်စိတ်တွေနှင့် ဝေ့ကြည့်ဝေ့ကြည့်လုပ်ကာ အိတ်ထဲမှ တစ်ရှူးထုတ်၍ ခွေးချေးတွေကို သုတ်လိုက်၊ အနံ့ခံကြည့်လိုက်နှင့် တစ်ယောက်တည်း အလုပ်တွေ ရှုပ်သွား၏။

နောက်ဆုံး . . . ခွေးချေး ဦးစွာတက်နင်းမိသော ဖိနပ်ကို သုတ်၍ ခေါင်းနားကပ်ကာ အနံ့ခံကြည့်သော်လည်း ဘယ်လိုမှ စိတ်ချယုံကြည်မှု ရှိတော့သဖြင့် ကားဆီသို့သာ ခပ်သွက်သွက်ပြန်လျှောက်သွားလေတော့သည်။ ထိုမွှေးရနံ့များဖြင့် သူမ၏ကိုကိုဆီသို့လည်း သွားရဲမည်မထင်တော့။

ကောင်မလေး ကားပြန်၍မောင်းထွက်သွားချိန်မှာတော့ သာမြတ်နှင့်ထက်လူကျော်တို့လည်း ဖုန်းကိုယ်စီကိုင်ကာ ပုန်းကွယ်ခဲ့သောနေရာမှ ကိုယ်စီထွက်လာကြရင်း လက်ဝါးချင်းရိုက်လိုက်ကြသည်။ သူတို့အတွက် အထူးကောင်းမွန်သော ကုန်ကြမ်းတွေက ရပြီလေ။

ပြီး . . . အနေအထားဖွဲ့စည်းပုံ ပျက်သွားပြီဖြစ်သော ခွေးချေးပုံကို ကြည့်ကာ ပြိုင်တူ စကားဆိုလိုက်ကြပါ၏။

"ကျေးဇူးတင်ပါတယ် . . . ခွေးချေးရယ်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မိနစ်အနည်းငယ်အတွင်းမှာပဲ 'ကောင်မလေးတစ်ယောက်၏ရွေး ချေးမနက်ခင်း' ခေါင်းစဉ်ဖြင့် ထိုပုံများက Facebook ပေါ်တွင် တက်သွား လေပြီ။ လိုက်ခ် (Like) မည်မျှရမည်တော့မသိ။ နှစ်ကောင်သား အပြိုင် အဆိုင် ရိုက်လိုက်ကြသောပုံတွေကတော့ ရှယ်တွေချည်းဖြစ်သည်။

ခုလည်း ကိုယ့်လုပ်ရပ် ကိုယ်ဂုဏ်ယူကာ ကင်တင်းတစ်ခုသို့ဝင်၍ မနက်စာစားရင်း အောင်ပွဲခံနေကြသည်။

ထိုစဉ်မှာပဲ ခပ်လှမ်းလှမ်းစားပွဲဆီမှ အသံစူးရှရှတစ်ခုက တိုးဝင် လာလေသည်။

"ဒီမှာ စူပါ ... နှင် ငါ့အနားမှာ တောက်တဲ့လိုကပ်ပြီး လူနာအခဲ ခြောက်တောင်းသလို လာလုပ်မနေနဲ့၊ နှင့်ကို ငါ စိတ်မဝင်စားဘူး၊ နှင်





သွားတော့"

သာမြတ်နှင့်ထက်လူကျော်တို့လည်း စူးစမ်းစိတ်ဖြင့် လှမ်းကြည့်မိ လိုက်ကြ၏။

"ဟင်"

သင်တန်းအားလုံးတွေထဲတွင် 'အသဲခွဲဘုရင်မ' ဆိုပြီး နာမည်ကြီး နေသည့် သင်တန်းသူတစ်ယောက်ဖြစ်သည်။ နာမည်က မြတ်ယမုံ ဖြစ်၏။ နှမ်းချောသလို၊ ပိုက်ဆံလည်း ချမ်းသာပြီး ကားထည့်လဲစီးကာ ရည်းစား ထည့်လဲတွဲနိုင်သူလည်း ဖြစ်သည်။ သူမ၏အောင်မြင်မှုကတော့ ပတ်သက် ခဲ့သော ရည်းစားများကို သူမကသာ အပေါ်စီးက အနိုင်ယူပြီး အဆက်ဖြတ် ခဲ့ခြင်းသာ ရှိ၏။ ယောက်ျားလေးများနှင့် ပတ်သက်ပြီး သူမဘက်က ဘယ် တော့မှ မရှုံးခဲ့။ ထိုသို့သော ဂုဏ်ပုဒ်များကြောင့် တော်ရုံ ယောက်ျားလေး များက အနားသို့ မကပ်ရဲကြချေ။ မာနကြီးပြီး မောက်မာသည်ကလည်း သူမအပြင်မရှိ။ ထိုသို့နာမည်ကြီးသည်။

ခုလည်း စူပါဆိုသောလူက မျက်နှာငယ်လေးဖြင့် မြတ်ယမုံကို ကြည့်ကာ ...

"တို့ကို စူပါလို့ မခေါ်ပါနဲ့ ယမုံရယ်၊ တို့နာမည်က မျိုးမင်းမြတ် နော်ပါ"

နှင်ထုတ်နေပါသည်ဆိုကာမှ ဒင်းက မိတ်ဆက်နေသေးသည်။ မြတ်ယမုံအနေနှင့်တော့ မျိုးမင်းမြတ်ဆိုလည်း စိတ်ဝင်စားမည်မဟုတ်။ ဆိုကဲ့သို့ အူတူတူဂေါက်တောက်တောက်ပုံစံမျိုးကို အရုံလူစာရင်းထဲပင် ထည့်ချေ။



www.burmeseclassic.com

www.burmeseclassic.com

မျိုးမင်းမြတ်ကတော့ အလျှော့မပေးသေး။

"ယမုံရယ် . . . မင်းလေးအချစ်ကို မရရင် တို့ သေသွားလိမ့်မယ် . . . သိလား"

"ဟဲ့ . . . နင် ငါ့အချစ်မရလည်း သေနိုင်တာပဲ၊ ဒီကအပြန် ကား တိုက်ခံရတာပဲဖြစ်ဖြစ်၊ လူရိုက်ခံရတာပဲဖြစ်ဖြစ်နဲ့ပေါ့၊ ဒါမှမဟုတ် အသက် ကြီးရင်လည်း သေမှာပဲလေ၊ ပြန်ပါတော့ ရှုပါရယ်၊ ငါ စိတ်ရှုပ်လာပြီ"

"မပြန်ဘူးကွာ . . . မပြန်ဘူး၊ ယမုံရဲ့အချစ်ကိုရမှ တို့ပြန်မယ်၊ ပြန်ချစ်ပါနော် . . . ယမုံ"

ကလေးတစ်ယောက်လို တတွတ်တွတ်ပြောရင်း မျိုးမင်းမြတ်က စားပွဲပေါ်တင်ထားသော မြတ်ယမုံ၏လက်ကလေးကို ဖတ်ခနဲ ဆုပ်ကိုင်လိုက်သည်၊ ဒါသည်ကိုက ရှုပါ (ခေါ်) မျိုးမင်းမြတ်၏ ဂန္တဝင်တွင်မည့် မဟာအမှား

စက္ကန့်နှင့်မခြားဆိုသလို မြတ်ယမုံ၏လက်တစ်ဖက်က ဆတ်ခနဲ မြောက်တက်သွားကာ ရှုပါ (ခေါ်) မျိုးမင်းမြတ်၏ခေါင်းကလည်း လည်ထွက် သွားသည်။ ကြယ်တွေ၊ လတွေအပြင် ဂြိုဟ်ကြီးကိုးလုံးကိုပါ မြင်သွားရ လောက်၏။

မြတ်ယမုံက ရှုပါ (ခေါ်) မျိုးမင်းမြတ်ကို ခက်ထန်သော မီးမျက် ဝန်းများဖြင့် ရူးရူးရဲရဲကြည့်ကာ လက်ညှိုးငေါက်ငေါက်ထိုးရင်း . . .

"အဲဒါ နင့်အတွက် အဖြေပဲ ရှုပါ၊ နင့်ကို ငါ ထပ်ပြောချင်တာက ကိုယ်နဲ့ တူသလား၊ တန်သလားလို့ နင်စဉ်းစားခဲ့ရဲ့လား၊ နင့်လိုကောင်မျိုး ကို ငါ့ခြေထောက်အောက်က သဲမှုန်လောက်တောင် စိတ်မဝင်စားဘူး၊ ငါ့ကို ချဉ်းကပ်မယ်ဆိုရင် ငါ့ရာဇဝင်ကို လေ့လာကြည့်လိုက်ဦး၊ ဒါပဲ"





ပြောပြီး မြတ်ယမုံ ဆတ်ခနဲ လှည့်ထွက်သွားချိန်မှာတော့ ရှုပါ (ခေါ်) မျိုးမင်းမြတ်တစ်ယောက် ခေါင်းငိုက်စိုက်ကျသွားလေသည်။

ထိုမြင်ကွင်းကိုကြည့်ကာ သာမြတ်က စုတ်သပ်လိုက်ပြီး . . .

"ဒီဘဲကွာ စနက်တံကိုမှ မီးသွားရှို့တာကိုး၊ မြတ်ယမုံက သူနဲ့ တွဲခဲ့တဲ့ . . . အဲ . . . ခုလက်ရှိ တွဲနေတဲ့ ဘဲတွေကိုတောင် အထင်ကြီးတာ မဟုတ်ဘူး၊ ဒီဘဲက ကျူးကျူးကျော်ကျော် လက်သွားကိုင်လိုက်တော့ သွား ရောပေါ့"

ဟုတ်ပါသည်။ မြတ်ယမုံသည် သူလက်ခံပြီး တွဲနေသည့်သူများ ထဲတွင်တောင်မှ တချို့ကို လက်ကိုင်၊ ပခုံးဖက်ဖို့ အခွင့်အရေးမပေးဟု သိထားသောကြောင့်ဖြစ်၏။

ထက်လူကျော်ကတော့ သာမြတ်စကားအဆုံးမှာ ဖုန်းဖွင့်ပြလိုက် ရင်း . . .

"အဟဲ . . . ဘာပဲဖြစ်ဖြစ် ဒီပွဲလေးရဲ့မှတ်တမ်းတော့ ငါ ရလိုက်တယ်ကွ"

"ဟင်"

သာမြတ် အံ့သြသွား၏။ ဟုတ်ပါသည်။ ထက်လူကျော်က မြတ် ယမုံနှင့်မျိုးမင်းမြတ်၏ပြဿနာမြင်ကွင်းကို ဗီဒီယိုရိုက်ထားလိုက်ခြင်း ဖြစ် ၏။

ထိုမှတ်တမ်းကိုကြည့်ပြီးမှ သာမြတ်က သတိပေးလိုက်ပါသည်။

"ဟေ့ကောင် . . . ဒီမှတ်တမ်းကိုတော့ Facebook မှာ မတင်ဘူးနော်၊ ဒါက သူတို့နှစ်ယောက်စလုံးရဲ့ပုဂ္ဂိုလ်ရေးကွ"

"အေးပါ . . . ငါ နားလည်ပါတယ်၊ အကျင့်ပါနေလို့ ရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာပါ''

ခေါင်းညိတ်ရင်း ထက်လူကျော်က ပြန်ပြောလာသည်။

သာမြတ်က စားသောက်ထားတာတွေအတွက် ပိုက်ဆံခေါ်ရှင်းလိုက်ရင်း . . .

''ကဲ ထက်လူ . . . CCTV အတွက် ဒီနေ့တာဝန်ကျေပြီးပြီဆိုတော့ သွားရအောင်ကွာ''

''အေး . . . ဟိုကောင် ဟံသာလည်း ရောက်နေလောက်ပြီ''

နှစ်ယောက်သား ဆိုင်ထဲမှ ထ,ထွက်လာခဲ့ကြသည်။ အသဲကွဲသမားရုပ် (ခေါ်) မိုးမင်းမြတ်ကတော့ ပါးတစ်ခြမ်းကိုပွတ်ကာ ကိုယ့်ဘဝကိုယ် ကြေကွဲဆို့နင့်ရင်း ငူငူကြီး ထိုင်ကာနေဆဲ။

■

## အခန်း (၇)

ထိုအချိန် ဟံသာမှာလည်း မချောသုံးယောက် ကိုယ်တစ်ယောက် ဖြစ်နေသည်။ ဟိုနှစ်ကောင်ရောက်မလာသေးသဖြင့် ဝတီအပြင် ပိုးအိနှင့် ခင်လေးတို့ကိုပါ စကားလက်ခံ ပြောပေးနေရသည်။ အမှန်တော့ ဝတီမှ တစ်ပါး ဘယ်သူနှင့်မှ မပြောချင်ချေ။ ပြီး . . . ထိုနှစ်ယောက်ကလည်း ကိုယ့်ပစ္စည်းတွေမဟုတ်။ ကိုယ်နှင့်မဆိုင်သဖြင့် ဆွဲ၍လည်း မကိုင်ချင်ပါ။

ပိုးအိက လမ်းဘက်ဆီ မျှော်ကြည့်ရင်း ညည်းလိုက်သည်။

''အင်း . . . သာမြတ်တို့ကလည်း ခုချိန်ထိ ရောက်မလာသေးဘဲ ဘယ်အလေလိုက်နေကြလဲ မသိဘူး''

''ဟုတ်ပ . . . လာရင်တော့ . . . အဲ မသာတွေကို ကောပစ်လိုက်ဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com

ပိုးအိ၏စကားကို ဇင်လေးက ထောက်ခံလိုက်သည်။ ချစ်သူရည်းစားတွေကို မျှော်နေကြသော ခေတ်မိန်းကလေးတို့၏ချစ်စဖွယ်စိတ်ရင်းတော့ ဖြစ်၏။

ဟံသာက . . .

"ဓာတ်ပုံလျှောက်ရိုက်နေတာနေမှာပေါ့ဟာ၊ လာမှာပေါ့"

"ဘာ"

"ဘယ်လို . . . ဘယ်လို၊ သူတို့က ဘာဓာတ်ပုံကို ရိုက်မှာလဲ"

လွှတ်ခနဲ ထွက်သွားသော ဟံသာ့စကားကြောင့် နှစ်ယောက်စလုံးက ဆတ်ခနဲ ချက်ချင်းပြန်မေးလာသည်။

ဟံသာ အိုးနင်းခွက်နင်းဖြစ်သွားရပြီး . . .

"အင်း . . . အဲ . . . ဩော် . . . စကားပြောလောသွားလို့ပါဟာ၊ နင်ဘဲ သာမြတ်လေ ကားလိုင်စင်လုပ်မလို့ဆိုလား၊ မနေ့က ဓာတ်ပုံရိုက်ထားတာကို ဝင်ယူနေမလားမသိဘူးလို့ ပြောတာ"

"ကြောင်တောင်တောင်နဲ့"

အရေးထဲ အပြောပင်ခံလိုက်ရသေး၏။ ဟံသာက ပြန်ချေပမနေတော့ဘဲ ဝတီ့ဘက်ကိုလှည့်ကာ . . .

"ဝတီ"

"ဩော် . . . အင်း . . . ဘာလဲ ဟံသာ"

ဝတီ့ပုံစံလေးက ဒီနေ့မှ ပို၍ပျော့ပျောင်းနေသည်ဟု ဟံသာ ခံစားမိသည်။ ဟံသာ ချစ်ရသူကို မြတ်နိုးစွာ ကြည့်လိုက်ရင်း . . .

"စိတ်ညစ်စရာတွေချည်းပဲ တွေးမနေပါနဲ့ ဝတီရယ်၊ အရင်လိုပဲ





ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ"

ဝတီက ခပ်ယဲ့ယဲ့ပြုံးရင်း . . .

"ငါလည်း နေချင်တာပေါ့ ဟံသာရယ်၊ ဟိုအကြောင်းကို စဉ်းစားချင်တာ မဟုတ်ဘူး"

"ကောင်းပါတယ်၊ ဒါနဲ့ . . . ဒီနေ့ကော မက်ဆေ့ချ် (message) တွေ ရောက်သေးလား၊ Facebook ပေါ်မှာကော ပုံတက်လာသေးလား"

ခေါင်းခပ်ဖြည်းဖြည်း ခါလိုက်ရင်း ဝတီက . . .

"ဟော့အေး . . . ဒီနေ့တော့ ဘာမှမတွေ့သေးဘူး၊ ခုချိန်ထိ ငြိမ်သက်နေသာနော်"

ဟံသာ ကြိတ်၍ သက်ပြင်းချလိုက်မိသည်။ စိတ်ထဲမှာလည်း ဝတီ စိတ်ပျော်ရွှင်အောင် ဘာလုပ်ပေးရမလဲဟု စဉ်းစားလိုက်ပြီး . . .

"ဟာ ဝတီ . . . ငါတို့ ဒီနေ့ သင်တန်းလစ်ပြီး မျှော်စင်ကျွန်း သွားမလား၊ အပျင်းပြေပေါ့ဟာ၊ ဒီဇင်ဘာလဆိုတော့ ဈေးပွဲတော်တွေလည်း ရှိတယ်ဟ"

ဝတီ့မျက်ဝန်းလေးက အရောင်လက်သွားသည်။ လက်ရှိစိတ်ရှုပ်ထွေးမှုတွေထဲကလည်း ရုန်းထွက်ချင်ပုံ ပေါ်၏။ ချက်ချင်းပင် ဟံသာကို ပြန်ကြည့်လိုက်ရင်း . . .

"အေး . . . ကောင်းသားပဲ သွားကြမယ်၊ ဟို . . . ပိုးအိတို့ရော လိုက်ခဲ့လေ"

စကားအဆုံးမှာ ပိုးအိက ခေါင်းခါလိုက်ပြီး . . .

"နင်တို့ပဲ သွားကြပါဟာ၊ မလိုက်တော့ပါဘူး၊ ဟို့သေချင်းဆိုးတွေ


www.burmeseclassic.com

ကို စောင့်လိုက်ဦးမယ်၊ ဒင်းတို့လာရင်တော့လား . . . ဟင်း''

ပိုးအိအပြောကြောင့် ဟံသာက ဝတ္တိကိုကြည့်ကာ ပခုံးပဲ တွန့်ပြ
လိုက်လေသည်။

ပြီး . . . နှစ်ယောက်သား မျှော်စင်ကျွန်းဆီသို့ . . .။

## အခန်း (၈)

ထိုင်နေကျကင်တင်း၌ ရည်းစားကိုယ်စီ စောင့်နေကြမည်ကို သိ
လည်း သာမြတ်နှင့်ထက်လူကျော်တို့ မရောက်နိုင်သေးချေ။ လမ်းမှာ
င်းလေးတစ်ပုံ ထပ်ရသဖြင့် နီးစပ်ရာကင်တင်းတစ်ခုသို့ ဝင်ပြီး
ook ပေါ် တင်နေရသေးသည်။ လစာမရပေမယ့် ဂုဏ်သိက္ခာနှင့်ဆိုင်
အလုပ်မို့ ပျက်ကွက်၍မဖြစ်ပါ။

အင်တာနက်လိုင်းကောင်းနေသဖြင့် ပုံကလည်း ဖွတ်ခနဲချောမော
တ်သွားသည်။ နှစ်ယောက်သား ပီတိဖြစ်နေကြချိန်မှာပဲ . . .

''အစ်ကိုတို့ . . . ကျွန်တော် ခဏထိုင်မယ်နော်''

အသံကြောင့် မော့ကြည့်လိုက်တော့ သူတို့ထက် အနည်းငယ်
ည့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ မျက်မှန်ထူထူ တပ်ထား

www.burmeseclassic.com



ပြီး အနည်းငယ် အူတီးအူကြောင်နိုင်သောပုံစံမျိုးဖြစ်၏။

မည်သို့ပင်ဖြစ်စေ ခွင့်တောင်းနေတော့လည်း . . .

''ဩော် . . . အင်း . . . ထိုင်လေ၊ ဒါနဲ့ . . . ငါ့ညီက ဘာကိစ္စ''

သာမြတ်စကားအဆုံးမှာ ထိုလူငယ်လေးက ခုံတစ်ခုံဆွဲယူ၍ ဝင်ထိုင်လိုက်ပြီး သူ့လက်ထဲမှ တန်ဖိုးကြီးစမတ်ဖုန်းကို စားပွဲပေါ်တင်လိုက်ကာ . . .

''ကျွန်တော့်နာမည်က ထူးကျော်ပါ အစ်ကို၊ ဟိုလေ . . . ဒီကိုလာတဲ့ကိစ္စက အစ်ကိုတို့ Facebook သုံးနေတာ မြင်လို့ဗျ''

''ဟင်''

ထိုစကားကြောင့် သာမြတ် အလန့်တကြားဖြစ်သွားပြီး လက်ရှိဖွင့်သုံးနေသော CCTV Facebook အကောင့် (account) ကို အလျှင်အမြန်ပိတ်လိုက်သည်။

ပြီး . . . ထူးကျော်ကိုကြည့်ကာ . . .

''အေး . . . ခုနက သုံးနေတာကွ၊ ဘာဖြစ်လို့လဲ ထူးကျော်''

ဟီးခနဲ ရယ်ပြရင်း ထူးကျော်က . . .

''ခေတ်လူငယ်ဖြစ်ပြီး ဒါလေးတောင် မသုံးတတ်ဘူးလား ပြောရင်လည်း ခံရတော့မှာပဲ အစ်ကိုတို့ရာ၊ အသိတစ်ယောက် အကောင့်(account) ဖွင့်ပေးလို့ ကျွန်တော်က ဒီနေ့မှ Facebook စ,သုံးဖြစ်တာဗျ၊ အဲဒါ . . . နားမလည်တာတွေများတော့ သုံးရတာ အဆင်မပြေဘူးဖြစ်နေတယ်၊ အစ်ကိုတို့က Facebook သုံးနေတော့ မသိတာလေးတွေ မေးချင်လို့''

ထိုအခါမှ သာမြတ်နှင့်တက်လူကျော်လည်း တစ်ယောက်မျက်နှာ





တစ်ယောက် ကြည့်ကာ သက်ပြင်းချမိကြ၏။ ဒီအတိုင်းဆိုလျှင် သူတို့၏ CCTV နှင့် ဘာမှမဆိုင်တော့။

ခုလည်း အားကိုးတကြီးလာမေးသော ထူးကျော်ကိုကြည့်ကာ နှစ်ယောက်စလုံး ဆရာကြီးစတိုင် ဖမ်းလိုက်ကြရင်း . . .

''ငါတို့ကတော့ Facebook သုံးတာ ကြာပြီကွ၊ မေးလေ . . . မင်းဘာသိချင်လို့လဲ''

ထူးကျော်က သူ့ Facebook ကို ဖွင့်ပြကာ သိချင်တာတွေကို မေးတော့၏။ အကောင့်သစ်ဟုဆိုခဲ့သည့်အတိုင်း ထူးကျော်မှာ သူငယ်ချင်းဆိုင်းရယ်ယောက်ပြည့်အောင်ပင် မရှိသေးချေ။

သာမြတ်က ထူးကျော်သိချင်တာတွေကို ဖြေရင်း သူတို့၏နာမည်နှင့် သုံးသောအကောင့် (account) တွေဆီပါ အတ်ဒ် (add) ပေးလိုက်၏။

မိနစ်နှစ်ဆယ် နာရီဝက်လောက်ကြာတော့ ထူးကျော်လည်း Facebook နှင့် ပတ်သက်ပြီး အတော်နားလည်သွားပြီ။ ကျေးဇူးတင်စကားပြောပြီး သာမြတ်တို့ စားထားသည်များကိုပင် ရှင်းလိုက်သေး၏။

ထက်လူကျော်က မရှင်းနဲ့ဟု တစ်ခွန်းမပြောဘဲ ထူးကျော်ကို ကြည့်ကာ . . .

''ဒါနဲ့ . . . မင်းက ဒီထဲမှာပဲ သင်တန်းတစ်ခုခု တက်နေတာလား''

ခေါင်းခါရင်း ထူးကျော်က . . .

''မဟုတ်ပါဘူး ကိုထက်လူရာ၊ အသိတစ်ယောက်ဆီ လာတာပါ၊ ဘယ်သူမှလည်းမရှိဘူးဆိုတော့ ပျင်းတာနဲ့ ဒီမှာထိုင်နေတာ၊ ကျွန်တော့်ဘက



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းလည်း သိပ်ရှိတာ မဟုတ်ဘူး။ အစ်ကိုတို့နဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်''

သာမြတ်က ခေါင်းညိတ်ပြုံးပြရင်း ...

''ရပါတယ်ကွာ၊ နောက်လည်း ပျင်းရင် သင်တန်းဝင်းထဲ လာခဲ့ပေါ့၊ ငါတို့တော့ ရှိပါတယ်''

''လာမှာ ... လာမှာ၊ အလုပ်မရှိတဲ့ ကျွန်တော့်အတွက်တော့ ဒီနေရာက ကွက်တိပဲ''

ထိုသို့စကားပြောရင်း ထူးကျော်၏လက်ပတ်နာရီမှ တီတီဟု အလန့်မြည်သံ ထွက်ပေါ်လာသည်။

ချက်ချင်းဆိုသလို ထရပ်လိုက်ရင်း ထူးကျော်က ...

''ကိစ္စရှိသေးလို့ သွားလိုက်ဦးမယ်ဗျ။ နောက်နေ့မှဆုံမယ်''

ပြောပြီး ကင်တင်းထဲမှ ခပ်သုတ်သုတ်ထွက်သွားလေသည်။ ထူးကျော်မောင်းသွားသော တန်ဖိုးကြီးကားအကောင်းစားကို လိုက်ကြည့်ရင်း သာမြတ်က ...

''ဒီကောင် ဘာကလောင်လဲကွ၊ သူ့ပဲ အလုပ်မရှိဘူးပြောတယ် ခုလည်း ကိစ္စရှိလို့တဲ့၊ အူကြောင်ကြောင်ကောင်ကွာ''

သာမြတ်အပြောကြောင့် ထက်လူကျော်က ပခုံးအသာတွန့်လိုက်ကာ ...

''အူကြောင်ကြောင်ပေမယ့် အူကြောင်ကြောင်သောစိကွ၊ ဘာပဲဖြစ်ဖြစ် ဒီကောင့်ပုံစံမျိုးနဲ့ဆိုရင် CCTV အတွက် သရုပ်ဆောင်ဖြစ်လာနိုင်တယ်''





''အေး ... မင်းပြောတာမှန်တယ် ... အဲ''

စကားကိုဖြတ်ကာ နာရီတစ်ချက် ကြည့်လိုက်ပြီးမှ သာမြတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားရင်း ...

''ဟော့ကောင် ... သွားမယ်၊ သွားမယ်၊ ဒီနေ့ တစ်မနက်လုံး ဆိုင်ပျောက်နေလို့ ပိုးအိတို့တော့ ပေါက်ကွဲနေလောက်ပြီ''

''ဟာ ... ဟုတ်သားပဲ၊ ကျိုင်တော့ ရှင်းရပြီးမှာ သေချာတယ်''

ပြောရင်း နှစ်ကောင်သား ကင်တင်းထဲမှ အပြေးတစ်ပိုင်းနှင့် ထွက်လာခဲ့ကြသည်။

ပိုးအိနှင့်ဖင်လေးတို့ အောင်သပြေပန်းကိုင်ကာ ကြိုနေမည်မဟုတ်သော်လည်း ကောင်းကောင်းနားလည်ထားပါသည်။

■

www.burmeseclassic.com

## အခန်း (၉)

ဒီဇင်ဘာ၏နှောင်းပိုင်း ဆောင်းညများသည် အအေးဓာတ်များဖြင့် စိမ့်စိမ့်ခြယ်လှယ်နေပါသည်။ ပြတင်းတံခါးကိုဖွင့်ကာ စီးဝင်လာသော လေက လည်း အေးရှရှ။ ဆောင်းသည် သူ့သဘာဝကို အားကုန်မောင်းနှင်နေပါ သည်။

ပြတင်းတံခါးပိတ်ကာ အိပ်ရာပေါ် လှဲချလိုက်သည့်တိုင် ဟံသာ အိပ်ချင်စိတ်မရှိသေး။ နေ့လယ်က ဝတီနှင့်အတူ သွားခဲ့လာခဲ့သည်များကို ပြန်မြင်ယောင်နေမိသည်။ ရှားပါးလှသော အခွင့်အရေးလေးကို ပြန်တွေး မိလိုက်တိုင်းလည်း ရင်ထဲမှာ နွေးပျပျနှင့်။ ချစ်လိုက်တာ . . . ဝတီရယ်။

ဟိုတွေး ဒီတွေးနှင့် အိပ်ချင်စိတ်ပျောက်ကာ မျက်စိက ပိုကြောင် လာသည်။ သို့နှင့် ဖုန်းဖွင့်ကာ Facebook ထဲ ဝင်ကြည့်လိုက်၏။ ဟိုနှစ်





ကောင်လက်ချက်ဖြစ်သော CCTV မှာ တင်ထားသည့်ပုံများကလည်း မြူး ရောကောင်းလှပါသည်။ တိုင်းလိုင်း (timeline) ထဲ လျှောက်ကြည့်ရင်းနှင့် သင်နေရာ အရောက်တွင် . . .

"ဟင်"

'ချောမောင်' ဆိုသည့်အကောင့်၌ တင်ထားခြင်းဖြစ်၏။

ဒီဇင်ဘာကိုမုန်းတယ်
ပက်ဆောင်ပွဲကိုမုန်းတယ်
ဝက်သားဒုတ်ထိုးကိုမုန်းတယ်
အမြင်အာရုံဝေဝါးတာကိုမုန်းတယ်
ပြီးတော့ . . .
ဝတီ့အနားမှာ တောက်တဲ့လိုကပ်နေတဲ့
ကောက်ရိုးပုံစောင့်ခွေးကိုလည်း မုန်းတယ်
ဘာပဲဖြစ်ဖြစ်ပေါ့ . . . ဝတီ
မင်းကိုတော့ ငါ ချစ်တယ် . . .

"တောက်!"

ဟံသာ တက်တစ်ချက် ခေါက်လိုက်မိသည်။ အောက်မှာတင်ထား သောပုံကလည်း ဝတီနှင့်သူတို့ နေ့လယ်က မျှော်စင်ကျွန်းထဲ၌ သွားလာ နေသောပုံများဖြစ်၏။ ဘယ်သူမှန်းမသိသော ထိုကောင်သည် ကိုယ့်ကိုပါ လိုက်ရိုက်တော်ကားနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဝတီသာ ထိုပို့စ် (Post) ကို ဖတ်မိပါက ပိုစိတ်ဆင်းရဲမည်။ ကြောင့် နာရီတစ်ချက် ကြည့်လိုက်၏။ ဆယ့်တစ်နာရီထိုးလုထိုးခင် ဝတီ မအိပ်လောက်သေးဘူးဟုတွေးကာ ဖုန်းခေါ်လိုက်သည်။ ဖုန်းကို သည်။ အိပ်ချင်မူးတူးအသံနှင့်တော့မဟုတ်။

ဟံသာက ...

"ဝတီ ... အိပ်နေပြီလား ဝတီ၊ ဒီအချိန်ဆက်လို့ စိတ်အနှောင့် အယှက်များ ဖြစ်သွားလားဟင်"

ခပ်လွင်လွင်ရယ်သံလေးကို အရင်ကြားလိုက်ရသည်။ ပြီးမှ ...

"အံ့ဩသွားတာပါ၊ နင်က ဒီအချိန် မဆက်ဖူးဘူးလေ၊ အိပ်သေး ပါဘူးဟာ၊ ခုနကမှ စာလုပ်တာ ပြီးတာ၊ ပြော ... ဘာကိစ္စလဲ"

ပြောသံကို နားထောင်ရသည်မှာ ပုံမှန်သံပဲ ဖြစ်သည်။ Facebook ကို ဖွင့်ကြည့်မိပုံမပေါ်သေး။ ဟံသာ အနည်းငယ် စိတ်အေးသွားရသည်။

ခေတ္တငြိမ်နေလိုက်ပြီးမှ ...

"ဝတီ ... ဟိုကိစ္စနဲ့ ပတ်သက်ပြီး ငါ တစ်ခုစဉ်းစားမိလို့ဟ"

ဝတီ့ဘက်ကလည်း အသံခဏဆိုင်းသွားသည်။ ပြီးမှ ... အသံ ခပ်လေးလေးဖြင့် ...

"ပြောလေ ... ဘာလဲ"

"ဒီလိုပါ ... နင် စိတ်ရှုပ်တာလည်း သက်သာအောင် ဒီလအတွင်း Facebook မသုံးဘဲနေကြည့်ပါလား၊ ဟိုကွာ ... Facebook ကို လုံး ဖွင့်မကြည့်တာမျိုးပေါ့၊ နင် ဘာမှမမြင်ရ မတွေ့ရရင် နင် စိတ်ရှုပ်သက်သာ လိမ့်မယ်"





"ဟိုဘက်က ပိုဆိုးလာရင်ကော"

"သူ့ဟာသူ တင်ချင်တာ တင်ပါစေပေါ့ဟာ၊ ခုဆို ... အဲဒီ ကောင့် (account) ကို ငါရော သာမြတ်တို့ပါ add ထားပါပြီ၊ Friend သွားရင် ငါတို့ ဒီကောင့်ကို ပြန်စောင့်ကြည့်ပြီး တိုက်ခိုက်မှာပေါ့ဟ"

သက်ပြင်းပါးပါးချသံကို အရင် ကြားလိုက်ရသည်။

"အေးလေ ... နင်ပြောတာလည်း မဆိုးပါဘူး၊ ခုတောင် ငါ င်းတာနဲ့ Facebook ဖွင့်ကြည့်တော့မလို့၊ ခုတော့ ... နင့်စကား ငါ ထောင်လိုက်မယ်လေ"

ဟံသာ ဝမ်းသာသွားသည်။ ချစ်ရသူက ကိုယ့်စကားနားထောင် ည်ဟု ဆိုသည်ကို။

ဟံသာက ဆက်၍ ...

"နင်လက်ခံတာကို ငါ ဝမ်းသာပါတယ် ဝတီရယ်၊ ဟိုလေ ... နင် Facebook မသုံးဖြစ်လို့ ပျင်းနေတဲ့အချိန်တွေမှာ အပျင်းပြေအောင် ငါ န်းဆက်မယ်လေ၊ ဖြစ်မလား"

"အံမယ် ... နင် တော်တော်လည်နေပါလား ဟံသာ၊ ရောမချနဲ့ နော်"

"ဝတီရယ် ... အဲလိုမပြောပါနဲ့၊ နင့်ကို ငါ ဘယ်လောက်ချစ် တယ်ဆိုတာ နင် သိပါတယ်၊ ပြီးတော့ ..."

စကားတောင်မဆုံးသေး။ ဝတီက ဖြတ်ပြောလာသည်။

"တော်ပြီ ... တော်ပြီ ဟံသာ၊ မနက်ဖြန်ညကျမှ ဖုန်းဆက် တော့၊ ဂွတ်နိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချမည့်ပုံစံရှိနေ၍ ဟံသာကလည်း ပြောဖြစ်အောင် အမြန်ပြော လိုက်ပါသည်။

"ဝွတ်နိုက် . . . ဝွတ်လပ်ဗ် . . . ကမ်းသယ်နိုက်စ်အရင်း . . . ဆီးယူ မိုင်လပ်ဗ်"

တောက်လျှောက်ကြီးပြောကာ ကိုယ့်ဘက်က အရင်ဖုန်းချလိုက်ပါ သည်။ ပြီးပြီ။

ကိုယ့်ကိုယ်ကိုယ် ကျေနပ်စွာ ဟံသာ အားရပါးရပြုံးလိုက်၏။

နှင်းဝတ်လွှာခြုံထားသောညသည် အပြင်မှာ ရွှဲရွှဲစိုနေပါသည်။ နွေးဥပိုင်း ဒီဇင်ဘာသည်ပင် သိသိသာသာ အအေးဓာတ်ပိုလာသလို။

■

## အခန်း (၁၀)

နောက်တစ်ရက် သင်တန်းရောက်တော့ ထိုင်နေကျ ကင်တင်းဆီ အရင်ဦးတည်လိုက်သည်။ မြူကွဲ၍ ရှင်းလင်းသွားပြီဖြစ်သော လမ်းလေး အတိုင်း လျှောက်လာရင်း ဟံသာ့စိတ်တွေ ကြည်လင်နေ၏။ ညစဉ်ဆိုသလို သူနှင့် တရားဝင်ဖုန်းပြောခွင့် ရသွားပြီ မဟုတ်လား။ ပြီးတော့ Facebook သုံးတော့သဖြင့် ဝတီလည်း သောကတွေ ပါးသွားပေလိမ့်မည်။

အတွေးနှင့် လျှောက်လာရင်း ကင်တင်းထဲရောက်တော့ ဟံသာ အနည်းငယ် အံ့သြသွားရ၏။

ခါတိုင်းတွေ့နေ ဆုံနေကျ လူတွေအပြင် သာမြတ်တို့ဘေး၌ ကိုယ့် ဘက် အနည်းငယ် ငယ်မည်ထင်ရသော လူစိမ်းလူရွယ်တစ်ယောက်ကို တွေ့လိုက်ရ၍ဖြစ်သည်။

www.burmeseclassic.com



ဟံသာ ဘာမှမပြောဘဲ ဝင်ထိုင်လိုက်တော့ သာမြတ်ကအရင် . . .

"အားလုံးနဲ့တော့ မိတ်ဆက်ပေးပြီးပြီ၊ မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်ကွ၊ ဟံသာ . . . သူက ထူးကျော်တဲ့၊ ငါတို့ရဲ့သူငယ်ချင်းအသစ်ပေါ့ကွ ထူးကျော် . . . သူက ဟံသာတဲ့၊ အဟဲ . . . သူက ဝတီ့ရဲ့ဘာညာဘာညာလေ"

ထိုစကားကြောင့် ဟံသာ့စိတ်ထဲ၌ ကြိတ်၍ ကျေနပ်သွားသော်လည်း ဝတီကတော့ မိန်းကလေးပီပီ ရှက်သည်ထင့်။

"ဟဲ့ သာမြတ် . . . ပေါက်ကရတွေ ပြောမနေနဲ့၊ ငါနဲ့ဟံသာက ဘာမှဖြစ်သေးတာ မဟုတ်ဘူး"

ဟံသာ နင်သွားရသည်။ ဝတီက ရှက်စိတ်နှင့် ဘာရယ်မဟုတ် ပြောလိုက်သော်လည်း ကိုယ့်ဘက်က ကြည့်လျှင် ငွမ်းသွားသည်လေ။

ထိုစဉ်မှာပဲ ထူးကျော်က မဆီမဆိုင်ဝင်၍ . . .

"ဟုတ်သားပဲဗျ၊ ကိုသာမြတ်ကလည်း ကျွန်တော်က အစ်ကိုတို့နဲ့ ခုမှ သူငယ်ချင်းဖြစ်တာလေ၊ တစ်ယောက်အကြောင်း တစ်ယောက် မသိသေးတဲ့လူရှေ့မှာပြောတော့ မဝတီ သိက္ခာကျတာပေါ့"

အားလုံးပဲ အနည်းငယ် မျက်နှာအမ်းသွားကြသည်။ ထူးကျော် ထိုသို့ဝင်ပြောလိမ့်မည်ဟု မထင်ထား၍လည်း ဖြစ်၏။ ဟံသာ့စိတ်ထဲမှာလည်း ဖျင်းခနဲဖြစ်သွားသည်။ ဒီကောင် ဘာကောင်လဲ။

ရုတ်တရက် ငြိမ်သွားသော အားလုံးကိုကြည့်ကာ ထူးကျော် ဘယ်လိုတွေးလိုက်သည်မသိ။ ချက်ချင်းပဲ တဟီးဟီး ရယ်လိုက်ကာ . . .





"တစ်မျိုးမထင်ကြပါနဲ့ဗျာ၊ ကျွန်တော်က သူငယ်ချင်းမိတ်ဆွေတွေ သိပ်မရှိတော့ လူမှုရေးနည်းနည်းညံ့တယ်ဗျ၊ စကားပြောတာ အမှားပါသွားရင် ခွင့်လွှတ်ပါ၊ အားလုံးနဲ့ ခင်ချင်ပါတယ်ဗျ၊ ဒီနေ့ မိတ်ဖြစ်ဆွေဖြစ် ကျွန်တော် နေ့လယ်စာ ကျွေးပါရစေ"

"ဟာ . . . အဲဒီအစီအစဉ်ကတော့ အကောင်းဆုံးပဲ"

ထက်လူကျော်က ရယ်ကာ ဝင်ပြောလိုက်သည်။ ခဏကြာတော့ စားပွဲဝိုင်းလေးလည်း ပြန်၍စိုပြေလာပါသည်။ စကားတွေက ဟိုရောက်ဒီရောက်နှင့် ပြောချင်တာတွေ ပြောနေသူမှာ ထူးကျော်ဆိုသောကောင်ပဲဖြစ်၏။

"ခုတစ်လော ဂျာနယ်တွေထဲမှာ ခရိုနီ (CRONY) ဆိုပြီး တွေ့တွေ့နေရတယ်နော်၊ ဘာလဲဗျ . . . ခရိုနီဆိုတာ၊ သူဌေး . . . အဲ . . . စစ်အစိုးရလက်ထက်မှာ ချမ်းသာလာတဲ့ သူဌေးတွေကို ပြောတာလား"

သာမြတ်က မျက်မှောင်ကြုတ်၍ . . .

"အေး . . . ငါတို့လည်း အဲလိုနားလည်ထားတာပဲကွ၊ ခရိုနီဆိုတဲ့ လူတန်းစားဟာ မရှိမကောင်း ရှိမကောင်း၊ မပေါင်းလည်းခက် ပေါင်းလည်းခက်တဲ့ လူတန်းစားမျိုးပဲ"

ပိုးအိက သူ့ဘဲအပြောကြောင့် မျက်စောင်းထိုးလိုက်သည်။ ဟံသာက ဝင်၍ . . .

"ခရိုနီဆိုတိုင်း မကောင်းတာတော့ မဟုတ်ဘူးကွ၊ နိုင်ငံရပ်ခြားမှာလည်း ခရိုနီလူတန်းစားတွေ ရှိတာပဲ၊ တချို့နိုင်ငံတွေမှာဆိုရင် အစိုးရက အားထားရတဲ့ မရှိမဖြစ်လိုအပ်တဲ့ ခရိုနီတွေတောင်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ကိုဟံသာ"

ထူးကျော်က ခပ်တည်တည် စကားဝင်ထောက်သည်။

ဟံသာက ထူးကျော်ကိုမကြည့်ဘဲ . . .

"တကယ်တော့ ခရိုနီ (CRONY) ဆိုတဲ့ စကားလုံးကို အဘိဓာန်တွေမှာ ဘာသာပြန်ထားတာကတော့ **An intimate companion** တဲ့၊ နောက်တစ်မျိုးက **Closed friend၊** အဓိပ္ပာယ်ကကွာ အတွင်းစည်းကျသော အပေါင်းအသင်း၊ အနီးကပ်ရင်းနှီးသောမိတ်ဆွေလို့ ပြောရမယ်"

အားလုံးပဲ ဟံသာကို အထင်ကြီးသလို ဝိုင်းကြည့်ကြသည်။ ထူးကျော်က တဟဲဟဲရယ်ကာ . . .

"ဟဲဟဲ . . . သဘောပေါက်ပြီဗျ၊ ဒါဆို ကျွန်တော့်ကိုလည်း ဒီကလူတွေက ခရိုနီလို့ သဘောထားကြပေါ့ . . . ဟား ဟား"

စကားအဆုံးမှာ ထက်လူကျော်က . . .

"အေးပါ . . . ခရိုနီထူးကျော်ရယ်၊ ဒီနေ့လည်း မင်းကျွေးတာကို ငါတို့ စားမှာပါကွ"

ဟံသာမှတစ်ပါး အားလုံးပဲ ပြုံးလိုက်မိကြသည်။

ထူးကျော်က ဟံသာကို ဆတ်ခနဲကြည့်ကာ . . .

"ကိုဟံသာက ဗဟုသုတ တော်တော်ရှိတာပဲ၊ မိတ်ဆွေဖြစ်ရကျိုးနပ်ပြီဗျာ"

"အေး . . . မင်း မသိတာရှိရင်လည်း ဒီကောင့်ကိုမေး၊ ဒီကောင်က စာစုံဖတ်တော့ ဗဟုသုတကြွယ်တယ်ကွ၊ လဒက ဘရိန်းလည်း ကောင်းတယ်"





ထူးကျော်က ဟံသာကို ပြုံးပြပြီး မျက်နှာလွှဲသွားသည်။

ဝတီဘက် မျက်နှာမူလိုက်ရင်း ဟံသာက . . .

"ဝတီ . . . မနေ့ညက ငါပြောတဲ့အစီအစဥ်အတိုင်းနေတာ အဆင်ပြေတယ်မလား"

ပြန်ပြုံးပြရင်း ဝတီက ပခုံးပါ တွန့်လိုက်သည်။

"အေး . . . ပြေတယ်၊ ခေါင်းထဲမှာ ဘာမှမရှိဘူး၊ ရှင်းနေတာပဲ"

ဝတီ့အပြောကြောင့် အားလုံးပဲ စိတ်ဝင်စားသွားသည်။ မိုးအိကချင် မျက်မှောင်လေးကြုတ်၍ . . .

"ဝတီ . . . ဟံသာပြောတဲ့အစီအစဥ်ဆိုတာ ဘာလဲဟင်"

ဝတီက ရယ်လျက် . . .

"သြော် . . . ငါ စိတ်မရှုပ်အောင် Facebook ကို ဖွင့်မကြည့်နဲ့လို့ ပြောတာပါ"

"ဟော"

"ဘာတွေလဲဗျ . . . မဝတီက Facebook ကြည့်ရင် ဘာဖြစ်လို့လဲ"

ဒီတစ်ခါလည်း သူနှင့်မဆိုင်သည့်ကိစ္စကို ဝင်မေးခြင်းဖြစ်သည်။ ဟံသာ လှမ်းပြောရန် ဟန်ပြင်လိုက်သော်လည်း မိုးအိက ဖြတ်၍ . . .

"သြော် . . . ဘာရယ်မဟုတ်ပါဘူး ဝတီက မျက်စိအားနည်းတယ်လေ၊ ကွန်ပျူတာသုံးရင် ဖက်ကြောတက်လို့"

"ဟာ . . . ဟုတ်လား၊ အဲဒါဆိုရင်တော့ မဝတီကို ဆေးလေးဘာလေး ညွှန်ပေးဦးမှပဲ"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးပါးပါးနှင့် ဖြေလိုက်သော ဝတီ့ကိုကြည့်ကာ ထူးကျော်က ရယ်ရင်း ...

''မဟုတ်တာ ဝတီရယ်၊ ကျွန်တော်တို့က သူငယ်ချင်းမိတ်ဆွေတွေ ဖြစ်သွားပြီလေ၊ လိုအပ်တာရှိရင် ကူညီရမှာပေါ့၊ ကျွန်တော့်ကို ခရိုနီလို့ပဲ သဘောထားပါဆို''

တစ်ဝိုင်းလုံး မရယ်ချင် ရယ်ချင်နှင့် ရယ်လိုက်ကြသည်။ ထူးကျော်ဆိုသောကောင်သည် ပွင့်လင်းလွန်းသူလား၊ စကားကို အလိုက်ကန်းဆိုးမသိ ဝင်ပြောတတ်သူလား၊ ဒါမှမဟုတ် ခပ်ကြောင်ကြောင် ငနဲတစ်ကောင်လား ဆိုတာတော့ ဟံသာလည်း ဝေခွဲမရတော့ချေ။ ပုံမှန်မဟုတ်တာတော့ သေချာသည်။

ခဏနေတော့ ဝတီ့ဖုန်းက မြည်လာသည်။ ကိုင်လိုက်တော့ သူ့အိမ်က ဆက်ခြင်းဖြစ်သည်။ ဖုန်းပြောအပြီး ဝတီက ဖုန်းကို မသိမ်းသေးဘဲ ကလိနေသေး၏။

သိပ်မကြာလိုက်။ ဟံသာ့ဘောင်းဘီအိတ်ထဲမှဖုန်းက မက်ဆေ့ချ် ဝင်ကြောင်း တုန်ခါမှုပြုလာသည်။ ဖုန်းထုတ်ကာ ဖွင့်ကြည့်လိုက်တော့ ...

**ဟံသာ နှင့်နောက်တည့်တည့်က နှစ်ဝိုင်းကျော်ကလူ ငါ့ကို စိုက်ကြည့်နေတယ်။ ငါ တစ်ခါမှ မမြင်ဘူးတဲ့ လူစိမ်းဟာ။ နင် မသိမသာ ကြည့်လိုက်။**

ဝတီ လှမ်းပို့လိုက်သော မက်ဆေ့ချ်ဖြစ်သည်။ ဝတီနှင့်ဟံသာက မျက်နှာချင်းဆိုင်အနေအထား ထိုင်နေသဖြင့် ထိုဝိုင်းကို ဟံသာ ကျောပေးထားသလို ဖြစ်နေ၏။

ဟံသာ မသိမသာ လှည့်ကြည့်လိုက်တော့ ...

''ဟင်''

စိတ်ထဲက ရေရွတ်လိုက်မိသည်။ ဝတီပြောသလိုပင် သူတို့နှင့် အသက်အရွယ်မတိမ်းမယိမ်းလောက်ရှိမည့်လူတစ်ယောက်က ဝတီ့ကို စိုက်ကြည့်နေခြင်းဖြစ်သည်၊ မျက်တောင်ခတ်သည်ဟုပင် မထင်ရလောက်သော အကြည့် စူးစိုက်ကာ ကြည့်နေခြင်းဖြစ်၏။

လှည့်ကြည့်လိုက်သဖြင့် ဟံသာနှင့် မျက်လုံးချင်း ဆုံသွားသည်။ ဟံသာ ဆုံလိုက်ရသော ထိုလူ၏မျက်ဝန်းကလည်း မုန်းတီးခက်ထန်သည့် အရိပ်အငွေ့များ ပျော်ဝင်နေ၏။

ဘာလဲဟ။ ဟံသာကလည်း မျက်စိကို မလွှဲတဲ့ ဆက်ကာပြန်ကြည့်နေလိုက်သည်။

တစ်စက္ကန့် ... နှစ်စက္ကန့်၊ ငါးစက္ကန့်လောက်အကြာမှာတော့ ထိုလူက အကြည့်ကိုလွှဲကာ ဆိုင်ထဲမှ ဆတ်ခနဲ ထ,ထွက်သွားလေသည်။ ဟံသာ့စိတ်ထဲမှာလည်း ဘဝင်မကျသည့် ခံစားမှုတွေကို ခံစားလိုက်ရ၏။

ဒီလူက ဘယ်သူလဲ။ သင်တန်းဝင်းထဲမှာ တစ်ခါမှ မမြင်ဖူးသော လူစိမ်းဖြစ်သည်။ ပြန်အလှည့်မှာ ဝတီက ကြည့်နေသဖြင့် ပခုံးပဲ အသာတွန့်ပြလိုက်၏။

ခဏအကြာမှာတော့ ထူးကျော်က ဦးဆောင်ကာ အစားအသောက်များကို မှာလိုက်၏။ စားသောက်စရာတွေ ရောက်လာတော့ ...

''အားမနာတမ်း စားကြနော်၊ ကျွန်တော်က ဆိုင်ကောင်းကောင်း






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ ကျေးချင်တာဗျ။ အဟဲ ... နောက်တစ်ကြိမ်ပေါ့''

ပြောပြီး တဟဲဟဲ ရယ်နေသေးသည်။ ဒီလောက် သဒ္ဒါနေမှတော့ အားလုံးပဲ အားရပါးရ အားပေးကြတော့၏။

ထိုစဉ်အချိန်မှာပဲ ထူးကျော်၏လက်ပတ်နာရီမှ အလန်းသံ တတီတီ ထွက်ပေါ်လာသည်။

နာရီကိုကြည့်ကာ ထူးကျော်က ...

''အာ ... ဒီအလန်းကို ပိတ်ဖို့ မေ့မေ့နေတာဗျ။ ဆောရီးနော် ... အနှောင့်အယှက်ဖြစ်သွားရင်''

ပြောရင်း အလန်းသံကို ပိတ်လိုက်သည်။ အားလုံးက ရပါတယ် ဆိုသည့်သဘောတွေနှင့် ကြည့်လိုက်ပြီးမှ ဆက်စားနေလိုက်၏။

သို့သော် ...

သိပ်မကြာပါချေ။ ထူးကျော်၏ဖုန်းက မြည်လာပြန်၏။ ထူးကျော်က စားနေရင်းမှ ဖွန်းနှင့်ခရင်းကို အသံမြည်အောင် ပစ်ချလိုက်ကာ ဖုန်းဖွင့်ကိုင်လိုက်သည်။

''အေး ... ပြော''

အသံက ခပ်မာမာဖြစ်သည်။ တစ်ဖက်မှ ဘာပြန်ပြောသည်တော့ မသိ။

ချက်ချင်းပဲ စိတ်ရှုပ်သွားသောပုံစံနှင့် ...

''ပြီးရောကွာ ... ငါ လာခဲ့မယ်''

ဖုန်းချလိုက်ပြီး အားနာသောမျက်ဝန်းနှင့် အားလုံးကို ဝေ့ကြည့်ကာ ...



BURMESE CLASSIC .com



''ဆောရီးပဲဗျာ၊ အရေးတကြီးကိစ္စလေး ပေါ်လာလို့ သွားလိုက်ဦးမယ်၊ စားထားတာတွေ ကျွန်တော် ရှင်းခဲ့မယ်နော်၊ နောက်နေ့မှ ဆုံတာပေါ့''

ပြောပြီး ခပ်သုတ်သုတ်ထကာ ကောင်တာ၌ ငွေရှင်းပြီး ထွက်သွားလေသည်။

ထူးကျော်မြင်ကွင်းထဲမှ ပျောက်သွားတော့ ဟံသာက သာမြတ်ကို ကြည့်ကာ ...

''မင်းတို့ကွာ ... ဘယ်လိုကောင်မျိုးနဲ့များ အပေါင်းအသင်းဖြစ်နေတာလဲ''

သာမြတ်က ပခုံးတွန့်၍ ...

''ဒီလိုပါပဲကွာ ... ထူးကျော်က အူကြောင်ကြောင်ငနဲလေးပါ၊ အပေါင်းအသင်းလည်း သိပ်ရှိပုံမရဘူး၊ ငါ့ကိုလည်း အားနာတာနဲ့ သူငယ်ချင်းအဖြစ် လက်ခံလိုက်တာပါ၊ ဒီကောင့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားလို့လား ဟံသာ''

ဖြစ်တယ်ဟု ပြောပြန်လျှင်လည်း သဘောထားသေးသိမ်ရာ ကျသည်မို့ ခေါင်းအသာခါလိုက်ရင်း မယုတ်မလွန် ပြောလိုက်သည်။

''ဟော့အေး ... မဖြစ်ပါဘူး၊ ရုတ်တရက်ကြီးဆိုတော့ စိမ်းနေသေးလို့ပါ''

''ဟုတ်မှာပါ၊ ဒီကောင်က ပြဿနာရှိမယ့်ကောင်မျိုးတော့ မဟုတ်ပါဘူး၊ ပုံစံကိုက အူတီးအူကြောင်နဲ့၊ အဲ ... ငနဲလေးက ရေတော့ လျှံပုံပဲတွ၊ အသုံးအဆောင်တွေကအစ အမှန်တွေချည်းပဲ''

ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ထိုစကားတွေကိုတော့ ဟံသာ စိတ်မဝင်စားတော့ချေ။ လောလော ဆယ် ခေါင်းထဲရောက်နေသည်က ဝတီ့ကို စိုက်ကြည့်ကာ ထ,သွားသော လူစိမ်းငနဲကိုဖြစ်သည်။

အနည်းငယ် နွမ်းလျသွားသော ဝတီ့မျက်နှာလေးကိုကြည့်ကာ ဟံသာ သက်ပြင်းပဲ ချိုးချလိုက်မိတော့၏။

■

BURMESE CLASSIC .com

## အခန်း (၁၁)

**ကိုယ် မင်းအနားကိုရောက်လာတော့မယ် ဝတီ ... တဖြည်းဖြည်းနဲ့တော့ နီးလာပါပြီ ... ကိုယ်ပြောထားမယ် နော်၊ မင်းအနားမှာ အနှောင့်အယှက်တွေရှိရင်လည်း ကိုယ် ရှင်းပြီး အရောက်လာခဲ့မယ် ... အဲဒါ ကိုယ့်စိတ်ဆန္ဒပဲ..**

ချောမောင်၏အကောင့်မှ တက်လာသော ပို့စ်ဖြစ်သည်။ အောက် တပုံကလည်း မနေ့က ထူးကျော်အပါအဝင် သူတို့နှင့်အတူ တစ်ဝိုင်းတည်း ထိုင်နေသော ဝတီ့ပုံကို ခိုးရိုက်ထားခြင်းဖြစ်၏။ ဓာတ်ပုံရိုက်ထားသည့် ရှုထောင့်ကတော့ မနေ့က လူစိမ်းထိုင်နေခဲ့သည့်နေရာနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ ဟံသာ ခေါင်းအတော်စားသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပုံ၏အောက်ဘက်မှာလည်း လိုက်ခ် (Likes) နှင့် ကွန်မန့် (comments) တွေက အများကြီး။ ထိုကွန်မန့်တွေကိုတော့ ဟံသာ ဝင်ဖတ်မနေတော့။ ဝတီ့ကိစ္စက ပိုဆိုးလာသလို ဖြစ်နေသည်။

ထို့ကြောင့် သာမြတ်ဆီ အရင်ဖုန်းခေါ်ကာ အကျိုးအကြောင်း ပြောပြလိုက်၏။

သာမြတ်က ...

"ငါလည်း တွေ့ပါတယ်၊ ခက်တာက အဲဒီချောမောင်ဆိုတဲ့အကောင်က ငါနဲ့ထက်လူ အက်ဒ်ထားတာကို လက်မခံသေးဘူးကွ၊ ငါလည်း မထူးဘူးဆိုပြီး CCTV အကောင့်နဲ့ပါ အက်ဒ်ထားလိုက်တယ်၊ စောင့်ကြည့်ရဦးမှာပဲ၊ ဒါနဲ့ ... ခုတက်နေတဲ့ပုံကိုကော ဝတီ တွေ့ပြီးပြီလား"

ဟံသာက ...

"တွေ့မှာမဟုတ်ဘူးကွ၊ သူ Facebook မကြည့်ဘူးလို့ ပြောထားတာလေ၊ ဒါနဲ့ ... မင်းကို ပြောရဦးမယ်"

ထိုသို့အစချီကာ ကင်တင်းမှာ တွေ့ခဲ့သည့် လူစိမ်းအကြောင်းကို ပြောပြလိုက်၏။

သာမြတ်က အံ့သြသွားဟန်ဖြင့် ...

"ဟေ ... ဟုတ်လား၊ ကျိုင်ပဲကွာ၊ ဝတီ့ကိစ္စကလည်း ဘယ်လိုလုပ်ပေးရမှန်းတောင် မသိတော့ဘူး၊ နောက်တစ်ခါ အဲဒီလူကိုတွေ့ရင် ငါတို့ကိုပါ ပြထားကွ၊ ဘယ်လိုပဲဖြစ်ဖြစ် စောင့်ကြည့်ရမှာပဲ"

"အေးပါ"

စကားအဆုံးမှာ သာမြတ်က ...





"အေးပါ လုပ်မနေနဲ့ ... ဝတီနဲ့ပတ်သက်ပြီး မင်း စိတ်ပူနေမှန်း ငါတို့ သိပါတယ်၊ ပွဲလာန့်တုန်း ဖျာခင်းတယ်ပဲပြောပြောကွာ၊ ဒီကြားထဲမှာ မင်း ဝတီ့ကို အားပေးနှစ်သိမ့်ရင်း သူ့အချစ်ကို ရအောင်တောင်းကွာ၊ မင်းအပေါ် သူ သံယောဇဉ်တော့ရှိပါတယ်"

ဟံသာ လေပူကြီးပဲ မှုတ်ထုတ်လိုက်မိသည်။ ထိုသို့လုပ်လျှင် အခွင့်အရေးယူရာ ကျမည်လား။ ဝတီ အားငယ်စိတ်ညစ်နေချိန်မှာ ဖိအားပေးသလို ဖြစ်နေမည်လား။ ဟံသာ ဝေခွဲမရ။

စဉ်းစားကာ ငြိမ်သက်နေမိသည်။ တစ်ဖက်မှ သာမြတ်က ...

"ဟော့ကောင် ... အခွင့်အရေးယူရာရောက်မယ် ဘာညာနဲ့ လျှောက်တွေးပြီး တွေဝေမနေနဲ့၊ အချစ်မှာ အခွင့်အရေးတို့၊ အားနာတာတို့ မရှိဘူးကွ၊ မင်း ဖွင့်ပြောထားတာလည်း ကြာပြီဥစ္စာ၊ ခု ငါနဲ့ ဖုန်းပြောပြီးရင် ဝတီ့ဆီကို ဆက်လိုက်တော့၊ ငါလည်း ပိုးအိတို့ကို တွန်းခိုင်းပါ့မယ်၊ အဲဒါ ... ဒါပဲ"

ပြောချင်တာတွေပြောပြီး သာမြတ် ဖုန်းချသွားသည်။ ဟံသာ ဆွေ့ငြိမ်သက်နေမိသေး၏။

နောက်ဆုံးအချစ်ဟာ အချစ်ပါပဲဟု တစ်ဖက်သတ်တွေးကာ ဝတီ့ဆီ ဖုန်းခေါ်လိုက်ပါသည်။

"ဟလို"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"မနေ့ညက အခြေအနေဘယ်လိုလဲ ဟံသာ"

ဝတီနှင့်ပတ်သက်ပြီး မေးလာခြင်းဖြစ်သည်။ ဟံသာက သာမြတ်ကို ပခုံးတွန့်ပြလိုက်ရင်း ...

"ဒီလိုပါပဲကွာ ... စကားတွေ ပြောဖြစ်ပေမယ့် အဖြေအတင်းတောင်းဖို့ကျတော့ သူ့ကို ဖိအားပေးသလိုဖြစ်နေမှာစိုးလို့ ပြောမထွက်ဘူး"

စိတ်ပျက်လက်ပျက်ဟန်နှင့် သာမြတ် ခေါင်းခါလိုက်၏။

"အင်း ... မင်းကိုတော့ ငါ ဘယ်လိုတိုက်တွန်းရမှန်းတောင် မသိတော့ဘူး။ မင်း အဖြေတောင်းခြင်းက ဝတီ့အပေါ် ဖိအားဖြစ်စေမှာကို ငါ နားလည်ပါတယ်၊ ဒါပေမဲ့ကွာ ..."

စကားဖြတ်ထားလိုက်သဖြင့် ထက်လူကျော်က ...





"ဒါပေမဲ့ မဟုတ်ဘူး ... ဖိအားဖြစ်ကိုဖြစ်မှာကွ၊ ဒီအချိန် မင်းဘက်က အဖြေကောင်းကောင်းနေရင် ယောက်ျားမပီသရာလည်း ကျဦးမယ်၊ သူ့ဘက်က ပွင့်အံထွက်လာမှာကိုပဲ စောင့်လိုက်ပါ ဟံသာရာ၊ ဒီကြားထဲ မင်း သူ့ကို အားပေး၊ ပြီးတော့ ... သူ့အခက်အခဲကို ဖြေရှင်းပေး အဲဒါပဲ မင်း လုပ်သင့်တယ်"

ဟံသာက ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာ မှန်တယ် ထက်လူ၊ လာ ... သွားကြစို့"

"ဟင် ... ဘယ်လဲ၊ ကင်တင်းမှာ မနက်စာ စားဦးမယ်လေ"

ရယ်ကျဲကျဲလုပ်ရင်း ဟံသာက ...

"ဒီနေ့ မင်းတို့ကို ငါ ကျွေးပါ့မယ်၊ ဒီမှာတော့ မဟုတ်ဘူး၊ ဝတီဆိုင်နေကျ ကင်တင်းမှာကျွေးမယ်၊ လာ ... သွားစို့"

"သဘောပဲကွာ၊ ဒါဆိုလည်း ဒိုးမယ်"

သုံးယောက်သား ဝတီထိုင်နေကျ ကင်တင်းဆီသို့ ထွက်ခဲ့လိုက်၏။ လမ်းမှာလည်း သာမြတ်နှင့်ထက်လူကျော်တို့က သူတို့၏ရည်းစားတွေကို ထိုကင်တင်းသို့ ကြွချီတော်မူလာရန် ဖုန်းဆက်၍ ပြောကြားတော်မူလိုက်သေးသည်။

ကင်တင်းရှေ့သို့ရောက်၍ လှမ်းကြည့်လိုက်တော့ ...

"ဟင်"

တကယ်ပင် အံ့သြသွားရသည်။ ကင်တင်းထဲတွင် ဝတီနှင့်အတူ ဒုးကျော်ကို တွေ့လိုက်ရ၍ဖြစ်၏။ နှစ်ယောက်သား ရယ်ရယ်မောမော စကားတွေ ပြောနေကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟံသာတို့ ဝိုင်းထဲဝင်ထိုင်လိုက်တော့ ထူးကျော်ကအရင် . . .

"ဟာ . . . ကိုဟံသာတို့၊ ကိုသာမြတ်တို့ပါလား၊ ထိုင်ကြလေ . . . တစ်ခုခုစားပါဦး၊ ခင်ဗျားတို့ ဒီကိုလာမှာပဲဆိုတာသိလို့ ဒီကစောင့်နေတာဗျ . . . အဟဲ"

လာလာချည်သေး၊ ဒင်းက ပြန်ပြီး ညှော်တောက်ခံနေသေးသည်၊ မသိလျှင် သူကပဲ ဝတီနှင့်ပတ်သက်နေသူလိုလို၊ ညှော်သည်က အိမ်ရှင်ကို စော်ကားနေသောပုံစံမျိုးဖြစ်၏၊ ဟံသာ့စိတ်ထဲ ဖျဉ်းခနဲဖြစ်သွားသော်လည်း မျက်နှာမပျက်အောင် ထိန်းရင်း ဝင်ထိုင်လိုက်ပါ၏။

စားပွဲပေါ် လှမ်းကြည့်လိုက်တော့ ဆေးဘူးအချို့နှင့် ပန်းသီးတစ်ထုပ်ကိုပါ တွေ့လိုက်ရသဖြင့် ဝတီ့ကို လှမ်းမေးလိုက်သည်။

"ဝတီ . . . အဲဒါတွေက ဘာတွေလဲ"

ပြန်ဖြေရန် ဝတီ ဟန်ပြင်လိုက်ရုံလေး ရှိသေးသည်၊ ထူးကျော်က ဖြတ်၍ . . .

"ဩော် . . . မျက်စိအားဆေးနဲ့ ပန်းသီးတွေလေ၊ မဝတီက မျက်စိအားနည်းလို့ Facebook တောင် မကြည့်နိုင်ဘူးဆို၊ အဲဒါကြောင့် ဝယ်လာပေးတာဗျ၊ ပန်းသီးကတော့ ကျွန်တော်လည်း ကြိုက်တာနဲ့ အားလုံးစားရအောင် ဝင်ဝယ်လာတာ"

ဟံသာ့စိတ်ထဲ ဝတီအပေါ် ပိုင်စိုးပိုင်နင်းရှိလှသော ထူးကျော့်ကို ပို၍ချဉ်လာမိသည်။ ဝတီ့ဆီ မသိမသာ လှမ်းကြည့်လိုက်တော့ ဝတီက အားနာသောမျက်နှာပေးလေးနှင့် ခပ်ယဲ့ယဲ့ပြုံးပြသည်။

ဟံသာက ရွှဲ၍ တမင်ပြန်ပြောလိုက်၏။





"အေးလေ . . . မင်းလို အလိုက်ကန်းဆိုး . . . အဲလေ အလိုက်သိတတ်တဲ့ သူငယ်ချင်းအသစ်ရတော့ ကောင်းတာပေါ့ကွာ၊ နောက်ဆို . . . ငါတို့ရဲ့ လိုအပ်ချက်လေးတွေကိုလည်း မင်းကို ပြောထားရဦးမယ်"

ထူးကျော်က တဟဲဟဲရယ်လိုက်သည်။ ဝတီ့မျက်နှာကတော့ အနည်းငယ် ပျက်ယွင်းသွား၏။

ပြီး . . . ထူးကျော်ကပဲ သာမြတ်ကိုကြည့်ကာ . . .

"ကိုသာမြတ် . . . မပိုးအိတို့ မဖင်လေးတို့ရော မလာသေးဘူးလားဗျ"

ထိုစကားကြောင့် သာမြတ် တွန့်ခနဲဖြစ်သွားရင်း . . .

"ဟင် . . . ဘာလုပ်မလို့လဲ"

"ဩော် . . . ဒီလိုပါ၊ အားလုံးကို ကျွန်တော် တစ်နေရာမှာ ကောင်းကောင်းပြုစုချင်တယ်လို့ ပြောဖူးတယ်လေ၊ အဲဒါ . . . လူစုံရင် ကန်တော်ကြီးထဲက ကရဝိတ်ထဲမှာ ဘူဖေးလိုက်ကျွေးမလို့ဗျ"

သာမြတ်မျက်နှာက ဝင်းခနဲဖြစ်သွားသည်။ ဟံသာက ဆတ်ခနဲဖြတ်၍ မေးလိုက်သည်။

"မင်းက အဲဒီမှာ စားနေကျမို့လို့လား"

ထူးကျော်က . . .

"ကရဝိတ်ထဲမှာတော့ မကြာခဏ စားဖူးပါတယ်၊ ခုလည်း . . . ဝတီက အဲဒီမှာစားဖူးတယ်တဲ့၊ အဲဒါကိုပဲ ခုနက ပြောနေကျတာ"

"တစ်ခါတည်းပါ ထူးကျော်ရယ်၊ နိုင်ငံခြားက ညှော်သည်တွေကိုတောင် အဲဒီမှာ လိုက်ကျွေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝတီက ရယ်ဟာဟာလေးနှင့် ပြန်ကာပြောသည်။

ထူးကျော်ကပဲ ...

"မဝတီ ရောက်ဖူးတော့လည်း ကောင်းတာပေါ့၊ ဒါနဲ့ ကိုဟံသာ တို့ရော ရောက်ဖူးရဲ့လား"

မသိမသာ နှိမ်လိုက်သောမေးခွန်းဖြစ်သည်။ ဟံသာက ခေါင်းခါ လိုက်ရင်း ...

"ငါတို့တော့ ရောက်ဖူးပါဘူး၊ မင်းက ရောက်ဖူးတယ်ဆိုတော့ အဲဒီ ကရဝိတ်နဲ့ကန်တော်ကြီးအကြောင်း သိသလောက် ပြောပြပါဦးကွ"

ပြန်ကာ ကျပ်လိုက်သဖြင့် ထူးကျော် အိုးတိုးအမ်းတမ်းဖြစ်သွား သည်။ ချက်ချင်းပဲ မျက်နှာကို ပြန်ပြင်ကာ ဟံသာကို မေးလာ၏။

"ကရဝိတ်ဟာ ... ကရဝိတ်၊ ကန်တော်ကြီးဟာ ... ကန်တော် ကြီးပဲပေါ့၊ ဘာများသိစရာလိုလို့လဲ၊ ကိုဟံသာသိရင် ပြောပြလေ၊ ကျွန်တော် ဗဟုသုတ ရတာပေါ့"

ကိုယ့်ကို ပြန်ထည့်လိုက်သော မေးခွန်းဖြစ်သည်။ ဟံသာက တုန် လှုပ်ဟန်မျှပင် မရှိဘဲ ...

"ကန်တော်ကြီးကို လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀) ကျော်ကပဲ တူးဖော် ရေသွင်းပြီး ရန်ကုန်မြို့ထဲ ရေပေးဝေမှုကို ပံ့ပိုးနိုင်ဖို့ တူးဖော်ခဲ့တာကွ ဗြိတိသျှကိုလိုနီလက်ထက်ပေါ့ကွား အဲ ... ထပ်ပြောရရင် ကန်တော်ကြီးနဲ့ အင်းလျားကန်ကို မြေအောက်ရေထွက်ပေါက်တွေနဲ့ ဆက်သွယ်ထားသေး တယ်"

အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်တော့ ထူးကျော်အပြင်





အားလုံးက စိတ်ဝင်တစား နားထောင်နေကြသဖြင့် ဆက်ကာပြောလိုက် သည်။

"ကန်တော်ကြီးရေကန်ကို အက်ကာ (acer-140) ကျယ်တဲ့ မြေပြင်နဲ့ ဖွဲ့စည်းထားပြီး ကန်ကို ပတ်လည်ဝိုင်းရံထားတဲ့ ဥယျာဉ်ကုန်းမြေ ကတော့ အက်ကာ (acer-110) ကျယ်တယ်"

စကားကို ခဏဖြတ်ထားပြီးမှ ဆက်ပြောလိုက်သည်။

"ရေကန်ထဲမှာရှိတဲ့ ကရဝိတ်ကိုတော့ ရွှေတိဂုံဘုရားကို ဦးခိုက် နေတဲ့ ဒဏ္ဍာရီလာ ငှက်ပုံစံတည်ဆောက်ထားတယ်၊ အဲဒါကတော့ မြန်မာ အစိုးရလက်ထက်မှပါ၊ (၁၉၇၂) ခုနှစ်ကပေါ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေနဲ့ ... ကာအစွမ်းကို ဖော်ဆောင်ထိန်းသိမ်းဖို့ ရည်ရွယ်ပြီး တည်ဆောက်ခဲ့တာ ...။

ကရဝိတ်နန်းတော်ကြီးကိုတော့ အလှ္ကာသုံးလွှာနဲ့ ဖွဲ့စည်းထားတယ် ... ပြီးတော့ ... လောကနတ်၊ ရွှေဝါ၊ ဥတ္တရနဲ့ ဒက္ခိဏဆိုပြီး အဆောင် ... ဆောင်လည်း ခွဲထားသေးတယ်၊ အထဲမှာတော့ ရှေးမြန်မာတို့ရဲ့ဟန် ... ယဉ်ကျေးမှုတွေအပြင် ခု အပြင်မှာတွေ့ရခဲတဲ့ ပန်း (၁၀) မျိုးကိုပါ ... ရနိုင်သေးတယ်၊ ငါသိတာကတော့ ဒါပဲ၊ မင်းပြောတဲ့ ဘူဖေးစျေးနှုန်း ... ငါ မသိဘူး"

စကားဆုံးတော့ ငြိမ်ကာနားထောင်နေကြသော မျက်နှာတွေ ပြန် ... အသက်ဝင်လာကြသည်။

ထူးကျော်က အရင် ...

"ဟာ ... ဘူဖေးစျေးနှုန်းက အရေးမကြီးပါဘူး၊ ကိုဟံသာက



www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတ တော်တော်ရှိတာပဲ၊ ဉာဏ်လည်းကောင်းတယ်၊ မှတ်သားထားနိုင်တာကို ပြောတာပါ''

''ဒါကတော့ ငါက မြန်မာနိုင်ငံသားစစ်စစ်မို့လို့ပါ''

ပြန်ကာ နှိုက်ကွပ်လိုက်၏။ ဝတီကလည်း ဟံသာကို အထင်ကြီးသော မျက်ဝန်းတွေနှင့်ကြည့်ကာ . . .

''ဟံသာ . . . နင်က တကယ်တော်တာပဲ သိလား''

စိတ်ထဲ အတော်ကျေနပ်သွားရ၏။ ထူးကျော်သာမရှိပါက ဒါဆိုလည်း အဖြေပေးလိုက်တော့လေဟုပင် ပြောမိမလားမသိချေ။ ခုတော့ ပခုံးပဲ တွန့်ပြလိုက်၏။

''ကဲပါဗျာ . . . ခုတော့ ကိုဟံသာပြောသလို မြန်မာ့ယဉ်ကျေးမှုတွေရှိနေတဲ့ ကရဝိတ်ထဲမှာပဲ ဘူဖေးသွားစားကြတာပေါ့''

ဝတီကလည်း . . .

''အေးလေ . . . ပိုးအိတို့လာရင် သွားတာပေါ့''

ထိုစဉ်မှာပဲ ဟံသာ့အကြည့်က ဆိုင်ထောင့်တစ်နေရာမှ ထ,ကာ ထွက်သွားသော တစ်နေ့က လူစိမ်းကို တွေ့လိုက်ရသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ ချက်ချင်းပင် သာမြတ်တို့ကို လက်တို့လိုက်ပြီး . . .

''ဟော့ကောင်တွေ ခဏလိုက်ခဲ့ဦး . . . အရေးကြီးတယ်''

''ဟံသာ . . . ဘယ်ကိုလဲ''

ဝတီ့အမေးကိုပင် ပြန်မဖြေနိုင်ဘဲ ထ,ထွက်လာခဲ့သည်။ နောက်မှ ဟိုနှစ်ကောင်လည်း အူတူတူနှင့် လိုက်လာကြသည်။

ဆိုင်အပြင်ရောက်မှ သူတို့နှင့် ဓာတ်တိုင်တစ်တိုင်စာလောက် ကွာ





နေသော လူစိမ်းကို ညွှန်ပြလိုက်ရင်း . . .

''ဟော့ကောင်တွေ . . . ငါပြောတာ ဟိုရှေ့က လူကွ၊ ဝတီ့ကို လာစောင့်ကြည့်နေတာ''

''ဟာ . . . ဟုတ်လား''

''လာကွာ . . . လိုက်ကြည့်မယ်''

နှစ်ကောင်စလုံးက အားတက်သရော ပြောလာကြသည်။ ထိုလူကလည်း နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း ဟံသာတို့ကိုမြင်သဖြင့် လှမ်းကို သွက်လိုက်၏။

ဟံသာတို့ မြန်လေ ထိုငနဲကလည်း သုတ်လေဖြစ်သည်။ ဘယ်ကို ည်နေမှန်းမသိဘဲ သင်တန်းဝင်းထဲ လျှောက်သွားနေခြင်းဖြစ်၏။

သို့သော် . . .

တစ်နေရာအရောက်မှာတော့ ရပ်ထားသည့် ပင်ကားအဖြူတစ်စီး ဆတ်ခနဲတက်လိုက်သည်။ ပြီး . . . ဟံသာတို့ကို ခေါင်းပြူလှည့်ကြည့် မောင်းထွက်သွားလေ၏။

ရုတ်တရက်မို့ ဟံသာတို့လည်း ကြောင်ကာ ကျန်ရစ်ခဲ့ကြ၏။ ခပ် လှမ်းအနေအထားမို့ ကားနံပါတ်လေးပင် မမှတ်နိုင်လိုက်ကြ။ သာမြတ် ထက်ခေါက်လိုက်ရင်း . . .

''တောက်! . . . ဘာကောင်လဲကွ၊ ဒီကောင် ငါတို့လိုက်လာတာ အမြန်လစ်သွားတာပဲကွ''

''အမှန်ပဲ သာမြတ်၊ ဒီကောင် ဝတီ့ကို လိုက်စောင့်ကြည့်နေတာ မောင်ဆိုတဲ့အကောင့်ပိုင်ရှင် ဟုတ်,မဟုတ်တော့ မသေချာသေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဟံသာ့စကားအဆုံးမှာ ထက်လူကျော်က ...

"အနီးစပ်ဆုံးတွေးကြည့်ရင် ဖြစ်နိုင်သလောက်ရှိတယ်ကွ၊ လာကွ ... ဒီအနားက ကင်တင်းတစ်ခုထဲ ဝင်ပြောရအောင်၊ နေပူတယ်၊ ဟိုလ နောက်ကို လိုက်ရလို့လည်း ညောင်းနေပြီ"

သုံးယောက်သား နီးစပ်ရာ ကင်တင်းတစ်ခုထဲ ဝင်ထိုင်လိုက်ကြ ၏။

ခပ်ငူငူပုံစံနှင့်ထိုင်နေသော ဟံသာကိုကြည့်ကာ ထက်လူကျော်က

"ငါတို့နှစ်ယောက်လည်း အဲဒီကောင်ကို မြင်ဖူးလိုက်ပြီဆိုတော့ နောက်နေ့တွေကျရင် လူခွဲပြီး စောင့်ကြည့်ပေးမယ်"

"ဒီကောင်ကို တစ်ရက်တော့ မိမှာပါ၊ လောလောဆယ် ကားနံပါတ် မသိလိုက်ရတာ နာတယ်"

"ဟံသာ ... မင်း ဘာတွေစဉ်းစားနေတာလဲ"

သာမြတ်လှမ်းပြောလိုက်သဖြင့် ဟံသာ လှုပ်လှုပ်ရှားရှားဖြစ်သွား ပြီး ...

"ဪ ... အင်း ... ငါလည်း မင်းတို့လိုပဲ စဉ်းစားနေတာ ပြီးတော့ ... နောက်တစ်ခု ထပ်စဉ်းစားမိသေးတယ်"

"ဟေ ... ဘာကိုလဲ"

ဟံသာမျက်နှာတည်သွားရင်း ...

"မင်းတို့နဲ့ပတ်သက်ပြီး သိရတဲ့ ထူးကျော်ကိုပါ၊ ဒီကောင်က ဝတီ့ စိတ်ဝင်စားနေတာလား၊ အနေအထိုင်က နည်းနည်းသိသာနေသလိုပဲ"

ထိုစကားကြောင့် သာမြတ်က ရယ်လိုက်ပြီး ...





"မင်း စိုးရိမ်လွန်နေတာ ဖြစ်မှာပါကွာ၊ ဒီကောင်လေးက ခပ်ကြောင် ကြောင်ပါ၊ ဘော်ဒါမရှိလို့ လာပေါင်းနေတာကွ၊ ထူးကျော်ကို ခေါင်းထဲ ထည့်မထားနဲ့၊ မင်းနဲ့ဝတီတို့ ချစ်သူတွေဖြစ်လုဖြစ်ခါနီးဆိုတာလည်း ကောင် သိနေတာပဲ"

"ဟုတ်သားပဲ ဟံသာရာ၊ ချောမောင်ရဲ့အကောင့်ရယ်၊ ဟိုလူစိမ်း ကြောင့် မင်း ပိုပြီးစိတ်ပူနေတာပါ၊ ကဲပါ ... ထူးကျော် တည်ခင်းကျွေး မယ့် နေ့လယ်စာ ဘူဖေးကို ကရဝိတ်မှာဆွဲရအောင် ... သွားစို့"

သုံးယောက်သား ဝတီတို့ရှိရာသို့ ထွက်လာခဲ့ကြသည်။ သို့သော် ရောက်တော့ သုံးယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိ ကြတော့၏။ ဝတီတို့ ထိုင်နေခဲ့သောနေရာတွင် ဘယ်သူမှမရှိကြတော့ချေ။

ထက်လူကျော်က ကြောင်တောင်တောင်မျက်နှာလေးနှင့် ...

"ဘာလဲကွ ... ဘယ်ရောက်သွားကြတာလဲ"

"အေးလေ ... တစ်နေရာကိုများ သွားတာလား ဟံသာ၊ ဝတီ့ ဖုန်းကို ဆက်ကြည့်ပါဦး"

ဘာမှပြန်မပြောမနေဘဲ ဝတီ့ဆီ ဖုန်းခေါ်လိုက်သည်။ ဖုန်းက မအား လေးငါးခါဆက်တိုက်ခေါ်တော့မှ ဖုန်းဝင်သွားသည်။ တစ်ဖက်မှ ဖုန်း ကိုင်လိုက်ကာ ချက်ချင်းပဲ ...

"ဟံသာ ... နင်တို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် လိုက်လာခဲ့ကြတော့၊ ကြာနေလို့ အရင်သွားလိုက်တာ ...၊ ငါတို့က ကရဝိတ်ထဲတောင် ရောက်နေပြီ"

ဟံသာ အံ့ဩသွားရ၏။ ပို၍အံ့ဩမိသည်က ဝတီ့ဖုန်းကို ကိုင်အိ

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ ပြန်ပြောနေခြင်းဖြစ်သည်။

ဟံသာက . . .

''မိုးအိ . . . ဝတီက ဘယ်သွားနေလို့ နင်က သူ့ဖုန်းကို ကိုင်ထာ
လဲ''

''သြော် . . . ဝတီလား၊ ထူးကျော်နဲ့ စားစရာသွားယူနေတယ်
ဘူဖေးဆိုတော့လေ၊ နင်ဖုန်းဆက်ရင် ဒီကိုပဲ လိုက်ခဲ့လို့ ဝတီက မှာထာ
လို့ဟ''

''ဘာ''

စိတ်ထဲအောင့်သွားရ၏။ ချက်ချင်းပဲ တင်းလာသောစိတ်ကြောင်
''ငါ မအားလို့ မလာတော့ဘူး၊ နင်တို့ပဲ ကောင်းကောင်းစား
ဒါပဲဟာ''

ပြောပြီး ဖုန်းချလိုက်၏။ ကိုယ်က သူ့ကိစ္စအတွက် လိုက်လုပ်
နေသည်ကိုမှမထောက်။ မစောင့်ဘဲ ထွက်သွားသည်တဲ့လေ။ ဘာဖြစ်
လိုက်သွားစရာလိုတော့သနည်း။

''တောက်!''

တက်ခေါက်လိုက်သဖြင့် သာမြတ်က . . .

''ဟော့ကောင် . . . ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ဘူး၊ ကရဝိတ်ကိုရောက်နေပြီတဲ့၊ မင်းတို့စားချင်
လိုက်သွားကြ၊ ငါတော့ မလိုက်ဘူး . . . ဒိုးပြီ''

ပြောပြီး ဆတ်ခနဲ လှည့်ထွက်လာခဲ့သည်။ ဟံသာ့နောက်
ကိုကြည့်ကာ ထက်လူကျော်က သာမြတ်ကို ခပ်တိုးတိုး ပြောလိုက်





''ဟံသာ တင်းရင်လည်း တင်းစရာပဲဟ၊ ငါ့စိတ်ထင် ဒီကောင်
ထူးကျော်ကို မယုံတာ ငါတို့လည်း လက်ခံရတော့မယ် ထင်တယ်''

စကားအဆုံးမှာ သာမြတ်လည်း သက်ပြင်းချမိတော့၏။ ဝတီနှင့်
တယ်သက်ပြီး ဘာတွေဆက်ဖြစ်လာမည်ကို သူတို့လည်း မသိတော့ချေ။

ဟံသာလည်း တင်းတင်းနှင့် ဒိုးလေပြီ၊ မိုးအိကိုလည်း ဟံသာ့
အကြောင်း ဝတီ့ကို ပြောပြခိုင်းရမည်ဟု သာမြတ် တွေးထားလိုက်၏။

သောသောဆယ်တော့ သူတို့နှစ်ယောက်လည်း ပုန်းကြောင်ပြီ
ထိုတာ တစ်ပါတည်း သိလိုက်ရပါသည်။

အားလုံး ဒီနေ့အဖို့ ပြီးပြီ။

ဟင်း . . .။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ထိုနေ့ညက ဟံသာ ဝတီ့ဆီ ဖုန်းမဆက်ဖြစ်ချေ။ စိတ်ပေါက်ပေါ
နှင့် မက်ဆေ့ချ်တစ်စောင် ပို့ပစ်လိုက်၏။

ဝတီ ... နင့်ဟာနင် Facebook ကြည့်လို့မကလို့ လုပ်ချင်တာသ
လုပ်တော့ဟု။

ဟုတ်သည်လေ။ စိတ်ဆိုးချင်လည်း ဆိုးစေတော့။

နောက်နေ့ သင်တန်းရောက်တော့လည်း ဝတီထိုင်တတ်သည့်
ကင်တင်းသို့ မသွားဘဲနေလိုက်၏။

သို့သော် ...

ဝတီက ဟံသာရှိရာ ကင်တင်းသို့ ရောက်ချလာပါသည်။ ကင်တ
ထဲ၌ ဟံသာတစ်ယောက်တည်း ထိုင်နေချိန်မှာ ဖြစ်၏။





မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ရင်း ဝတီက ခပ်တည်တည်ကြည့်
... ...

"ဟံသာ ... နင် ဘာဖြစ်နေတာလဲ"

ပခုံးအသာတွန့်လိုက်ရင်း ဟံသာက ...

"ဘာမှမဖြစ်ဘူးလေ၊ ဒီမှာထိုင်နေတာ မမြင်ဘူးလား"

ထိုစကားကြောင့် ဝတီ မျက်ခုံးအတွန့်ချိုးသွားပြီး ...

"အေး ... မြင်တယ်၊ ငါမေးတာက နင် မနေ့ညကပို့တဲ့ မက်ဆေ့ချ်
ကြောင်း၊ ဘာကိုဆိုလိုချင်တာလဲ နင်က"

ဟံသာက မပွင့်တပွင့် ရယ်လိုက်သည်။

"အရှင်းကြီး ရေးထားတာပဲလေ၊ ပြီးတော့ ... မြန်မာစာနဲ့ ရိုက်
တာ"

ဝတီ့မျက်နှာလေးက သုန်မှုန်သွားသည်။ ပြီး ... ဟံသာကို စိုက်
ကြည့်ကာ ...

"ဟံသာ ... မနေ့က နင့်ဟာနင် ဘာမှမပြောဘဲ ထ,ထွက်သွား
နော်၊ ငါတို့ စောင့်နေသေးတယ်၊ ကြာတာနဲ့ ထွက်သွားလိုက်တာ၊
မယ့်သူက ပြန်စောင့်နေရတာကို အားနာလို့"

"ဟုတ်လား ... အားနာရမှာပေါ့"

"မရွှေနဲ့ ဟံသာ၊ နင် ဖုန်းဆက်တော့ လိုက်လာဖို့ ပြောခဲ့သေးတာ

"နင်ကိုယ်တိုင် ပြောတာမှမဟုတ်တာ ဝတီ"

ဟံသာက တစ်ခွန်းချင်း ပြန်ကာပြောနေလိုက်သည်။ ဝတီက

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပို၍တင်းလာဟန်နှင့် . . .

"ဟံသာ . . . နင်က ယောက်ျားလေးဖြစ်ပြီး သဘောထားသေးသိမ်နေတာပဲ၊ နင့်ဟာနင် မနေ့က ထ,ထွက်သွားတာလေ၊ ညကလည်း စိတ်ဆိုးတဲ့ပုံစံမျိုးနဲ့ မက်ဆေ့ချ်ပို့တယ်၊ ဒီနေ့မနက်လည်း ငါ့ဆီမလာဘူး အဲဒါ နင် သေးသိမ်နေတာပေါ့"

ရင်ထဲမှာ ဖျဉ်းခနဲဖြစ်သွားရသည်။ ငါ မနေ့က ဘယ်ထွက်သွားတယ်ဆိုတာ နင်သိရဲ့လားဟု ပြန်မေးမနေတော့။ ဆန့်ကျင်သောစကားကိုပဲ ဆိုလိုက်သည်။

"သေးသိမ်တဲ့ ငါ မလာလည်း၊ သဘောထားကြီးတဲ့ကောင်ကို မျှော်နေပေါ့ ဝတီရာ"

"တောက်!"

တက်ခေါက်လိုက်ရင်း ဝတီက . . .

"နင့်အပေါ် အထင်ကြီးအားကိုးထားတဲ့ ငါ့စိတ်ကို ဒီတစ်ခုတည်းနဲ့ လွှင့်ပစ်လိုက်ရတော့မလား ဟံသာ၊ နင် အရမ်းသေးသိမ်တာပဲ၊ အဲဒီစိတ်နဲ့ ငါ့ဆီမလာဘူးဆိုရင်လည်း နင့်သဘောပဲ၊ နင်လည်း လုပ်ချင်ရာတွေ လုပ်တော့ ဟံသာ၊ ဒါပဲ"

စိတ်ဆိုးခက်ထန်စွာပြောပြီး ဝတီ ထ,ထွက်သွားလေသည်။ ဟံသာလည်း လိုက်ကာတားပြီး ရှင်းမပြချင်တော့။

စေတနာကို စော်ကားတယ် ဝတီရာဟု တွေးပြီး ငုငုကြီးထိုင်နေမိသည်။ ချစ်ခဲ့သမျှ ပြန်ရလိုက်တာ ဒီလောက်လေးပဲလား။ ကိုယ့်ကို သဘောထားသေးသိမ်သည်တဲ့လေ။ ရင်ထဲ ထုံကျဉ်မွန်းကျပ်လာမိသည်။





ထိုစဉ်မှာပဲ ကင်တင်းရှေ့မှ ခပ်ဖြည်းဖြည်း ဖြတ်မောင်းသွားသည့် ဘူစီးဒါကားကို တွေ့လိုက်ရသဖြင့် ဟံသာ လှုပ်ရှားသွားရ၏။ ဆတ်ခနဲ ရပ်ကာ ကင်တင်းမှ စက်ဘီးတစ်စီးငှား၍ နောက်က နှင်းလိုက်သွားလိုက်၏။

နောက်ဆုံး . . . ဝတီဘက်က ဘာမှပြန်မရသည့်တိုင် ချစ်စိတ်ဖြင့် အကွယ်စောင့်ရှောက်ပေးရဦးမည်လေ။ ဒါသည်ပင် အချစ်ပဲ မဟုတ်လား။

သို့သော်လည်း . . .။

■

www.burmeseclassic.com

## အခန်း (၁၄)

ထိုရက်ပိုင်းများအတွင်း ဟံသာ ဝတီနှင့် မတွေ့ဖြစ်ချေ။ မတွေ့ ဝတီရှိသည့်ဘက်သို့ မသွားသလို ညဘက်တွေမှာလည်း ဖုန်းမဆက်ဖြ သည့်ကိုး။

ကိုယ့်တာသာကိုယ် ကြိတ်၍ ဝတီ့အား စောင့်ကြည့်နေသည့် လူ အကြောင်းပဲ စုံစမ်းနေမိသည်။ ထိုရက်များအတွင်းဝယ် တစ်ခုထူးခြားသည် Facebook တွင် ချောမောင်အကောင့်မှ ဝတီနှင့်ပတ်သက်သောပုံ စာများလည်း တင်တာမတွေ့ရပြန်ချေ။ ထို့ကြောင့် စဉ်းစားမိသည်။ ထို စိမ်းသည် ချောမောင်ဆိုသည့် အကောင့်ပိုင်ရှင်ပေပဲလား။ တိတိကျကျ ပြောလို့မရသေးပါ။

သာမြတ်နှင့်ထက်လူကျော်တို့ကတော့ ဟံသာကို ပြောပါသည်





"မင်းကွာ . . . ဝတီနဲ့ ပြဿနာဖြစ်တဲ့နေ့ကပဲ ဟိုလူစိမ်းအကြောင်း နေလို့ဆိုပြီး ရှင်းပြလိုက်ရင် ပြီးတာကို၊ ခုတော့ . . . မင်းက အဲဒါ ည်း မရှင်းပြ၊ ဝတီ့ဆီလည်းမသွားဘဲ ကြိတ်ပြီး စုံစမ်းနေတယ်"

သာမြတ်စကားအဆုံးမှာ ထက်လူကျော်ကလည်း . . .

"ဟုတ်တယ် ဟော့ကောင် . . . ကြာရင် ဘာမဟုတ်တာလေးနဲ့ နှစ်ယောက်က တဖြည်းဖြည်း ဝေးသွားဦးမယ်၊ ခုတောင် . . . ဝတီက ကွဲပြီး ထူးကျော်နဲ့ တွဲနေလားမသိဘူးကွ"

ရင်ထဲစူးခနဲအောင့်သွားရသည်။ သို့သော် အမူအရာမပျက်အောင် ပြီး ပြန်ပြောလိုက်ပါ၏။

"အဲဒါကတော့ သူ့စိတ်၊ သူ့သဘော၊ သူ့အခွင့်အရေးလေကွာ၊ ဘက်ကတော့ ငါလုပ်စရာရှိတာကို ဆက်လုပ်ရမှာပဲ၊ ပြီးတော့ . . . ငါ တို့ကို မှာထားတယ်နော်၊ ငါ ဒီလူ့အကြောင်း စုံစမ်းနေတာ ဝတီ့ကို သွားမပြောလိုက်နဲ့"

"အေးပါကွာ . . . မင်းကလည်း တစ်ယူသန်ပဲ ဟံသာ"

"ငါ့အချစ်ကို သက်သေပြဖို့က ဒီနည်းပဲရှိလို့ပါကွာ၊ ဝတီ သူ့ သာသူ ငါ့အပေါ် နားလည်လာတာကိုပဲ လိုချင်တယ်"

စကားဝိုင်းလေးက ငြိမ်သက်တိတ်ဆိတ်သွားသည်။ အတန်ကြာမှ လူကျော်က စကားပြန်စ,လာ၏။

"မင်း . . . ဒီရက်ပိုင်းတွေထဲမှာ ဝတီ့ကို သတိမရဘူးလား ဟံသာ"

"ဖြေစရာကိုမလိုတဲ့ မေးခွန်းပဲ"

ဟံသာက ခပ်တိုးတိုး တုံ့ပြန်လိုက်၏။ သာမြတ်နှင့်ထက်လူကျော်



www.burmeseclassic.com

www.burmeseclassic.com

တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းသာချလိုက်မိကြ၏။

ထိုစဉ်မှာပဲ သာမြတ်၏ဖုန်းက မြည်လာသည်။ ဖုန်းဖွင့်၍ တစ်ဖက်မှ ပြောစကားကို နားထောင်လိုက်၏။ တစ်ဖက်မှ ဘာပြောသည်မသိ။ သာမြတ် မျက်လုံးပြူးသွားပြီး ...

"ဘာ ... ဟုတ်လား"

"... ... ... ..."

"သြော် ... အေး ပြဿနာဆက်မဖြစ်ဘူးဆို တော်သေးတာပေါ့"

"... ... ... ..."

"အေးပါ ... ငါသိပြီ၊ ဒါပဲနော် ... ဗိုးအိ"

ဖုန်းပိတ်လိုက်ကာ သာမြတ်က ဟံသာကို ကြည့်လိုက်သည်။

"ကွိုင်တက်လို့ကွ ... ဝတီတို့"

"ဟင် ... ဘယ်လို ... ဘယ်လို"

ချက်ချင်း ပြန်မေးလိုက်တော့မှ သာမြတ်က လေပူတစ်ချက် မှုတ်ချလိုက်ရင်း ...

"မင်းရော၊ ငါတို့ပါ လိုက်ပြီး စောင့်ကြည့်နေတဲ့ ဟိုလူစိမ်းလေးဒီနေ့လည်း ဝတီ့ကို လိုက်ကြည့်နေရင်းက ထူးကျော်နဲ့ ပြဿနာတက်လို့တဲ့"

"ဘာ"

"ဟုတ်တယ် ဟံသာ၊ ထူးကျော်က သွားမေးရင်း အဲဒီလူနဲ့ ပြဿနာဖြစ်တာ၊ နည်းနည်းတောင် ရုန်းရင်းဆန်ခတ်ဖြစ်ကြသေးတယ်၊ ခုတော့ အဲဒီလူလည်း လစ်သွားပြီတဲ့"





"အဲဒီလူကို ဘယ်သူမှန်းတော့ မသိလိုက်ဘူးပေါ့"

"ဟောအေး ... အဲဒါတော့ မမေးလိုက်ရဘူးကွ"

စကားအဆုံးမှာ ဟံသာက သက်ပြင်းငွေ့ငွေ့ချလိုက်ရင်း ...

"အင်း ... အဲဒီလူ ထပ်ပေါ်မလာဘူးဆိုရင်တော့ မင်းတို့ရောငါပါ အလုပ်တစ်ခု သက်သာသွားတာပေါ့ကွာ၊ မင်းတို့လည်း ခုတစ်လောငါ့ကြောင့် CCTV မှာတောင် ဘာပုံမှမတင်ဖြစ်ဘူးမလား"

သာမြတ်က ခပ်လေးလေး ခေါင်းခါလိုက်သည်။

"အဲဒါက အရေးမကြီးဘူး ဟံသာ၊ CCTV မသုံးဖြစ်လည်း ငါတို့အတွက်က ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ ... ခုလိုဖြစ်သွားတာက မင်းအတွက်မကောင်းဘူးဟ"

"ဘာမကောင်းတာလဲ"

"မင်းပဲ စဉ်းစားကြည့်လေ ... ခုကိစ္စကြောင့် ဝတီက ဟိုကောင်ထူးကျော်အပေါ် ပိုပြီးအားကိုးသွားနိုင်တယ်ကွ ... သိရဲ့လား"

"ဟော"

ပါးစပ်ဟောင်းလောင်းလေးနှင့် ဟံသာ တွေဝေငြိမ်သက်သွားသည်။ အဲဒီလိုပဲ တကယ်ဖြစ်တော့မှာလား။ ကံကြမ္မာသည် သူ့အပေါ် သူ့အပေါ် စနစ်တကျ အလဲထိုးလိုက်ပြီလား။

လောလောဆယ် မျက်စိမှိတ်၊ အံကြိတ်ပြီး ငြိမ်ဆိတ်နေဖို့မှအပ ဟံသာအတွက် လုပ်စရာမရှိတော့ပါချေ။

ထိုသို့ဖြင့် ...

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

နောက်ပိုင်းရက်တွေအတွင်း ဟံသာတစ်ယောက် သာမြတ်တို့ကိုပါ ရှောင်နေမိသည်။ ကိုယ့်လုပ်ရပ်တွေကိုလည်း ပြန်တွေးကာ နောင်တရနေမိ၏။

တကယ်ပဲ မှားသွားပြီလား။ ဝတီ မိမိအပေါ် လုံးဝသံယောဇဉ် မရှိတော့ပြီလား။ ထူးကျော် . . . နင်နဲ့ကော ပိုပြီးနီးကပ်သွားပြီလား။ ဘာမှ ပြန်လည်ပြင်ဆင်ခွင့်မရှိတော့ပြီလား။

မေးခွန်းတွေက များစွာ . . . များစွာ။ အဖြေရှာမတွေ့သေးသည့် မေးခွန်းတွေ။ ဟား . . .။

ကိုယ့်ကိုယ်ကိုယ် ပြန်မေး ပြန်တွေးကာ ပြန်စဉ်းစားမိလိုက်တိုင်း ရင်ထဲမှာ တနင့်နင့် နာကျင်နေမိသည်။ ဘာဆက်လုပ်ရမည်မှန်းလည်း ဟံသာ





သိတော့။ ဝတီနှင့် ပို၍ပို၍ ဝေးကွာသွားပြီထင်ပါသည်။

အံကြိတ်ကာ မျက်စိမှိတ်ထားလိုက်ချိန်မှာပဲ . . .

"ဟော့ကောင် . . . ဟံသာ လာလာ၊ ငါတို့နဲ့ ခုချက်ချင်း လိုက်ခဲ့၊ ဟိုမှာ ဝတီနဲ့ ထူးကျော်တို့ ကွိုင်အကြီးအကျယ် တက်နေကြပြီ"

"ဘာ"

ဟံသာ ဝုန်းခနဲ ထ,ရပ်မိလိုက်၏။ သာမြတ်တို့က ပြန်ပြေးထွက်သွား၍ ဘာမှမေးချိန်မရဘဲ နောက်မှ ပြေးလိုက်သွားလိုက်၏။

စာမသင်သော သင်တန်းခန်းမအလွတ်တစ်ခုထဲသို့ သုံးယောက်သား အပြေးတစ်ပိုင်းနှင့် ဝင်ရောက်သွားချိန်မှာတော့ . . .

"ဟာ"

မျက်ဝန်းအစုံထဲမှာ မီးထ,တောက်သွား၏။ ထူးကျော်က မုန်ယိုသောမျက်နှာလေးနှင့် ဝတီ့ကို အတင်းသိုင်းကာ ဖက်နေသောကြောင့် ဖြစ်သည်။ ထူးကျော်ပါးစပ်ကလည်း ဗလုံးဗထွေးနှင့် . . .

"မရဘူး ဝတီ . . . မင်း ကိုယ့်ကိုပဲ ချစ်ရမယ်၊ ကိုယ် မင်းကို မခွဲနိုင်ဘူး"

ဝတီက ရုန်းဖယ်ရင်း . . .

"ထူးကျော် . . . နင် ခွေးလိုမယုတ်မာနဲ့နော်၊ ငါ နင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တာ၊ လွှတ်စမ်း"

ပြောရင်း ထူးကျော်လက်မှ လွတ်သွားချိန်မှာပဲ ဝတီ လက်တစ်ဖက်က မြောက်တက်သွားလေ၏။

"ဖြန်း!"



www.burmeseclassic.com

www.burmeseclassic.com

ထူးကျော် လည်ထွက်သွားပြီးမှ ဝတီ့ကို ပြန်ကာစိုက်ကြည့်လိုက်ရင်း . . .

"သြော် . . . မင်းက မင်း အခက်တွေကို ဖြေရှင်းဖြည့်ဆည်းပေးတဲ့လူကိုတောင်မှ ရိုက်တယ်ပေါ့၊ မင်း ငါ့လက်က မလွတ်စေရဘူး ဝတီ"

ထူးကျော် ထပ်လှုပ်ရှားရန် ပြင်လိုက်ချိန်မှာပဲ . . .

"ဟေ့ကောင် ထူးကျော် . . . မင်း နောက်ဆုတ်လိုက်တော့"

ပြောရင်း ဟံသာက ရှေ့သို့ တိုးသွားလိုက်သည်။ ထိုအခါမှ မှုန်နေသော ထူးကျော်လည်း ဟံသာကိုမြင်သွားဟန်တူသည်။ ရှုံ့နှမ်းသော မျက်နှာပေးမျိုးဖြင့် ခက်ထန်စွာပြန်ကြည့်လျက် . . .

"မင်း . . . မင်းက ဘာလာရှုပ်တာလဲ ဟံသာ၊ ငါတို့ကြားမှာ မင်း ဝင်မပါပါနဲ့"

ထိုစဉ်မှာပဲ ဝတီက ဟင့်ခနဲရှိုက်ကာ ဟံသာ့ရင်ခွင်ထဲသို့ ပြေးဝင်လာလေ၏။

"ဟံသာ . . . ငါ့ကို ကယ်ပါဦး၊ ငါ လိုက်လိုက်လျောလျော ဆက်ဆံမိတာကို တစ်မျိုးထင်ပြီး အဲဒီကောင် ယုတ်မာတယ်"

ဟံသာက ဝတီကို သာမြတ်တို့ဘက်သို့ အနည်းငယ်တွန်းပို့လိုက်ပြီး ရှေ့တိုးကာ ထူးကျော်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။

"မင်း . . . အဲဒီလောက်တောင် ယုတ်မာတဲ့ကောင်မျိုးလား ထူးကျော်"

ထူးကော်မျက်ဝန်းတွေက အရူးတစ်ယောက်လို ဂနာမငြိမ်ဘဲ လှုပ်ရှားခက်ထန်နေသည်။ အသက်ကိုလည်း ပြင်းပြင်းရှူလျက် ဟံသာကို





ကြည့်ရင်း . . .

"ကဲကွာ . . . ဝင်ရှုပ်ဦး"

ထူးကျော်က လျှပ်တစ်ပြက် ထိုးလိုက်ခြင်းဖြစ်သော်လည်း တွေးထားသည်မို့ ဟံသာ ငုံ့ရှောင်လိုက်ရင်း လက်သီးတစ်လုံး ပြန်ပစ်သွင်းလိုက်၏။

"ခွပ်!"

"ဖုန်း!"

ထိုးချက်က အားပါကာ ထိထိမိမိ တိကျပါသည်။ ထူးကျော် ဒိုင်းခနဲ ပစ်လဲကျသွား၏။ ဟံသာကပဲ လဲကျနေသော ထူးကျော်၏နံဘေးအား ခြေထောက်နှင့် လေးချက်လောက် ဆင့်ကာ ကန်ပစ်လိုက်၏။

"ဟံသာ . . . လွန်မယ်"

ထက်လူကျော် စိုးရိမ်စွာ သတိပေးသောစကား။ ဟံသာ နောက်တစ်ချက် ထပ်ကာကန်လိုက်သေးသည်။ ထူးကျော် နာကျင်စွာ လူးလိမ့်နေတော့၏။ ပြီး . . . ခဏကြာမှ တအင်းအင်းညည်းကာ ကုန်းထလာသည်။

ဘာပြန်လုပ်မလဲဟု ဟံသာ စောင့်ကြည့်ရင်းက အံ့သြသွားရ၏။ ထူးကျော်သည် မျက်ရည်တွေကျလျက် ယုန်သူငယ်လို မျက်နှာပေးမျိုး ပြောင်းကာ ဟံသာ့ခြေသလုံးကို လာဖက်ရင်း . . .

"ကျွန်တော့်ကို မလုပ်ပါနဲ့ ကိုဟံသာ၊ ကျွန်တော် . . . ကျွန်တော့်စိတ်မထိန်းနိုင်ဘဲ မှားသွားတာပါ၊ ဘာမှမလုပ်ပါနဲ့နော်"

ဟံသာက အံ့ကြိတ်လိုက်ရင်း . . .

"မင်း လုပ်ချင်တာလုပ်ပြီးမှ အဲလို လွယ်လွယ်လေး ပြောလို့ရမလား



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ မင်း မတ်တတ်ရပ်ပြီး ဝတီ့ကို တောင်းပန်လိုက်၊ မင်းကွာ ...ငါ ထပ်လုပ်ရင်တော့ နာတော့မယ်''

''ဟုတ် ... ဟုတ်ကဲ့''

ထူးကျော်က ခပ်ရိုရိုလေး ထ,ရပ်လာသည်။ ပြီး ... ဝတီ့ဘက် မျက်နှာမူလိုက်သော်လည်း ဝတီက တခြားဘက်သို့ မျက်နှာကို လွှဲလိုက်ရင်း အသံပြတ်နှင့် ...

''ခွေးလို ယုတ်မာပက်စက်ပြီး အခွင့်ကောင်းယူတတ်တဲ့ ကောင်မျိုး ရဲ့မျက်နှာကို ငါ မကြည့်ဘူး နင်ထွက်သွားတော့''

''မ ... မဝတီ ... ကျွန်တော် ... ကျွန်တော်''

ထူးကျော်က တောင်းပန်ရန် ဟန်ပြင်လိုက်သော်လည်း ဝတီက ခပ်ပြတ်ပြတ် ထပ်ပြောလိုက်၏။

''နင့်ကို ငါ ထွက်သွားလို့ ပြောနေတယ် ထူးကျော်၊ နင် ငါ့ရှေ့ ကို ဘယ်တော့မှ ပေါ်မလာပါနဲ့၊ နင့်မျက်နှာကို ငါ လုံးဝမတွေ့ချင်ဘူး''

''မ ... မဝတီ''

စကားထပ်စရန် ပြင်လိုက်သော်လည်း ဟံသာက ထူးကျော်ရင် ဘတ်ကို ခပ်ဆတ်ဆတ် တွန်းလိုက်ရင်း ...

''ကဲ ... ကြားတဲ့အတိုင်းပဲ ထူးကျော်၊ မင်း သွားတော့၊ ခုချိန် သူပြောတဲ့အတိုင်း လုပ်တာဟာ မင်း သူ့ကို တောင်းပန်တယ်လို့ပဲ သဘော ထားလိုက်ပေါ့၊ မင်း သွားလိုက်တော့ကွာ''

အားကိုးရမလားဆိုသောအတွေးနှင့် ထူးကျော်က သာမြတ်နှင့် ထက်လူကျော်တို့ကို တစ်ချက်လှမ်းကြည့်လိုက်သေးသည်။ သာမြတ်တို့က





ည်း ရှုံ့ရှာသောအကြည့်တွေနှင့် တစ်ချက်ပြန်ကြည့်ပြီးမှ မျက်နှာလွှဲလိုက်ကြ ၏။ ထိုအခါမှ ထူးကျော်လည်း အခန်းထဲမှ ခပ်လေးလေး ခြေလှမ်းများဖြင့် ထွက်သွားလေသည်။

''တော်သေးတာပေါ့ကွာ ... ငါတို့ အချိန်မီရောက်လာလို့ပေါ့''

ထက်လူကျော်စကားအဆုံးမှာ သာမြတ်ကလည်း ...

''အေးကွာ ... ပိုးအိ ဖုန်းဆက်ပြီး လှမ်းပြောတာ မြန်လို့ပေါ့၊ ကောင် စိတ်ကောက်မှန်ရဲ့လား မသိပါဘူးကွာ၊ အထိုးခံရပြီးတာနဲ့ ပုံစံက ာပဲမဟုတ်သလို ကြောင်စီစီနဲ့ ပြန်တောင်းပန်တာ၊ ငါတောင် အံ့သြတယ်''

ဟံသာက ဘာမှမှတ်ချက်ပေးမနေတော့ဘဲ ဝတီ၏ပခုံးနှစ်ဖက်ကို ကိုင်ကာ မျက်နှာချင်းဆိုင်လိုက်သည်။ ပြီး ... အကြည့်ချင်းဆုံအောင် ကြည့် ရင်း ...

''ဘာမှစိတ်မပူပါနဲ့တော့ ဝတီရယ်၊ အားလုံး ပြီးသွားပါပြီ၊ အဲဒီ ကောင်လည်း နောက် ဒီဘက်ကိုတောင် လာရဲတော့မှာ မဟုတ်ပါဘူး ပြီးတော့ ... နင့်အနားမှာ ငါရှိနေမှဖြစ်မယ်ဆိုတာ နားလည်လက်ခံပြီလား'

''အင်းပါ''

ခပ်တိုးတိုးပြောရင်း ဝတီ မျက်လွှာလေးချသွားသည်။ ထိုအချိန် မှာပဲ ဟံသာက မပြောမဆို ဝတီ့ကိုယ်လုံးလေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက် ၏။

''အို''

ရှက်ရွံ့တုန်လှုပ်သံလေး ဝတီ့ထံမှ ထွက်ပေါ်လာသည်။ ခန္ဓာကိုယ် လေးကိုလည်း ဟန်ဆောင်ကာ မသိမသာ ရုန်းထွက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟံသာ . . . လွှတ်ကွာ"

ပြောကာမှ ဟံသာက ပို၍ တင်းကျပ်စွာ ဖက်လိုက်ရင်း . . .

"ဝတီရယ် . . . ဒီအချိန်ဟာ ငါတို့ ဟန်ဆောင်ဖုံးကွယ်နေရမယ့် အချိန်မဟုတ်တော့ပါဘူး"

သူတို့နှစ်ယောက်ကိုကြည့်ကာ သာမြတ်က မျက်နှာပူဟန်ဖြင့် . . .

"ဟော့ကောင် ဟံသာ . . . ဒီမှာ ငါတို့လည်း ရှိသေးတယ်ကွ၊ ငါ့လခွီး . . . လက်နေးနေတုန်းကလည်း မင်း၊ လက်သွက်ချင်တော့လည်း မင်းပဲ"

ထိုအခါမှ မျက်နှာလေးရဲရဲနီရင်း ဝတီတစ်ယောက် ဟံသာ့ရင်ခွင်ထဲမှ အတင်းရုန်းထွက်လိုက်သည်။

ဟံသာလည်း အရှိန်ပျက်သွားသဖြင့် သာမြတ်တို့နှစ်ယောက်ဘက် လှည့်ကာ မျက်ထောင့်နီနီဖြင့် ကြည့်လျက် . . .

"ဟာကွာ . . . မင်းတို့က မသွားသေးဘဲ ဒီမှာ ဘာလုပ်နေတာလဲ"

ထက်လူကျော်က မချိုမချဉ် မျက်နှာပေးနှင့် . . .

"မင်းကို ပြောစရာရှိသေးလို့"

"ဘာလဲ . . . ပြောကွာ၊ ပြောပြီးသွားတော့"

"သာမြတ် . . . မင်းပဲ မြန်မြန်ပြောလိုက်တော့"

"မင်းပဲ ပြောပါ"

"ဟာ . . . မင်းပြော"

အရေးထဲနှစ်ကောင်သား သူပြော ကိုယ်ပြောလုပ်နေကြသေးသည်။ ဟံသာ စိတ်မရှည်တော့ . . .





"ဘာတွေလဲကွာ၊ ဘာပြောမှာလဲ၊ ငါ စိတ်တိုလာပြီနော်၊ ပြောချင်တဲ့ကောင် ပြောတော့"

ထိုအခါမှ သာမြတ်လည်း ဟီးခနဲ ရယ်လိုက်ရင်း . . .

"ဟိုလေ . . . ငါတို့သွားတော့မယ်၊ မင်းလုပ်စရာရှိတာ ဆက်လုပ်လို့ . . . . ဟား ဟား၊ လာ ထက်လူ . . . လစ်မယ်"

"ဟာ . . . ဒီကောင်တွေတော့"

ဟံသာ့က ရိုက်ရန်လက်ရွယ်လိုက်သော်လည်း သာမြတ်တို့က တဟားဟား အော်ရယ်ရင်း ပြေးထွက်သွားတော့သည်။

ကြည်နူးကျေနပ်သောစိတ်တွေနှင့် ဟံသာ ပြုံးလိုက်၏။ လောလောဆယ် ဝတီ့ဘက်သို့ ပြန်၍မျက်နှာမူလိုက်ဖို့မှအပ လုပ်စရာ အခြားမရှိပါချေ။

ခုတော့လည်း ကံကြမ္မာက ဟံသာ့ကို ရုတ်တရက် လက်ဆောင်တစ်ခုပေးလိုက်သလို . . .။

■

www.burmeseclassic.com

www.burmeseclassic.com

# ငါးရက်ကြာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟဲ့သာ . . . မင်းကလည်း တော်တော်လွန်တယ်ကွာ"

ကင်တင်းမှာထိုင်နေရင်း ရုတ်တရက်ပြောလိုက်သော သာမြတ်စကားကြောင့် ဟဲ့သာ တွန့်သွားရပြီး . . .

"ဟ . . . ဘာလဲဟ၊ ငါက ဘာကိုလွန်တာလဲ"

"ဘာဖြစ်ရမှာလဲ၊ မင်းနဲ့ဝတီက ချစ်သူတွေဆိုတာ ဒီသင်တန်းတစ်ခုလုံး သိပါတယ်"

"အေးလေ . . . အဲဒါ ဘာဖြစ်လို့လဲ"

"ပြောမယ် . . . ဒီလို လူမြင်ကွင်းမှာထိုင်နေတဲ့ အချိန်လေးမှာတော့ ဝတီ လွတ်လွတ်လပ်လပ် ထိုင်ပါစေကွာ၊ မင်းက ကင်တင်းထိုင်တော့လည်း ငါတို့အနားမှာ တောက်တဲ့လိုကပ်ပြီး ပခုံးက ဖက်ထားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးဟ … ကွယ်ရာဆိုရင်တော့ ဘယ်လောက် …"

ဝင်ပြောသည့် ထက်လူကျော်စကားက မဆုံးလိုက်။

"အာ … မင်းတို့ကလည်း"

ရှက်ကိုးရှက်ကန်းဖြစ်ကာ ဟံသာ ဝတီ့ပခုံးပေါ်မှလက်ကို ခွာလိုက်သည်။ ဝတီလည်း ရှက်သွေးဖြာကာ ခေါင်းငုံ့ချသွား၏။ နှစ်ယောက်စလုံး အနေရခက်သွားခြင်း ဖြစ်သည်။

ဟံသာက အရှက်ပြေ ခပ်တည်တည်ပြန်ကောလိုက်၏။

"အောင်မာ … မင်းတို့ကများ …၊ မင်းတို့ရဲ့ရည်းစားတွေနဲ့ကော အဲလိုမနေဘူးလား"

သာမြတ်က …

"မင်းလိုတော့ သည်းမနေပါဘူး။ ပိုးအိတို့လာရင် ကြည့်လိုက် ငါနဲ့ပိုးအိ ဣန္ဒြေရရ နေပြမယ်၊ ဒါပေမဲ့ … ချစ်သူတွေဆိုတာလည်း သိစေရမယ်"

"ငါရောပဲ ဖင်လေးလာရင် လက်မပါဘဲ ငါ ဘယ်လောက်ချစ်တယ်ဆိုတာ မင်းကို သက်သေပြမယ်"

စကားအဆုံးမှာ ဟံသာက မျက်နှာကို အစွမ်းကုန် မဲ့လိုက်ရင်း

"အေးပါ … ဟုတ်ပါတယ်၊ မင်းတို့လို လူမြင်ကွင်းမှာ ရုပ်တည်နေတဲ့လူတွေကမှ ဆိတ်ကွယ်ရာကျရင် ပိုဆိုးကြတာ၊ ငါတို့ကတော့ လူမြင်ကွင်းမှာလည်း ချစ်တဲ့အတိုင်း ရိုးရိုးသားသားပဲနေတယ်၊ လာ … ဝတီ"

ပြောရင်း ဝတီ့ပခုံးကို ပြန်ကာဖက်လိုက်၏။ အာ … ဟု ရှက်ရွံ့စွာ ခပ်တိုးတိုးရေရွတ်ရင်း ဝတီ့ခန္ဓာကိုယ်လေးက တွန့်သွားသည်။





"မိုက်ရိုင်းလိုက်တာကွာ"

"ဟုတ်ပ … မင်းပြောထားဦး ဟံသာ၊ မင်းအလှည့်လည်း လာဦးမှာပါ"

နှစ်ကောင်သား ပုတ်အဲ့အဲ့မျက်နှာတွေနှင့် ရှုပ္ပ ရေရွတ်တော့၏။ ထိုအချိန်မှာပဲ …

"ဟံသာနဲ့ဝတီဆိုတာ နင်တို့နှစ်ယောက်လား"

တင်းမာခက်ထန်သောအသံတစ်ခု ရှေ့မှကြားလိုက်ရသဖြင့် အားလုံးပဲ မော့ကြည့်လိုက်ကြသည်။ သာမြတ်နှုတ်မှလည်း ဟင် … မြယမုံ … ဟု ခပ်တိုးတိုးရေရွတ်လိုက်၏။

ဘာမှပြန်မပြောရသေးခင်မှာပဲ မြယမုံက မီးတောက်မျက်ဝန်းအစုံဖြင့် သာမြတ်နှင့်ထက်လူကျော်တို့ကိုကြည့်ကာ …

"နင်တို့ကတော့ သာမြတ်နဲ့ထက်လူကျော်ဆိုတာဖြစ်မယ်၊ လူ့အောက်တန်းစားတွေ"

"ဘာဗျ … မြယမုံ၊ ခင်ဗျား … မိုက်ရိုင်းလှချည်လား"

ဒေါသစိတ်ဖြင့် ဝုန်းခနဲ ထရပ်လိုက်ရင်း သာမြတ် ပြန်ပြောလိုက်သည်။ မြယမုံက တစ်စက်ကလေးမှ တွန့်မသွားဘဲ မထီတရီ မျက်လုံးဖြင့် ပြန်စိုက်ကြည့်ကာ …

"အောက်တန်းကျတဲ့လူကို အောက်တန်းကျတယ်လို့ပြောတာ ဘာမှမမိုက်ရိုင်းပါဘူး။ တကယ်ဆို နင်တို့က အရင်မိုက်ရိုင်းခဲ့တာလေ"

"ခင် … ခင်ဗျား … ခင်ဗျား"

မတ်တတ်ရပ်ရင်းက သာမြတ် ရှူးရှူးရှားရှားဖြစ်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

ဟံသာက သာမြတ်ကို လက်တို့၍ . . .

"သာမြတ် . . . ခဏ"

ပြောရင်း ထရပ်ကာ မြယမုံကို ခပ်တည်တည်ပြန်ကြည့်လျက် . . .

"ခုနကက သာမြတ်ပြောတဲ့အတိုင်း ခင်ဗျားက မြယမုံပဲထားတော့၊ ခင်ဗျားမေးသလို ကျုပ်နဲ့သူက ဟံသာနဲ့ဝတီ၊ သူတို့ကလည်း ခင်ဗျားပြောခဲ့တဲ့အတိုင်း သာမြတ်နဲ့ထက်လူကျော် . . . ဟုတ်တယ်၊ အဲလို ဟုတ်နေပြီဆိုတော့ ခင်ဗျားက ဘာပြောဖို့လာတာလဲ၊ ဘာဖြစ်ချင်တာလဲဆိုတာ ရှုရှုဝါးဝါးမလုပ်ဘဲ တစ်ချက်လောက် ထိုင်ပြီး ပြောပါလား မြယမုံ၊ ခင်ဗျားနဲ့ ကျွန်တော်တို့နဲ့ ဘာပြဿနာရှိလဲဆိုတာကို . . ."

ပြောပြီး ဟံသာက သာမြတ်ပခုံးကို အသာပုတ်ကာ ပြန်ထိုင်လိုက်သည်။ သာမြတ်လည်း ထိုင်လိုက်ပါ၏။

ထိုအခါမှ မြယမုံလည်း ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ဆောင့်ကြီးအောင့်ကြီး ဝင်ထိုင်လိုက်သည်။ တစ်ဆက်တည်းပင် ဟံသာကို မုန်းမုန်းစိမ်းစိမ်းကြည့်ရင်း . . .

"ငါဟာ ထူးကျော်ရဲ့အစ်မပဲဆိုတာ နင်တို့သိရင် . . . ဘာကြောင့်နင်တို့ကိုရောက်လာတယ်ဆိုတာ ရှင်းပြရဦးမှာလား"

"ဟင်"

"ဟာ"

အားလုံးပဲ အံ့သြသွား၏။ ထိုသို့ ပတ်သက်မည်ဟု မထင်ထား၍ဖြစ်သည်။ ထူးကျော်ကလည်း သင်တန်းတက်နေသည့်အသိတစ်ယောက်





ဆိုလာသည်ဟုပဲ ပြောခဲ့သည်ကို။

မည်သို့ပင်ဖြစ်စေ . . .

လောလောဆယ်တော့ ပြဿနာကို ရှင်းရတော့မည်။

သာမြတ်ကအရင် . . .

"ခင်ဗျားလို နာမည်ကြီးမိန်းမတစ်ယောက်က ထူးကျော်လိုကောင်နဲ့ရဲ့အစ်မဆိုတာတော့ ကျုပ်လည်း မသိခဲ့ဘူး၊ ထားပါတော့ . . ထူးကျော်နဲ့ ကျုပ်တို့ရဲ့ပတ်သက်မှုက ပြီးသွားပြီ ဘာလို့ . . . ခုမှ ခင်ဗျားက ကျုပ်တို့ကို အောက်တန်းစားဆိုပြီး လာစွပ်စွဲနေတာလဲ"

စကားအဆုံးမှာ မြယမုံက မဲ့ပြုံးပြုံးရင်း တစ်ယောက်ချင်းစီကို လက်ညှိုးထိုးလျက် . . .

"နင်တို့တွေ . . . နင်တို့တွေ . . . ဟို ဝတီဆိုတဲ့တစ်ယောက်လည်းပါတယ်၊ နင်တို့အားလုံး ငါ့မောင်လေးကို သေအောင်သတ်ကြတာပဲ၊ ငါ့ . . . ငါ့မောင်လေးက လူကောင်းတစ်ယောက်လို နေနိုင်အောင် နေ့စဉ် ဆေးသောက်နေရတဲ့ စိတ်ဝေဒနာသည်တစ်ယောက်ပါ"

"ဟင်"

"အဲလို အပေါင်းအသင်းမရှိတဲ့လူတစ်ယောက်ကိုမှ နင်တို့က အပေါင်းအသင်းအဖြစ် လက်ခံတယ်၊ ပြီးတော့ . . . ဟိုမိန်းမကလည်း ပိုဆိုးလာအောင် ပလီပလာတွေလုပ်တယ်"

"ရှင် . . . ရှင် . . မစော်ကားနဲ့နော်၊ ကျွန်မ ဘာမှ ပလီပလာမလုပ်ဘူး၊ သူ့ကို ရိုးရိုးသားသားပဲ ထင်လို့ လိုက်လိုက်လျောလျော ဆက်ဆံခဲ့တာပဲရှိတာ၊ ရှင့်မောင်ကိုက စိတ်မမှန်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဝတီက မခံမရပ်နိုင်စွာ ပြန်ပြောလိုက်ခြင်းဖြစ်၏။

မြွယမုံက ...

"ဟုတ်ပါတယ်၊ နှင်ပြောသလိုပဲ စိတ်မမှန်ပါဘူး။ ခုတော့ ... အဲလိုလူကို နှင်တို့ဝိုင်းပြီး အနိုင်ကျင့်လိုက်ကြလို့ ငါ့မောင်လေး ပိုဆိုးပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အဆင့်ထိ ဖြစ်သွားတာ"

"ရှင်"

"ဗျာ"

"ဟုတ်တယ်၊ နှင်တို့ ဝိုင်းပြောပြီး ထိုးကြိတ်လှွတ်လိုက်တဲ့နေ့ကပဲ ရုက်စိတ်၊ နာကျင်စိတ်တွေနဲ့ စိတ်တွေဖောက်ပြန်ပြီး မောင်းလာတဲ့ ကားတစ်စီးရှေ့ ဖြတ်ဝင်ပြီး အတိုက်ခံလိုက်တာ ကားသမား ဘရိတ်အဖမ်းမြန်လို့ မသေရုံတာမယ်ပဲ၊ ငါ့မောင်လေးရဲ့အဖြစ်ကိုကြည့်ပြီး ငါက နှင်တို့ကို ခွင့်လွှတ်ရမှာလား၊ နှင်တို့ကြောင့် ငါ့မောင်လေး ခုလိုဖြစ်ရတာလေ၊ နှင်တို့ ဝိုင်းအနိုင်ကျင့်လို့"

စကားမဆုံးခင်မှာပဲ ဟံသာက လက်ကာပြလျက် ...

"ခဏလေး မြွယမုံ ... ထူးကျော်က သာမြတ်တို့နဲ့ ပတ်သက်ပြီးမှ ကျုပ်နဲ့ သိတာပါ၊ ပြီးတော့ ကျုပ် ဝတီ့အနားမှာ မရှိတဲ့အချိန်ခဏမှာပဲ သူ ဝတီ့ကို စော်ကားခဲ့တာလေ၊ ဒီတော့ ... ကျုပ်ဘက်ကလည်း လုပ်သင့်တာကို လုပ်ရမှာပဲ၊ ခု ... သူ ဖြစ်သွားတာကလည်း သူ့စိတ်နဲ့သူ လုပ်တာလေ၊ ကျုပ်တို့ကြောင့်လို့ လာမစွပ်စွဲပါနဲ့၊ ခင်ဗျား ... ကိုယ့်မောင်ကိုယ်လည်း ဘာလုပ်ခဲ့တယ်ဆိုတာ သေသေချာချာ မေးကြည့်ပါဦး"

ဟံသာ့စကားအဆုံးမှာပဲ မြွယမုံက ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ရင်း





အော်ကာပြောတော့သည်။

"ဘာမှမေးစရာမလိုဘူး၊ နှင်တို့အားလုံးဟာ စိတ်ဝေဒနာသည်တစ်ယောက်ကို သတ်သေချင်အောင်လုပ်တဲ့ လူစိတ်မရှိတဲ့လူတွေ၊ လူယုတ်မာတွေ"

အော်သံကြောင့် တခြားဝိုင်းတွေကပါ လှမ်းကြည့်တော့သည်။ သာမြတ်လည်း ထရပ်ကာ စားပွဲကို လက်နှင့်ထုလိုက်ရင်း ...

"မြွယမုံ ... ခင်ဗျား လွန်လာပြီနော်၊ ဒီထက်စော်ကားလာရင်တော့ ကျုပ် ယောက်ျား,မိန်းမ ခွဲနေမှာမဟုတ်ဘူး"

"အောင်မာ ... လာစမ်းပါ၊ ငါ့မောင်ကိစ္စမှာ အစပျိုးခဲ့တဲ့ နှင်တို့ကို မကျေနပ်ဆုံးပဲ၊ ဒီမှာ သာမြတ် ... မြွယမုံဆိုတဲ့ ငါကလည်း ဒီသင်တန်းမှာ နာမည်တစ်လုံးနဲ့ နေတာပါ၊ ကြုံကိုက်တဲ့အချိန် လာရှင်းလို့ရတယ်၊ နှင့်လို အောက်တန်းစား လူယုတ်မာကို စာရင်းထဲတောင် မထည့်ဘူး"

"ဟာ ... ခင်ဗျား ... ခင်ဗျား"

ဒေါသက ထိန်းမရတော့ဘဲ မြွယမုံကို တစ်ခုခုလုပ်ရန် သာမြတ်ဟန်ပြင်လိုက်သည်။ ဟံသာက ထ,ကာ အမြန်ဆွဲတားလိုက်ရင်း ...

"မလုပ်နဲ့ သာမြတ် ... မင်းပဲ မှားမယ်"

ပြောပြီးမှ မြွယမုံဘက်လှည့်လိုက်ပြီး ...

"မြွယမုံ ... ခင်ဗျားပြောချင်တာတွေလည်း ပြောပြီးပြီဆိုတော့ သွားပါတော့ဗျာ၊ ကြာရင် ပြဿနာက ပိုကြီးသွားလိမ့်မယ်"

ထိုအခါမှ မြွယမုံလည်း အားလုံးကို စူးစူးဝါးဝါး စိုက်ကြည့်ပြီးမှ လှည့်ထွက်သွားလေသည်။ ဟံသာလည်း သာမြတ်ကို ထိုင်ခိုင်းကာ ဖျောင်းဖျ



www.burmeseclassic.com

www.burmeseclassic.com

ရတော့၏။

"ငါပြောမယ် သာမြတ် ... ထူးကျော်ဖြစ်တဲ့ကိစ္စမှာ မင်းလည်း မမှားဘူး၊ ငါတို့လည်း မမှားဘူး"

"တောက်! ... မမှားတာသိတယ်ကွာ၊ ခုလို လူကြားထဲမှာ အော်ကြီးဟစ်ကျယ်နဲ့ လာစော်ကားတာကို ခံပြင်းတာ၊ ဘယ်လောက်ရှက်ဖို့ကောင်းလဲ"

"ဟုတ်ပါတယ် သာမြတ်ရာ၊ ငါတို့လည်း ရှက်တာပါပဲ၊ ဘာပဲဖြစ်ဖြစ် သူ့မောင် သေမလိုဖြစ်လို့ သူပေါက်ကွဲပြီး လာပြောတာလို့ပဲ ခံစားလိုက်ပါကွာ၊ အားလုံးလည်း ပြီးသွားပြီပဲ"

"စိတ်လျှော့ပါကွာ၊ ဒီကိစ္စဖြစ်တာ မင်းတစ်ယောက်တည်း လုပ်တာမှ မဟုတ်ဘဲ၊ တကယ်စ,ခဲ့တာက မင်းနဲ့ငါပါ၊ ဟံသာပြောသလိုပဲ ကိုယ်ချင်းစာပေးလိုက်ပါကွာ"

ပြေရာပြေကြောင်း ဝင်ပြောလိုက်သည့် ထက်လူကျော်ကို သာမြတ်က ခပ်တင်းတင်းကြည့်လိုက်ပြီး ...

"ဘာကွ ... ကိုယ်ချင်းစာပေးရမယ် ဟုတ်လား၊ သူ့မောင် ထူးကျော်ဆိုတဲ့ကောင်က အရင် လာပတ်သက်တာလေ၊ ငါက ငါတို့နဲ့ လာပေါင်းပါလို့ ဖိတ်ခေါ်ခဲ့တာ မဟုတ်ဘူး၊ ကိုယ်ချင်းမစာနိုင်ဘူးကွ၊ နာမည်တစ်လုံးနဲ့ နေတယ်ဆိုတဲ့ အဲဒီမိန်းမကို ဆုံးကို ဆုံးမရမှ ကျေနပ်မယ်"

ထိုစဉ်မှာပဲ ဝတီ့ဆီမှ တဟင့်ဟင့်နှင့် ငိုသံထွက်ပေါ်ပြီး ...

"တော်ပါတော့ သာမြတ်ရယ် ... ငါ တောင်းပန်ပါတယ်ဟာ၊ ငါလည်း ဒီမှာ ရှက်လို့သေတော့မယ်"





"သာမြတ်ရာ ... ဟိုမိန်းမလည်း ပြန်သွားပြီပဲ၊ မင်း မပြီးနိုင် မစီးနိုင်တာနဲ့ ဒီမှာ ဝတီတောင် ငိုနေပြီ၊ တော်ပါတော့ကွာ ... ငါလည်း တောင်းပန်ပါတယ်၊ ဝတီလည်း မငိုနဲ့တော့"

ထိုအခါမှ သာမြတ်က ဒေါသကို လျှော့ချကာ ဝတီ့ကို လှမ်းကြည့်ပြီး ...

"ဆောရီးနော် ဝတီ ... ငါလည်း ဒေါသအရမ်းထွက်သွားလို့ပါ၊ တော်တော် ... မငိုနဲ့တော့၊ ဟံသာ ... မင်း ဝတီ့ကိုချော့လိုက်ဦး"

ဟံသာက ဝတီ့ဘက်လှည့်ကာ တတွတ်တွတ်ပြောရင်း ချော့နေသည်။

မပြေနိုင်သေးသော ဒေါသအရှိန်ကြောင့် အံကြိတ်ကာ လက်သီးဆုပ်လိုက်သော သာမြတ်ကိုကြည့်ရင်း ထက်လူကျော် သက်ပြင်းသာ ချလိုက်မိတော့၏။ တကယ်တမ်းပြောရလျှင် သူ့ရင်ထဲတွင်လည်း ခံပြင်းစိတ်တို့က အနိုင်အမာဖြစ်ထွန်းနေသေးသည်လေ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နောက်တစ်နေ့ နေ့လယ်ပိုင်း ထမင်းစားချိန်ရောက်မှ သာမြတ်နှင့် ထက်လူကျော်တို့ ကင်တင်းရောက်လာသည်။ ကင်တင်းထဲမှာက ဟံသာတို့စုံတွဲအပြင် သူတို့၏ရည်းစားများဖြစ်သော ပိုးအိနှင့်ဖင်လေးတို့ပါ ရောက်ရှိနေကြပြီ။

ရောက်ရောက်ချင်း ဟံသာက ဆီး၍ ...

"မင်းတို့က ဘယ်လိုဖြစ်လို့ ဒီလောက်နောက်ကျနေတာလဲ"

သာမြတ်က ပိုးအိသောက်နေသည့် အအေးပုလင်းကိုဆွဲယူကာ တစ်ကျိုက်မော့ချလိုက်ပြီးမှ လေပူမှုတ်၍ ...

"အိမ်က အလုပ်ကိစ္စ ခိုင်းထားလို့ သွားလုပ်နေတာပါ၊ တစ်ယောက်တည်း မနိုင်လို့ ဒီကောင့်ကိုပါ အကူအညီတောင်းပြီး ခေါ်သွားတာ"





"ငါတော့ စိတ်တိုလို့ သေတော့မယ် သာမြတ်"

ပိုးအိ ဆတ်ခနဲဝင်ပြောလိုက်သောစကားကြောင့် သာမြတ် မျက်ခုံးပင့်သွားပြီး ...

"ဟာ ... ပိုးအိကလည်း ခုပဲ ကိုယ် ဘာလို့နောက်ကျရတာလဲ ဆိုတာကို ရှင်းပြနေတာပဲဥစ္စာ"

ပိုးအိက ...

"အဲဒါကိုပြောတာ မဟုတ်ပါဘူး၊ မနေ့က ဟို မြယမုံဆိုတဲ့မိန်းမ လာပြီး သောင်းကျန်းသွားတာကို ပြောတာပါ၊ ငါ မရှိလို့ပေါ့ဟာ၊ ရှိလို့ကတော့ ပါးဆွဲရိုက်ပြီးသားပဲ"

ပိုးအိကလည်း သူ့ဘဲ သာမြတ်ကဲ့သို့ စိတ်ဆတ်သူဖြစ်သည်။ ထိုစကားကြောင့် ဝတီက စိုးရိမ်ဟန်လေးဖြင့် ...

"ထားလိုက်ပါတော့ ပိုးအိရယ်၊ အားလုံးလည်း ပြီးသွားပြီပဲ၊ နင်ပြောမှ သာမြတ် ပြန်ပြီးဒေါသထွက်နေဦးမယ်"

"အေးလေ ... အဲဒီကိစ္စကို တော်လိုက်ပါတော့ဟာ"

ဟံသာကလည်း အလိုက်သင့် ဝင်ပြောလိုက်သည်။ စကားအဆုံးမှာ သာမြတ်က ...

"ငါတို့က ဒီကို ခဏဝင်လာတာဟ ... သင်တန်းတက်မလို့ မဟုတ်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"သုံးလေးရက်လောက် ခရီးသွားစရာရှိလို့ဟ၊ ငါ့အဖေခိုင်းလို့ နယ်ဘက်က ပွဲရုံတွေဆီ သွားရမှာလေ၊ ထက်လူကိုလည်း ခေါ်သွားမယ်၊

www.burmeseclassic.com

အဲဒါ နှင်တို့ကို လာပြောတာ''

သာမြတ်တို့မိသားစုက ရန်ကုန်တွင် ပဲ နှမ်း စသည့် ပွဲရုံစီးပွားရေး လုပ်ငန်းလုပ်သူများဖြစ်သည်။

သာမြတ်ကပဲ ပိုးအိကိုကြည့်ကာ ရယ်ကျဲကျဲနှင့် ...

''ပိုးအိ ... လွမ်းမနေနဲ့ဦးနော်''

ပိုးအိက ချက်ချင်းပင် မျက်နှာမဲ့လိုက်ပြီး ...

''သေလိုက်ပါလား ... စိတ်ကူးတောင် မရှိဘူး။ နှင်သာ ဟိုရောက်ရင် လွတ်လပ်ပြီဆိုပြီး သောက်စားမနေနဲ့''

''နီးပါ ... ငါတို့သွားမှာက တောနယ်ဘက်ဟ၊ KTV လည်း မရှိဘူး ... ဟဲ ဟဲ''

''ဟော့ကောင် ... ငါနဲ့ ဘာဆိုင်လို့လဲ''

ဝင်ပြောလိုက်သော ထက်လူကျော်စကားကြောင့် သာမြတ်က မျ ကြည့်ကာ ...

''ဟင် ... မင်းကို ဘယ်သူပြောလို့လဲ''

''အေးလေ ... ကိုယ့်ဟာကိုယ် မလုံဘဲနဲ့''

အားလုံးပဲ ရယ်ကြတော့သည်။ ဖင်လေးက သူ့ဘဲ ထက်လူကျော်ကို မျက်စောင်းခဲတော့၏။ စကားဝိုင်းလေးက ဟိုးအရင်ကလို ပြန်၍စိုပြေ ပူနွေးလာသည်။ ဒီကြားထဲ ပြဿနာတစ်ခုဖြစ်ခဲ့သော်လည်း အဆိုးထဲက အကောင်းအနေဖြင့် ဟံသာနှင့်ဝတီတို့ ချစ်သူတွေဖြစ်သွားကြပြီ မဟုတ်လား။

အားလုံးပဲ နေ့လယ်စာ စားသောက်ပြီးကြတော့ သာမြတ်က ...

''ငါတို့ လစ်တော့မယ်ဟ၊ ဒီညနေပဲ အိမ်ကကားနဲ့ သွားဖို့ စီစဉ်





ထားလို့''

နှုတ်ဆက်ပြီး သာမြတ်နှင့်ထက်လူကျော်တို့ ထွက်သွားကြသည်။ မသွားခင် ပိုးအိနှင့်ဖင်လေးတို့က မျက်ရည်လေးစမ်းစမ်း စမ်းစမ်းဖြင့် ကျန်းမာရေးဂရုစိုက်၊ ဖုန်းဆက်ဦး စသဖြင့် ယောင်လို့ပင် မမှာချေ။ အချစ်ကြီးသူများ ဖြစ်သည်။

သာမြတ်တို့ထွက်သွားတော့မှ ဖင်လေးက သူ့ဖုန်းကိုထုတ်ကာ တလိနေရင်း ...

''ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ... ခုတော့ စိတ်ချမ်းသာတယ်ဟ၊ ဝတီကို နှောင့်ယှက်နေတဲ့ ဟို ချောမောင်ဆိုတဲ့အကောင့်ကလည်း ဘာမှတက် မလာတော့ဘူးနော်''

ဝတီက ပြုံး၍ခေါင်းညိတ်သည်။ ဟံသာလည်း စိတ်ချမ်းသာရပါ၏။ မျက်စိထဲတွင်တော့ ဟိုလူစိမ်းကို ဖျတ်ခနဲ မြင်ယောင်မိလိုက်သေးသည်။

ထိုစဉ်မှာပဲ ပိုးအိက ...

''ဝတီကိစ္စ အားလုံးပြေလည်သွားလို့ စိတ်ချမ်းသာပါတယ်၊ ဒါပေမဲ့ ... ခုတလောလေ CCTV အကောင့်ကလည်း ဘာမှတက်မလာဘူးနော်၊ အဟောင်းတွေချည်းပဲ တွေ့တယ်''

ထိုစကားကြောင့် ဟံသာ့စိတ်ထဲ သာမြတ်တို့ကို မြင်ယောင်လိုက်ရင်း ...

''အင်း ... သူတို့လည်း တကူးတကန့် ဓာတ်ပုံလိုက်ရိုက်ဖို့ မအားလို့ ဖြစ်မှာပေါ့၊ ထားလိုက်ပါဟာ ... Facebook မှာက ကြည့်စရာ အမြဲ တစ်ခုပဲ ရှိတာမှ မဟုတ်တာ''


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ငါကလည်း မတွေ့မိလို့ ပြောတာပါဟ"

ပိုးအိ ပြန်အပြောကြောင့် ဟံသာက ရယ်လျက် . . .

"အေး . . . တော်ကြာ CCTV က အသစ်တက်လာတဲ့ပုံက နင် အီးထွက်ကျတဲ့ပုံ ဖြစ်နေဦးမယ်"

"ခွေးကောင် . . . ဟံသာ"

တစ်ဝိုင်းလုံး ရယ်ကြတော့သည်။ နေ့လယ်နေ့ခင်းဖြစ်၍ အပူရှိန် ပူပူ ရှိသော်လည်း စိတ်ချမ်းသာမှုများဖြင့် သူတို့ဝိုင်းကလေးသည် အေးအေး လူလူ ရှိနေခဲ့ပါသည်။

ထိုသို့ဖြင့် . . .။

■

# အခန်း (၁၈)

ထိုနေ့က . . .။

သင်တန်းတစ်ခုလုံးရှိ လူတိုင်းနီးပါး Facebook ဖွင့်ကြည့်ပြီး တီးတိုးဝေဖန်သံတွေ ဆူညံနေခဲ့သည်။

ဘယ်ကင်တင်းရှိ ဘယ်ဝိုင်းကိုပဲ ကြည့်ကြည့် ထိုအကြောင်းကိုပဲ ပြောနေကြ၏။

"အေးဟာ . . . လုံးဝမထင်ရဘူးနော်"

ထိုသို့ ကြားရသလို . . .

"ဟာ . . . ဒီဆော်က ကြမ်းလှချည်လား၊ သင်တန်းမှာတော့ ရုပ်တည်နဲ့ နေတာနော်၊ ခုတော့ . . . ဂွမ်းပြီ"

တချို့ဆီမှလည်း . . .


www.burmeseclassic.com

www.burmeseclassic.com

"ရည်းစားတွေကိုတောင် ပန်းပဲ အကိုင်ခံတယ်လို့ နာမည်ကြီးတဲ့ မိန်းမ၊ ခုတော့ . . . ထိပြီ၊ CCTV က လူတွေကတော့ နာမည်နဲ့ကို လိုက်တယ်ဟေ့"

စသဖြင့် . . . စသဖြင့် အသီးသီး ဝေဖန်ပြောဆိုနေသည်ကို ကြား ရပေလိမ့်မည်။

အကြောင်းမှာ . . .

Facebook ၏ CCTV အကောင့် (account) တွင် မြယမုံ၏လို့ ဝှက်သော လန်းချက် . . . ဟူသည့် ခေါင်းစဉ်ဖြင့် ပုံများတက်လာသော ကြောင့် ဖြစ်လေ၏။

ပုံက တစ်ပုံတည်းမဟုတ်။ ပြီးတော့ . . . ယောက်ျားတစ်ယောက် တည်းနှင့်လည်း မဟုတ်ချေ။

ယောက်ျားတစ်ယောက်နှင့် ဟိုတယ်တစ်ခုထဲမှ ထွက်လာပုံ။ နောက်ယောက်ျားတစ်ယောက်နှင့် KTV ခန်းမအတွင်း နမ်းနေပုံ။ နောက် တစ်ယောက်နှင့်က CLUB တွင် Sexy dance တွဲကနေပုံ . . . စသဖြင့် တခြားပုံတွေလည်း များစွာ။

CCTV ကတော့ အကြီးကြီး လုပ်ချလိုက်ပြီဖြစ်သည်။

မနက်ပိုင်း သင်တန်းရောက်လာသော မြယမုံတစ်ယောက် Facebook မဖွင့်ကြည့်မိသေး၍ သူမ လုပ်ကြံခံရသည်ကို မသိသေးချေ။

သို့သော် . . .

သူမအား လူတွေက ကွက်ကြည့်ကွက်ကြည့်လုပ်ကာ တီးတိုးပြော ဆိုရယ်မောကြသည်ကိုတော့ သိမသာ သတိထားမိသည်။ ဘာမှန်းတော့ တိတိကျကျ မသိသေး။





မသိကျိုးကျွံပြုကာ ကင်တင်းတစ်ခုထဲဝင်ပြီး စားသောက်နေလိုက် သေးသည်။

ထိုစဉ်မှာပဲ လက်ရှိ သူမနှင့် ရည်းစားဖြစ်နေသော နိုင်ငံခြားဖြစ် အဝတ်အစားတွေရောင်းနေသည့် New Dream က ဖက်ရှင်စတိုးပိုင်ရှင် ဝင်းသူရလွင်ထံမှ ဖုန်းဝင်လာသည်။

ဖုန်းဖွင့်ကာ ကိုင်လိုက်ချိန်မှာပဲ . . .

"မြယမုံ . . . မင်းကို ငါ ဒီလောက်ထိ ပွေးမယ်မှန်း လုံးဝမထင် ထားဘူး၊ ခုတော့ . . . မင်းရဲ့ရှုပ်ပွေချက်က နိုင်ငံလောက်တောင် ရှိတယ်ကွ၊ မထင်ထားဘူးကွာ"

"ရှင် . . . ဘာတွေလာပြောနေတာလဲ"

"အေး . . . ဘာပြောတာလဲသိချင်ရင် Facebook သာ ဖွင့်ကြည့် လိုက်တော့၊ ငါ့ဆီတော့ ဖုန်းမဆက်နဲ့တော့နော်၊ ဂွတ်ဘိုင် မြယမုံ"

ပြောပြီး ဝင်းသူရလွင်က ဖုန်းချသွားသည်။ မြယမုံစိတ်ထဲ ထိတ်ခနဲ ဖြစ်သွားရပြီး ဖုန်းဖွင့်ကာ Facebook ထဲသို့ ဝင်ကြည့်လိုက်သည်။

"ဟင်"

CCTV မှတင်ထားသော သူမ၏ပုံများ။ သွားပြီ။ သင်တန်းမှာ နာမည်တစ်လုံးနှင့်နေခဲ့သမျှ အားလုံးသွားပြီ။

အသက်ရှူကျပ်ကာ မူးမေ့လဲကျမတတ် ဖြစ်လာရ၏။ ရှက်စိတ် ကြောင့် ခြေဖျားလက်ဖျားတွေ အေးစက်ကာ ဘာလုပ်ရမည်မှန်းမသိတော့။ ဒါကြောင့် သင်တန်းဝင်းထဲ ရောက်ရောက်ချင်း လူတွေ သူမကို ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ပြောဆိုရယ်မောနေကြသည်ပေါ့။

ပိုက်ဆံရှင်းရန် ဝိတ်တာကိုပင် မခေါ်နိုင်တော့ဘဲ ငါးထောင်တန် တစ်ရွက် ခုံပေါ်တင်ကာ ကင်တင်းထဲမှ ပြေးထွက်လာခဲ့သည်။

သူမ၏နောက်ဘက်ဆီမှ ကပ်ပါလာသော ရယ်သံတွေက နောက်မှနေ၍ သံချွန်ဖြင့် လိုက်ထိုးနေကြသလို ...။

ကားကို တစ်ရှိန်ထိုး မောင်းထွက်လာခဲ့ပြီး သင်တန်းနှင့် ခပ်ဝေးဝေးတစ်နေရာရောက်မှ ခဏရပ်ကာ အသက်ဝဝရှူရတော့၏။

သင်တန်းတွင် ကြွေးကြော်ခဲ့သမျှ ခုတော့ သူမအဖို့ အရှက်သိက္ခာတွေ တစ်ပြားမှ မရှိတော့ပြီ။ ဘယ်သူမှ မသိနိုင်ဟု ထင်ထားခဲ့သော သူမ၏ရှုပ်ထွေးပွေလီမှုတွေလည်း အားလုံးပေါ်ပြီ။

လုပ်စရာတစ်ခုပဲ ရှိတော့၏။ သူမ,အဖို့ သင်တန်းမှ ထွက်လိုက်ရုံမှအပ အခြားမရှိတော့။

ကံကြမ္မာသည် ကွက်ကျားမုန်တိုင်းတစ်ခုကဲ့သို့ သူမ,ကို ဝင်မွှေသွားခဲ့လေပြီ။

မြယမုံ ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါတော့၏။

■

## အခန်း (၁၉)

"မင်းတို့ကောင်တွေ မြယမုံအပေါ် အဲလောက်ထိ လုပ်လိုက်တာ တော့ များတယ်ကွာ"

သုံးယောက်သား ညနေပိုင်း ဘီယာဆိုင်ထိုင်နေချိန်မှာ ဖြစ်သည်။ ဟံသာ့စကားအဆုံးမှာ ထက်လူကျော်က သက်ပြင်းငွေ့ငွေ့ချ၍ ...

"အေးကွာ ... ငါလည်း လုပ်ပြီးတော့မှ နောင်တ,ရသလိုပဲကွ။ အရှက်ကွဲပြီး သင်တန်းက ထွက်သွားတဲ့အထိ ဖြစ်ခဲ့တာဆိုတော့လေ"

"ဟာ ... အဲဒီလောက်တင် ဘယ်ကမလဲ၊ သူ့ပတ်ဝန်းကျင် သူ့အသိုင်းအဝိုင်းကြားမှာပါ ခေါင်းမဖော်ရဲဖြစ်နေမှာကွ"

"မင်းကလည်း ဟံသာရာ၊ အဲဒီမိန်းမ အဲလောက်အရှက်ရှိမှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘီယာခွက်ကို ဆောင့်ချရင်း သာမြတ်က ပြောလိုက်ခြင်းဖြစ်သည်။ ဟံသာက သာမြတ်ကို ခပ်တင်းတင်း ကြည့်လိုက်ပြီး . . .

"ခု . . . မြယမုံကိစ္စဟာလည်း မင်းစတဲ့ ဇာတ်လမ်းပဲ မဟုတ်လား သာမြတ်"

"ဟုတ်တယ် . . . ငါ သူ့ကို ဆုံးမချင်လို့ကို သင်တန်းမတက်ဘဲ လိုက်ချောင်းခဲ့တာ၊ မင်းကလည်းကွာ . . . ငါက မဟုတ်မမှန်တဲ့ပုံတွေကို ဖြတ်ညှပ်ကပ် လုပ်ပြီးတင်တာမှ မဟုတ်တာ၊ အဲဒါ သူ့ရဲ့တကယ့်လုပ်ရပ်တွေပဲလေ"

သာမြတ်ကလည်း လုံးဝကို မလျှော့ချေ။ မူးနေတော့ ပိုဆိုးသည်။

ဟံသာက ခေါင်းခါလိုက်ရင်း . . .

"သာမြတ်ရာ . . . မင်း ဘာဖြစ်လို့ အဲဒီလောက်တောင် အာဃာတကြီးနေတာရတာလဲ၊ လက်စားချေတယ်ဆိုတာ ပူလောင်တယ်ကွ"

သာမြတ်က တဟားဟားရယ်သည်။ ပြီးမှ . . .

"ခုတော့ . . . ငါ့ရင်တွေ အေးသွားပြီကွ၊ ဘီယာသောက်တော့ ပိုအေးတယ်"

ဟံသာလည်း ထပ်ကာပြောဆိုဆုံးမချင်စိတ် မရှိတော့ချေ။ ထက်လူကျော်ကတော့ သူပူးပေါင်းပါဝင်မိခဲ့သဖြင့် နောင်တ‚ရနေဟန်တူသည်။ သူတို့နှစ်ယောက်ပေါင်းကာ ခရီးသွားမည်ဆိုပြီး မြယမုံနောက်သို့ လှို့ဝှက်လိုက်၍ ဓာတ်ပုံတွေ ခိုးရိုက်ယူခဲ့ခြင်းဖြစ်သည်။

ငြိမ်ဆိတ်စွာ စဉ်းစားလိုက်ပြီးမှ ဟံသာက . . .

"သာမြတ် . . . မင်းကို ငါ တစ်ခုလောက် တောင်းပန်ချင်တယ်





ကွာ၊ ခုဆို ဝတီရဲ့ပြဿနာလည်း ပြီးသွားပြီ၊ မင်းလည်း မင်းကျေနပ်အောင် မြယမုံအပေါ် လက်တုံ့ပြန်လိုက်နိုင်ပြီဆိုတော့ နောက်ကို သူများတွေ နစ်နာအောင် ထပ်မလုပ်ပါနဲ့တော့ကွာ"

ထိုစကားကိုတော့ သာမြတ် စဉ်းစားသွားဟန်တူသည်။ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီးမှ . . .

"အေးပါ ဟံသာ . . . အရင်ကလည်း ဒီလောက်ကြီးတာမျိုး ငါ မလုပ်ခဲ့ပါဘူး၊ ခုဟာက . . . မြယမုံ စော်ကားသွားတာကို မခံနိုင်လွန်းလို့ပါ၊ ကဲပါ . . . မင်းကျေနပ်အောင် CCTV မှာတင်ထားတဲ့ မြယမုံပုံတွေကို ပြန်ဖျက်ပေးမယ်၊ ထက်လူ . . . Facebook ဖွင့်လိုက်ကွာ"

ပြောရင်း သာမြတ်က တက်ပလက် (tablet) လှမ်းပေးလိုက်သည်။

တက်ပလက်ကို အတန်ကြာအောင် ဟိုနှိပ်၊ ဒီနှိပ်လုပ်နေပြီးမှ ထက်လူကျော်က ဖျက်ယွင်းသောမျက်နှာထားနှင့် လှမ်းပြောလာလေ၏။

"သာမြတ် . . . ငါတို့ရဲ့ CCTV အကောင့် ဟက် (hack) ခံလိုက်ရပြီကွ"

"ဟေ"

"ဟင်"

■

www.burmeseclassic.com

## တစ်လကျော်ကြာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ရာသီဥတုသည် သူ့သဘာဝအတိုင်း လိုက်လျောညီထွေစွာ လည်ပတ်နေပါသည်။ ဒီဇင်ဘာမှတစ်ဆင့် နှစ်ဟောင်းကိုကုန်စေကာ နှစ်သစ်သို့ဝင် ရောက်လာခဲ့ပြီ။

မနက်ပိုင်း ဖွဲဖွဲမှုန်မှုန်ကျနေသေးတတ်သော နှင်းဝတ်နှင်းမှုန်တို့ကတော့ ဆောင်း၏အကြွင်းအကျန်များအဖြစ် ရှိနေဆဲ။ မနက်ခင်းသည် ရှင်းလင်းစွာ မပြတ်သားနိုင်သေးသည့် နိုင်ငံရေးရာသီဆန်နေလေသည်။

သင်တန်းသို့ အနည်းငယ် နောက်ကျမှရောက်သဖြင့် ဟံသာ စာသင်ခန်းဆီသို့သာ ထွက်လာခဲ့သည်။ အခန်းထဲတွင် သာမြတ်နှင့်ထက်လူကျော်တို့က မရှိ။ သို့ဖြစ်၍ ကင်တင်းဆီသို့ ပြန်လှည့်လာခဲ့သည်။

ကင်တင်းထဲ လှမ်းကြည့်လိုက်တော့ ငှက်ကြီးဘူကာထိုင်နေကြသည့်



www.burmeseclassic.com

www.burmeseclassic.com

ထိုနှစ်ကောင်ကို တွေ့လိုက်ရ၏။

ခုံတစ်ခုံယူကာ ဝင်ထိုင်လိုက်ရင်း ဟံသာက …

"ဘာဖြစ်နေတာလဲကွ၊ မင်းတို့ပုံစံတွေက …"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးမှ သက်ပြင်းအရင်ချကြသည်။ ပြီးမှ သာမြတ်က …

"CCTV အကောင့်က ပြန်လှုပ်ရှားနေပြီကွ"

"ဟင် … မင်းတို့ပြောတော့ ဟက် (hack) ခံလိုက်ရတယ်ဆို"

ထက်လူကျော်ကဝင်၍ …

"ဟုတ်တယ် … အဲဒီဟက်သွားတဲ့လူက တစ်လကျော်လောက် ငြိမ်နေပြီး … ခုမှ ပြန်သုံးတာကွ"

တကယ်ပင် အံ့ဩသွားရ၏။ ဟံသာက ဆက်၍မေးလိုက်သည်။

"ခုက ဘာသုံးနေလို့လဲ၊ မင်းတို့သုံးခဲ့တုန်းကလိုပဲလား"

"ဒီမှာသာ ကြည့်တော့ကွာ"

Facebook ဖွင့်ထားပြီးသားဖြစ်သော သူ့ဖုန်းကို ထက်လူကျော်က လှမ်းပေးလာသည်။ ယူရင်း CCTV မှ တင်ထားသည့် ပို့စ် (post)ကို ကြည့်လိုက်တော့ …

**သင်တို့ဆီသို့ CCTV ပြန်လာပါပြီ။**

**ယခင်လူတွေက အရင်မှုအတိုင်း ပြန်လာခြင်းမဟုတ်ပါ။**

**အသစ်အသစ်သောခံစားမှုများ ရစေမည်ဟု ဘော်ဒါများကို အာမခံပါသည်။**





**Like လုပ်ဖို့ မမေ့ပါနှင့် …။**

စာသားတွေက ဒီလောက်ပဲ ဖြစ်သည်။

ဟံသာက …

"မင်းတို့ကလည်းကွာ အဲဒီလောက်လည်း ကျတ်ကျဲမနေပါနဲ့ အစကလည်း ဒီ CCTV အကောင့်ကို မင်းတို့သုံးခဲ့တယ်ဆိုတာ ငါတစ်ယောက်တည်းပဲ သိတာလေ၊ နောက်ပိုင်း … သူ့ဘာသာသူ ဘာလုပ်လုပ် ကိုယ်နဲ့မဆိုင်ဘူးလို့ပဲ သဘောထားလိုက်ပေါ့"

စကားအဆုံးမှာ သာမြတ်က လေပူတစ်ချက် မှုတ်ချရင်း စိတ်အိုက်သောအသွင်ဖြင့် …

"အေးလေ … မင်းပြောတဲ့အတိုင်းပဲ သဘောထားရတော့မှာပေါ့ ဒါပေမဲ့ … ငါ့စိတ်ထဲမှာ ဒီအကောင့် ဟက်ခံရကတည်းက တစ်မျိုးဖြစ်နေတာကွ"

တဟားဟားရယ်လိုက်ရင်း ဟံသာက …

"ဒါကတော့ကွာ … မင်းတို့အကောင့်က ကြည့်တဲ့လူများတာကိုး ပြီးတော့ … မင်းတို့ကိုယ်နှိုက်က အပင်ပန်းခံပြီး မဟုတ်တာတွေ လုပ်ခဲ့တာလေ၊ ကဲပါကွာ … သောက,များမနေနဲ့တော့"

လဒက ခုကျမှ ကြံဖန်စိုးရိမ်နေသည်။ အတန်ကြာ ငြိမ်၍ စဉ်းစားနေပြီးမှ …

"ဟံသာ"

"ပြောကြည့်လေ … ရင်ထဲပေါ့သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ"

သာမြတ် နင်သွားသည်။ တစ်ဆက်တည်း ဟံသာကို ဘုကြည့်ကြည့်လိုက်၍ ...

"မင်းကလည်း အကောင်းပြောမလို့ဟာကို ...

"ပြောပါဆို"

"မင်း ဝတီနဲ့ ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ငါတို့ကို ဘီယာမတိုက်ရသေးဘူးနော်၊ အဲဒါ ညနေတိုက်"

ဘာမှလည်း မဆိုင်ချေ။ သူ့ဟာသူ စိတ်ရှုပ်နေသည့်ကြားက ဘီယာသောက်ချင်နေသေးသည်။ ပြီး ... ဝတီနှင့်သူ ချစ်သူတွေဖြစ်တာက တစ်လပင်မကတော့။

မည်သို့ပင်ဖြစ်စေ ...။

"တိုက်ပါ့မယ်ကွာ ... မင်းမျိုးချင်ရင်"

ဟု အသက်အောင့်ကာ ဟံသာ ပြောလိုက်ရလေတော့သည်။

■

## အခန်း (၂၁)

ထိုရက်မှ နှစ်ရက်လွန်မြောက်သောနေ့။ ထိုနှစ်ရက်လုံး သာမြတ် သင်တန်းသို့မလာချေ။ တိတိကျကျပြောရလျှင် နှစ်ရက်လွန်မြောက်၍ သာမြတ် သင်တန်းပြန်တက်သောနေ့။ ပို၍ တိတိကျကျပြောရလျှင် သာမြတ် အတွက် ဂြိုဟ်ဆိုးဝင်သောနေ့ ...။

ထိုနေ့ Facebook တွင် တက်လာသော CCTV မှ ပို့စ်တစ်ခုသည် သာမြတ်၏ဘဝအား ထုံးလိုချေ ရေလိုနှောက်ချေပြီတကား။

ရန်ကုန်မြို့တွင်းရှိ ပလက်ဖောင်းတစ်ခုပေါ်တွင် အရက်မူးကာ ဗွင်ကျယ်နှင့် အတွင်းခံဘောင်းဘီလေးသာ ဝတ်လျက် ခွေခွေလေးအိပ်ပျော်နေသော သာမြတ်၏ပုံများနှင့်အတူ ...



www.burmeseclassic.com

www.burmeseclassic.com

အဲဒီသာမြတ်ဆိုတဲ့လူဟာ အရင်တုန်းက ဒီ CCTV အကောင့်ကိုသုံးပြီး လူတွေကို စိတ်အနှောင့်အယှက်ပေးခဲ့တဲ့ လူပါ။ ဝဋ်ဆိုတာ လည်တတ်တယ်ဆိုတဲ့ သဘောလေး နားလည်သွားအောင် ဒီပုံလေးတွေ တင်ပေးရခြင်းဖြစ်ပါတယ်။ ပြီးတော့ . . . သူဟာ သူ့ဘဝလက်တွဲဖော်နဲ့ ဖတ်ဝန်းကျင်တချို့မှာပါ အရက်သေစာ လုံးဝမသောက်ဘူးလို့ ကြေညာထားသူပါ။ ခုတော့ . . . သူ့ရဲ့ဘဝအစစ်အမှန်ကို ရှုစားကြပါဦး။

ထိုပို့စ်တက်လာပြီး နာရီပိုင်းအတွင်းမှာပဲ ပိုးအိသည် သာမြတ်ရှိရာသို့ ဒေါသတကြီးရောက်လာပြီး စွပ်စွဲချက်မျိုးစုံဖြင့် ပါးကို ပုံစံမျိုးစုံရိုက်ကာ အဆက်ဖြတ်သွားလေသည်။

ဟံသာ အကျိုးအကြောင်း မေးကြည့်တော့ . . .

"ငါ မနေ့က သင်တန်းလာတော့ လမ်းမှာ လူတစ်ယောက်နဲ့ တွေ့တယ်၊ ငါနဲ့ တစ်နေရာမှာ ဆုံဖူးတယ်ဆိုပြီး အတင်းဘီယာခေါ်တိုက်တာကွ၊ နည်းနည်းမူးတော့ ဟိုတယ်တစ်ခုမှာ သွားထပ်သောက်သေးတယ်၊ အဲဒီမှာပင် ပလစ်ကျွတ်ပြီး ဘာမှမသိတော့တာ"

အရက်၊ ဘီယာကို ဒီလောက်ကြိုက်တဲ့ကောင် ခံရတာတောင် နည်းသေးတယ်ဟု ဟံသာ ခပ်ရှုံ့ရှုံ့ တွေးလိုက်မိသည်။

ပါးစပ်ကတော့ . . .

"နောက်ကို ဆင်ခြင်ပေါ့ကွာ၊ အဲဒါ သင်ခန်းစာပဲ သာမြတ်၊ ငါတို့လည်း ပိုးအိကို ပြောပေးပါ့မယ်၊ ခက်တာက အရင် မင်းတို့ CCTV မှာတင်ပြီး ချောက်တွန်းခဲ့တဲ့လူတွေကပါ မင်းကို စိတ်ဆိုးနေကြပြီ"

"အေးကွာ . . . ငါလည်း သင်တန်းမတက်ဘဲ ခဏရှောင်နေမှဖြစ်တော့မယ်၊ တောက်! . . . ဘယ်ကောင်ကများ စနစ်တကျ ပြန်လုပ်ကြတာလည်း မသိဘူး"

ထိုသို့ သာမြတ် ကျဆုံးပြီးနောက် တစ်ရက်အကြာမှာပဲ ထက်လူကျော်၏အရုပ်ထုပ်က ပူးပေါ်သလို ပေါ်လေတော့၏။

CCTV က တင်ခြင်းပဲဖြစ်သည်။ ထက်လူကျော်တစ်ယောက် Club, KTV စသောနေရာများတွင် မိန်းကလေးမျိုးစုံနှင့် ပလူးနေကြပုံများကို CCTV က သဒ္ဒါတရားထက်သန်စွာ တင်လိုက်ခြင်းဖြစ်၏။ ထက်လူကျော်လည်း မဟာအရှက်တော် ကွဲ၍ ရည်းစားနှင့်လည်း ပြတ်ကာ ပွဲသိမ်းသွားပြန်သည်။

ဟံသာက . . .

"အဲဒါ . . . မင်းတို့ ကျပ်ခဲ့တဲ့လူတွေထဲက တစ်ယောက်က မင်းတို့မှန်းသိလို့ အကောင့် (account) ကို ဟက် (hack) ပြီး ပြန်လုပ်တာတွေ ငါ အစကတည်းက တားပါတယ်၊ မလုပ်ပါနဲ့တော့လို့ ပြောတာကို"

စကားအဆုံးမှာ ထက်လူကျော်က . . .

"ငါတို့က ပျော်စေပျက်စေ လုပ်ခဲ့ပေမယ့် ကိုယ်ပြန်ခံရတော့မှပဲ ကိုယ်ချင်းစာမိတော့တယ်"

ဟု တရားထူးရသလို ဆိုရှာသေးသည်။ သာမြတ်ကတော့ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် . . .







www.burmeseclassic.com

www.burmeseclassic.com



"ဟံသာ ... ဒီကိစ္စကို ပေါ့မနေနဲ့၊ မင်းအလှည့်လည်း ရောက်လာနိုင်တယ်နော်"

ထိုစကားကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားရရင်း ဟံသာက ...

"အောင်မာ ... ငါက CCTV ကို မင်းတို့နဲ့တွဲပြီး လုပ်ခဲ့တာမှ မဟုတ်တာ၊ အနေသာကြီး"

"အေး ... မင်းပြောသလိုပဲ ဖြစ်ပါစေကွာ"

သာမြတ်က ခပ်ညည်းညည်းလေသံနှင့် ပြန်ပြောသည်။ တကယ်လည်း နောက်နေ့မှာ ဟံသာနှင့်ပတ်သက်ပြီး CCTV မှ ဘာပုံမှ တက်မလာချေ။

သို့သော် ...။

## အခန်း (၂၂)

ဝတီရောက်မလာသေးသဖြင့် ထိုင်နေကျကင်တင်း၌ တစ်ယောက်တည်း စောင့်နေချိန်မှာဖြစ်သည်။ သာမြတ်နှင့်ထက်လူကျော်တို့ကတော့ အရှက်ကွဲပြီးနောက် အရိုက်ခံရမည်စိုးသဖြင့် သင်တန်းမတက်ကြတော့။

ထို့ကြောင့် တစ်ယောက်တည်း ထိုင်ကာ စောင့်နေရခြင်း ဖြစ်သည်။

ထိုစဉ် ...

မျက်မှန်းတန်းမိနေသော သင်တန်းသားတစ်ယောက် အနားသို့ ရောက်လာပြီး ...

"သားကြီး ... CCTV မှာ တက်နေတာ မင်းကောင်မလေးပုံ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

လာပြသောဖုန်းကို ကမန်းကတန်း ယူကြည့်လိုက်သည်။ ခေါင်းမွေးတွေပင် ထောင်သွားရ၏။

ဝတီတစ်ယောက် အပြင်သွားသော အဝတ်အစားတွေဖြင့် ခုတင်တစ်လုံးပေါ် ခွေခွေလေး အိပ်ပျော်နေပုံဖြစ်သည်။ ပြီး ... အခန်းကလည်း ဟိုတယ်အခန်းလိုပုံစံမျိုး။

အပေါ်မှစာကို ဆွဲချကာ ဖတ်ကြည့်လိုက်တော့ ...

**ဒီကောင်မလေးရဲ့နာမည်က ဝတီပါ။ သူ အခု အိပ်ပျော်နေတာက ဟိုတယ်တစ်ခုရဲ့ ခုတင်ပေါ်မှာ ဖြစ်ပါတယ်။ အဲ ...အိပ်ပျော်နေတာထက် မေ့နေတာဆိုရင် ပိုမှန်ပါလိမ့်မယ်။ သူ ဘာဆက်ဖြစ်မလဲဆိုတဲ့ မူဗီဖိုင်လေးကိုတော့ နှစ်နာရီအတွင်း လိုက်ခ် (Like) နှစ်ရာရရင် ထပ်တင်ပေးပါ့မယ်။ ကဲ ...ကြည့်ချင်တယ်ဆိုရင်တော့ လိုက် (Like) လုပ်ကြပေါ့ဗျာ။**

"ဟာ"

ဟံသာ ကြည့်နေရင်းကပင် လိုက်ခ် (Like) တွေ တစ်ခုပြီးတစ်ခု တိုးလာကြသည်။

ရုတ်တရက် ဘာလုပ်ရမည်မှန်းမသိ။ ဝတီ့ဖုန်းကို ခေါ်လိုက်သည်။ စက်ပိတ်ထားသည်တဲ့။ ဝတီ့အိမ်ကို လှမ်းခေါ်ကြည့်တော့လည်း သင်တန်း





သို့ ထွက်သွားပြီဟုဆိုသည်။ ဒီအတိုင်းဆိုလျှင်တော့ ဝတီ လမ်းမှာ ပျောက်နေပြီ။

ဟံသာ ထူပူသွား၏။ ဒီတစ်ခါ CCTV ၏ပစ်မှတ်သည် သူမဟုတ်ဘဲ ဝတီဖြစ်နေခဲ့ပြီ။ ပြီး ... အန္တရာယ်ရှိသော အနေအထားမျိုးဖြစ်၏။

CCTV ဆိုတာ ဘယ်သူလဲ၊ ဘာကြောင့် ခုလိုလုပ်သလဲ။ စဉ်းစားလို့မရ။

သာမြတ်နှင့်ထက်လူကျော်တို့ကို ဖုန်းဆက်ကာ အပြင်တစ်နေရာတွင် ချိန်းလိုက်၏။

ပြီး ... တစ်ဆက်တည်းပဲ ဖုန်းမှ Facebook ကို ဖွင့်ထားလိုက်သည်။

ဝတီ့ပုံနေရာကြည့်လိုက်တော့ လောလောဆယ်ထိ လိုက်ခ် (Like) တက်နေသည်မှာ ငါးဆယ့်တစ် (51) ခု။

အရေးကြီးနေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

သုံးယောက်သား ဆုံမိချိန်မှာ အကျိုးအကြောင်း ပြောပြလိုက်တော့ သာမြတ်က အရင် ...

"ငါလည်း Facebook မှာတွေ့လို့ မင်းဆီ ဖုန်းဆက်မလို့ လုပ်နေတာ၊ တောက်! ဒီကောင်ရဲ့ပစ်မှတ်က ဘယ်လိုလုပ်ပြီး ဝတီ ဖြစ်သွားတာလဲ"

ထက်လူကျော်ကလည်း ...

"ဒီကိစ္စဟာ ငါတို့ကို လုပ်သလို သာမန်အပျော်အပျက်မျိုး မဟုတ်တော့ဘူးကွ၊ တစ်ခုခုကို တိတိကျကျ ပြန်လုပ်ချင်နေပုံရတယ်"

စဉ်းစားနေရင်းက ဟံသာ Facebook ကို ပြန်ကြည့်လိုက်သည်။ သတ်မှတ်ထားချိန်ကနေ တစ်နာရီကျော်နေပြီး လိုက်ခ် (Like) ကလည်း တစ်ရာကျော်နေလေပြီ။ ဒီအတိုင်း ထိုင်နေလို့ မဖြစ်ဘော့။





ဒီ CCTV အကောင့်ကို သုံးနေသူက ဘယ်သူဖြစ်နိုင်လဲ။ ဘာကြောင့် ခုလို လုပ်နေတာလဲ၊ အကျိုးအကြောင်း ဆက်စပ်ကာ စဉ်းစားရင်းဘာ ခေါင်းထဲ လက်ခနဲဖြစ်သွားရသည်။

မြယမုံနှင့်ထူးကျော်တို့မောင်နှမ ...။ လောလောဆယ် လက်တုံ့ပြန်ဖို့ဆိုတာက သူတို့နှစ်ယောက်ပဲ ဖြစ်နိုင်သည်။ စဉ်းစားမိတာကို ဟံသာ ပြောပြလိုက်တော့ သာမြတ်က ခေါင်းအသာခါ၍ ...

"ဖြစ်နိုင်ပါ့မလားကွ ... ထူးကျော်ဆိုတဲ့ကောင်က Facebook တောင် မသုံးတတ်လို့ ငါတို့ဆီက သင်ခဲ့တာနော်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ... သူတို့အိမ်ကို သွားစုံစမ်းတာ ကောင်းမယ်၊ အဲဒီမှာ သူတို့ကို တွေ့ရရင်တော့ တစ်မျိုးပေါ့"

ဟံသာ့စကားအဆုံးမှာ ထက်လူကျော်က Facebook မှ လိုက်ခ် (Like) အရေအတွက်ကို ကြည့်လိုက်ရင်း ...

"စုံစမ်းမယ်ဆိုလည်း မြန်မြန်စုံစမ်းကြကွာ၊ ဒီမှာ လိုက်ခ် (Likes) က တစ်ရာ့ငါးဆယ်ကျော်နေပြီ"

ဟံသာ ဝုန်းခနဲ ထရပ်လိုက်၏။ မြယမုံ၏လိပ်စာရနိုင်မည့်နေရာကို တွေးကြည့်လိုက်ပြီး ...

"သင်တန်းမှာ သွားပြန်စုံစမ်းရင်တော့ မြယမုံရဲ့အိမ်လိပ်စာကို ရမှာအမှန်ပဲ"

သာမြတ်ယူလာသော ကားပေါ် သုံးယောက်သား ပြေးတက်လိုက်ကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သင်တန်းမှ မြယမုံ၏အိမ်လိပ်စာရပြီးချိန်မှာပဲ ဝတီ့ပုံအောက်မှ လိုက်ခ် (Likes) က နှစ်ရာပြည့်သွားလေပြီ။

လမ်းဘေးမှာ ကားခဏရပ်ပြီး ဘာဆက်ဖြစ်မလဲဟု Facebook ကို ကြည့်နေလိုက်သေးသည်။

CCTV မှ တက်လာသော စတေးတပ် (status) တစ်ခု။

**လိုက်ခ် (Likes) နှစ်ရာပြည့်သွားပေမယ့် အချိန်ဆယ်မိနစ်လောက် လိုသေးလို့ ခဏစောင့်ကြပါဦး။ မူဗီ (movie) ဗိုင်ကတော့ အသင့်ဖြစ်နေပါပြီ။**





"ဟာ"

ဟံသာ့တစ်ကိုယ်လုံး ချွေးစီးတွေ ပြန်လာတော့၏။ အသက်ရှူမဝသလိုဖြစ်ကာ ရင်ဘတ်တွေလည်း နာလာလေပြီ။

"စိတ်ကို ခဏလျှော့ထားဦး ဟံသာ၊ ဆိုးဆိုးဝါးဝါးတော့ မဖြစ်လောက်သေးပါဘူး"

ပြောရင်း သာမြတ်က ကားကို ပြန်၍မောင်းထွက်လိုက်သည်။ စိတ်လျှော့ထားဆိုသည့်တိုင် ဟံသာ့စိတ်တွေက ပို၍ပူနေလေပြီ။ ဘုရား ... ဘုရား ... ဝတီ ဘာမှမဖြစ်ပါစေနဲ့။

မြယမုံတို့ အိမ်ရှိရာရပ်ကွက်ထိပ်သို့ ရောက်လာလေပြီ။ ပိုက်ဆံရှိလူတန်းစားတွေနေသော လုံးချင်းတိုက်ကြီးတွေသာရှိသည့် ဆိတ်ငြိမ်ရပ်ကွက်တစ်ခုဖြစ်၏။ ထိုရပ်ကွက်ထိပ်အရောက်မှာပဲ ထက်လူကျော်က ဖုန်းကြည့်ကာ အလန့်တကြား ထ,အော်သည်။

"ဟာ ... ဟံသာ ... ဒီမှာ ဝတီ့ရဲ့မူဗီဗိုင်တက်လာပြီ"

ဖုန်းကို အမြန်ဆွဲယူပြီး ထိုမူဗီကို ဖွင့်ကြည့်လိုက်၏။

"ဟာ"

ခုနက ဟိုတယ်ခန်းထဲမှာပဲ ဝတီ့အား မျက်လုံးသာပေါ်ရုံ ခေါင်းစွပ်စွပ်ထားသည့်လူတစ်ယောက်က လိုက်ဖမ်းနေခြင်းဖြစ်သည်။ ဝတီက သွေးဆုတ်ဖြူလျော်၍ ကြောက်ရွံ့သောမျက်နှာထားနှင့် အခန်းထဲ ပတ်ပြေးနေ၏။

ဟံသာတို့လည်း အသဲတယားယားနှင့် ကြည့်နေကြရသည်။ ခေါင်းစွပ်နှင့်လူက တစ်ချက်မှာတော့ ဝတီ့ကို ဖမ်းမိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

''ဟင်''

ထိုအချိန်မှာပဲ မူစီဖိုင်က ဖျတ်ခနဲ ပြီးသွားလေသည်။

ဟံသာ့စိတ်ထဲ အလွန်အမင်း စိုးရိမ်ပူပန်သွားပြီး ...

''သာမြတ် ... မြယမုံတို့အိမ်ကို အမြန်သာ မောင်းတော့''

■

## အခန်း (၂၅)

မြယမုံတို့ခြံရှေ့သို့ ရောက်ပါပြီ။ စိတ်လှုပ်ရှားလွန်းသဖြင့် ဟံသာ တတုန်ကယင်ဖြစ်နေမိသည်။

ကားဟွန်းတီးလိုက်၍ ခြံတံခါးဖွင့်ဖွင့်ချင်းမှာပဲ သာမြတ်က ခြံထဲသို့ အတင်းမောင်းဝင်လိုက်၏။

ထို့နောက် ကားပေါ်မှဆင်းကာ ခြံစောင့်အဘိုးကြီးအား ...

''ဦးလေး ... မြယမုံရှိလား''

ထိုလူကြီးလည်း ခေတ္တမျှ ကြောင်နေသေးသည်။ ပြီးမှ ...

''မောင် ... မောင်ရင်တို့က ဘယ် ... ဘယ်သူတွေလဲ''

သာမြတ်က ခပ်တင်းတင်းပဲ ...

''အဲဒါတွေ မမေးနဲ့ဗျ ... မြယမုံနဲ့ ထူးကျော်ရှိလား။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

တွေ့ချင်တယ်''

''ဘယ်သူတွေလဲကွ . . . အိမ်ရှေ့မှာ ဆူညံဆူညံနဲ့''

အော်ပြောသံနှင့်အတူ ကားအကွယ်မှ လူတစ်ယောက် ထွက်လာသည်။

''ဟင်''

အားလုံးပဲ အံ့သြသွားကြ၏။ သာမြတ်က မြန်သည်။ ထိုလူအနားသို့ လှစ်ခနဲပြေးသွားကာ လက်ကို လိမ်၍ ချုပ်ထားလိုက်လေပြီ။ ထိုလူကား ဝတီ့ကို လိုက်ကြည့်နေခဲ့သော လူစိမ်းဆိုသောလူဖြစ်၏။

''ခင် . . . ခင်ဗျားတို့ ဘာ . . . ဘာလုပ်ကြမလို့လဲ''

သာမြတ်က . . .

''ဒီမေးခွန်းက မင်းကို ငါတို့ မေးရမှာကွ၊ မင်းနဲ့ထူးကျော်က ဘယ်လိုပတ်သက်တာလဲ၊ ခု . . . ဝတီ ပျောက်နေတယ်''

''မသိဘူးဗျာ၊ ဘာမှမသိဘူး''

''ခွပ်!''

ဟံသာက ပြေးကာ ထိုးလိုက်ခြင်းဖြစ်သည်။

''ဟေ့ကောင် . . . မင်းမသိလို့ မရဘူးကွာ၊ ဒီနေရာမှာ တွေ့ရတဲ့ မင်းဟာ ထူးကျော်နဲ့ ပတ်ကိုပတ်သက်နေရမယ်''

''ဟာဗျာ . . . မသိဘူး''

''ခွပ်!''

ဟံသာ ထပ်ထိုးလိုက်၏။ ထိုအချိန်မှာပဲ ခြံထဲမှ ဆူညံသံတွေကြောင့်လားမသိ။ မြယမုံ ခြံထဲသို့ ဆင်းလာပါသည်။





ဟံသာတို့ကို မြင်လိုက်ရသောကြောင့် အလွန်အံ့သြသွားသောပုံစံဖြင့် . . .

''ရှင် . . . ရှင်တို့က . . . ဒီ . . . ဒီကို ဘာလာလုပ်တာလဲ၊ စိုးအောင်ကိုကော ဘာဖြစ်လို့ ချုပ်ထားတာလဲ''

သာမြတ်က စိုးအောင်ကို မလွှတ်သေးချေ။ ဟံသာက ရှေ့ထွက်ကာ မြယမုံနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး . . .

''အကြောင်းကတော့ . . . ကျုပ်ချစ်သူ ဝတီ ပျောက်နေလို့ပဲ''

''ဘာ . . . အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ''

ဟံသာက . . .

''ဆိုင်တာပေါ့ဗျ၊ ခင်ဗျားမောင် ထူးကျော်နဲ့ ဆိုင်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ထူးကျော်နဲ့စိုးအောင် ပေါင်းပြီး ကျုပ်တို့ကို ပတ်ခဲ့သေးတာယ်''

ထိုသို့အစချီကာ ထူးကျော် သူတို့ပိုင်းမှာ ရောက်နေချိန်တွင် စိုးအောင်က 'ချောမောင်' ဆိုသည့်အကောင့်ပိုင်ရှင်လိုလိုပုံစံဖမ်းကာ ဝတီ့အားလိုက်ချောင်းပုံ။ ပြီး . . . ထူးကျော်ကပဲ စိုးအောင်ကို ဝတီ့ရှေ့မှာ ပြဿနာရှာ၍ မောင်းထုတ်ခဲ့ပုံ။ ထို့နောက်မှာ 'ချောမောင်'ဆိုသည့်အကောင့်မှ ဝတီ့အား ထပ်မနှောင့်ယှက်ပုံတို့ကိုပါ ပြောပြလိုက်၏။

ဟံသာကပဲ . . .

''ခုလည်း . . . ထူးကျော်က သူခိုးခဲ့ရတာတွေရယ်၊ ခင်ဗျားကို CCTV က ပုံတွေတင်ခဲ့တာတွေကို ပြန်လက်စားချေနေတာပဲ၊ ဒီမှာကြည့် . . . ဝတီ့ကို ရိုက်ထားတဲ့ မှုဗီဖိုင်''

မြယမုံ ယူကြည့်ရင်း မျက်လုံးပြူးသွားသည်။ ထိုစဉ်မှာပဲ CCTV



www.burmeseclassic.com

www.burmeseclassic.com



မှ စတေးတပ် (status) တစ်ခု ထပ်တက်လာ၏။

**သိုးကလေးကတော့ ပြေးမလွတ်တော့ပါဘူး။ တဲ ... နောက်ဆုံး မှုဗီကိုတော့ ဒီစတေးတပ် (status) မှာ နောက်တစ်နာရီအတွင်း လိုက်ခ် (Like) တစ်ရာရရင် တင်ပေးမယ်ဗျာ။**

**အဲဒါ ... Game Over ပဲ။**

မြယမုံ ကြောင်နေသေးသည်။

ဟံသာက ...

"ဟုတ်တယ် မြယမုံ၊ ခင်ဗျားပုံတွေ တင်ခဲ့တဲ့ CCTV ဆိုတာ သာမြတ်တို့ လုပ်တာပါ၊ ခု ... အဲဒီအကောင့်က ဟက် (hack) ခံလိုက်ပြီး သာမြတ်တို့ အရင်ပြန်ခံရတာယ်၊ ခု ... ဝတို့ကို လုပ်နေပြီ၊ အဲဒါ ... ခင်ဗျား မောင် ထူးကျော် လက်စားချေနေတာပဲဖြစ်မယ်"

ဝတီ၏မူဗီဖိုင်ကို ပြန်ကြည့်ရင်း မြယမုံ မိန်းကလေးချင်း ကိုယ်ချင်းစာသွားပုံပေါ်သည်။ စိုးအောင်ကို ခပ်တင်းတင်းကြည့်ကာ ...

"စိုးအောင် ... သူတို့ပြောတာ အမှန်တွေပဲလား"

စိုးအောင်က ချုပ်ထားသေးသော သာမြတ်အား ...

"ဟေ့လူ ... ကျုပ်ကို လွှတ်ပေးပါ၊ ကျုပ် ပြောပြမယ်"

သာမြတ်က လွှတ်ပေးလိုက်သည်။

စိုးအောင်က မြယမုံကို ကြည့်၍ ...

"ဟုတ်ပါတယ် မမလေး၊ အစ်ကိုလေးက သူ ခံခဲ့ရတာတွေရော မမလေး ဖြစ်ခဲ့တာတွေကိုပါ နားလည်းပြီး ခုလိုလုပ်တာပါ"





"ဘာ"

"ဟုတ်ပါတယ်၊ CCTV အကောင့်ဟာ ဒီကလူတွေလုပ်တာလို့ စုံစမ်းလို့ သိရတဲ့အတွက် ဟက်ကာ (hacker) တစ်ယောက်ကို ငွေပေးပြီး အဲဒီအကောင့်ကို ခိုးခဲ့တယ်၊ ပြီး ... ခုလိုတွေ လုပ်တော့တာပဲ၊ ကျွန်တော်နဲ့ အရင်ပုံမှား ရိုက်ခဲ့တာတွေကတော့ ဝတို့ကို သူ ချဉ်းကပ်ချင်လို့ပါ"

မြယမုံက ခေါင်းခါယမ်းလိုက်ပြီး ...

"အာ ... အဲလိုတွေလျှောက်လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ နင့်အစ်ကိုလေးက စိတ်မှမမှန်တာ၊ ခု ... သူ ဘယ်မှာလဲ"

"(   ) မြို့နယ်က (   ) ဟိုတယ်ရဲ့အခန်း (   ) မှာပါ"

နေရာသိသိချင်း ဟံသာတို့ ဝုန်းခနဲ ကားပေါ်ပြေးတက်လိုက်ကြသည်။ မြယမုံက နောက်မှပြေးလိုက်လာပြီး ...

"ခဏလေး ... ငါတို့လည်း လိုက်မယ်"

စကားကို ဖြတ်ထားပြီးမှ ...

"ဟံသာ ... ငါ တစ်ခုတော့ တောင်းဆိုပါရစေ၊ ငါလည်း အားလုံးကို သင်ပုန်းချေပြီး နင်တို့ကို ခု ကူညီနေတာပဲ၊ အချိန်လည်း မီမှာပါ၊ ဒါပေမဲ့ ... စိတ်မမှန်တဲ့ ငါ့မောင်လေးကိုတော့ ရဲလက်မအပ်ပါနဲ့၊ အဲဒီ တာဝန်တော့ ပေးပါ"

ဒီလောက်တော့ ဟံသာလည်း နားလည်ပါသည်။ ထို့ကြောင့် ...

"ပေးတယ်ဗျာ ... လိုက်မယ်ဆိုလည်း ကားပေါ်တက်တော့"

ထို့နောက် ...။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

ဟိုတယ်မှ တာဝန်ရှိသူများနှင့်အတူ ဟံသာတို့အားလုံး ထူးကျော် ရှိနေသည်ဆိုသော အခန်းရှေ့သို့ ရောက်ပြီ။

မန်နေဂျာ မေးဆတ်ပြလိုက်တော့ ဟိုတယ်ဝန်ထမ်းလေးက အခန်းတံခါးကို ခေါက်လိုက်၏။

အထဲမှ အသံထွက်လာသည်။

"ဘယ်သူလဲကွ"

ထူးကျော်အသံ။ ဝန်ထမ်းလေးက ...

"ဟိုတယ်ကပါ ဆရာ၊ ဆရာမှာထားတဲ့ အစားအသောက်တွေ လာပို့တာပါ"

"အခန်းရှေ့မှာပဲ ချထားခဲ့"





ဝန်ထမ်းလေး ဘာလုပ်ရမည်မှန်းမသိ ဖြစ်သွားသည်။ ဟံသာက အနားကပ်ကာ တိုးတိုးပြောလိုက်၏။

"ဆရာ ... အောက်မှာက ညစ်ပတ်နေတယ်ဗျ၊ အစားအသောက်တွေဆိုတော့ မကောင်းဘူး။ အထဲမဝင်စေချင်ရင် တံခါးလေးအသာဟပြီး ယူလိုက်ပါ"

အထဲမှ စကားမပြန်ဘဲ အတန်ကြာ တိတ်ဆိတ်နေသေးသည်။ စဉ်းစားနေပုံရ၏။ ဟံသာတို့အားလုံးလည်း အသက်ကို ပြင်းပြင်းမရှူရဲကြ။

ထိုစဉ် ...။

"ငါ တံခါးဟပေးမယ် ... မင်း အပြင်က လှမ်းပေးလိုက်"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ"

တံခါးဖွင့်လာမည့်အချိန်သည် တစ်နာရီလောက်ကြာမည်ဟု ဟံသာ ထင်နေမိသည်။

"ဂျလောက်!"

"ဒုန်း!"

"ဝုန်း!"

တံခါးဟလာချင်းမှာပဲ ဟံသာက ခြေထောက်နှင့် ပိတ်ကန်ကာ အထဲသို့ အတင်းဝင်သွားခြင်းဖြစ်သည်။ ထူးကျော် ကြောင်အမ်းနေပြီးမှ ပြန်ရန်မူရန် ပြင်သော်လည်း အချိန်မမီတော့။ သာမြတ်တို့နှင့်အတူ ဟိုတယ်မှ လူများက ထူးကျော်အား ဖမ်းချုပ်ထားလေပြီ။

မန်နေဂျာက ...

"သူ ... ကောင်မလေးကို ခေါ်လာတုန်းက ကောင်မလေး ထမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နိုင်သေးတယ်ဗျ။ ကျွန်တော်က တစ်ခုခုသောက်ပြီး မူးလာတယ်ထင်လို့ လက်ခံလိုက်တာ''

ထိုအချိန်မှာတော့ ဟံသာက သတိရတစ်ချက် မရတစ်ချက်ဖြစ်နေသည့် ဝတီ့အား လှုပ်နှိုးနေလေပြီ။

''ဝတီ ... ဝတီ ... ဝတီ''

''အင်း ... အဲ''

သတိပြန်ရရချင်း ဝတီ့ခမျာ ကြောက်လွန်းလို့လားမသိ အသားတဆတ်ဆတ်တုန်ကာ ဟံသာကို အတင်းဖက်ထားလေသည်။

ထူးကျော်က ဟံသာတို့ကို စိတ်မမှန်သော မျက်ဝန်းတွေဖြင့် ပြူးကြောင်ကြောင်ကြည့်လျက် ...

''ဟားဟား ... ယုန်ကလေး ကံကောင်းသွားတယ်ပေါ့၊ ရယ်ရတယ်ကွာ ... ငါ သားကောင်အသစ်ရှာရဦးမယ် ... ဟား ဟား''

''မောင်လေး ... ထူးကျော်၊ သတိထားလေ''

ထူးကျော်က တဟားဟား ရယ်နေသေးသည်။

''ဟား ဟား ဟား ဟား ... CCTV က ငါကလွဲပြီး ဘယ်သူမှ မပိုင်ဘူးကွ၊ မင်းတို့အားလုံးကို ငါပြန်လုပ်ပြမယ် ... ဟား ဟား ဟား ဟား''

ဟံသာ မျက်ရိပ်ပြလိုက်သဖြင့် မြယမုံက ထူးကျော်ကို ဝန်ထမ်းတွေအကူအညီဖြင့် ချုပ်နှောင်ကာ ခေါ်သွားလေသည်။ အခန်းထဲမှာ ရှိနေသည့် ဗီဒီယိုကင်မရာ၊ လက်တော့ (Laptop) စသည်တို့ကို မန်နေဂျာက သိမ်းဆည်းသွား၏။



ခုတော့ အရာအားလုံးပြီးသွားလေပြီ။

ကြောက်ရွံ့တုန်လှုပ်မှု မပြေသေးသဖြင့် ငိုနေသေးသော ဝတီ့ကို သိုင်းဖက်ရင်း ဟံသာက ...

''ဝတီရယ် ... အားလုံးပြီးသွားပါပြီ၊ ငိုမနေပါနဲ့တော့နော်၊ ငါ အသက်ရှင်နေသရွေ့ နင် ဘာမှမဖြစ်စေရပါဘူး''

သာမြတ်ကလည်း ...

''ဟုတ်ပါတယ် ဝတီ၊ CCTV ဆိုတာက ငါတို့စ,ခဲ့တဲ့ကိစ္စပါ။ ပျော်စေပျက်စေဆိုပြီး လုပ်ခဲ့တဲ့ကိစ္စဟာ အားလုံးရဲ့ကိုယ်ကျင့်တရားတွေ ထိခိုက်နစ်နာစေတယ်ဆိုတာ ငါတို့ နားလည်သွားပါပြီ၊ နောက် ... ဘယ်တော့မှ မဖြစ်စေရတော့ပါဘူး''

''ငါတို့ဘဝတွေနဲ့ရင်းပြီး နားလည်သွားပါပြီဟာ''

ထက်လူကျော်က သံဝေဂရသလို ထပ်ပြောလိုက်၏။

ဟံသာက ...

''ကဲ ... ငါတို့အားလုံးပဲ ဖြစ်ခဲ့တာတွေကို မေ့လိုက်ကြရအောင်ကွ၊ သူတစ်ပါး ထိခိုက်အောင်လုပ်ရင် ကိုယ်လည်း ပြန်ခံရတယ်ဆိုတာတကမ္ဘာဦးအစက နိယာမတရားပဲလေ၊ ကဲ ... သွားကြစို့''

ဟိုတယ်အပြင်ဘက်သို့ လေးယောက်သား ထွက်လာခဲ့ကြသည်။ ခုမှပဲ အသက်ရှူဝ,သွားသလို ...။ အပြင်ရောက်တော့ ပိုးအိနှင့်ဇင်လေးတို့ကို တွေ့လိုက်ရသဖြင့် သာမြတ်တို့ မှင်တက်သွားကြသည်။

ဟံသာက ရယ်လျက် ...

''မင်းတို့ နောင်ကျဉ်သွားပြီဆိုတာသိလို့ ... ငါ ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ထားတာ''

သာမြတ်နှင့်ထက်လူကျော်တို့နှစ်ယောက်သား ဟန်ပင်မခေါင်နိုင်ဘဲ ချစ်သူကိုယ်စီဆီသို့ ပြေးသွားကြသည်။

သူတို့စုံတွဲနှစ်တွဲကို ကြည်နူးစွာ ကြည့်နေရင်းက အားကိုးတကြီး ဆုပ်ကိုင်လာသော အထိအတွေ့လေးကို ဟံသာ ခံစားလိုက်ရ၏။

ငဲ့ကြည့်လိုက်တော့ တစ်ဘဝလုံး ကိုယ့်ကို အားကိုးတွယ်တာနေမည့် ချစ်သူလေးက ပြုံး၍ ကြည့်နေသည်လေ။

**တကယ်တော့ ...**

**လက်တားချေတယ်ဆိုတာ ဝမ်းနည်းမှုကို ရှည်ကြာစေသလို ပြီးဆုံးသွားတဲ့ ဝမ်းမြောက်မှုတစ်ခုလည်း မဟုတ်ပါဘူး။**

**လေးစားစွာ**

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ အင်္ဂါနေ့

ည ၉ နာရီ ၂၂ မိနစ်

ထွက်ပြီးလုံးချင်းဝတ္ထုများ


#၁ ချစ်သူရေးတဲ့ ရည်းစားစာ (ပွင့်ဒိုက်)

#၂ ချစ်သူဝှက်တဲ့ ခေတ်သစ်ဖေဒင်

#၃ ချစ်သူပြောတဲ့ ရည်းစားစကား (ပွင့်ဒိုက်)

#၄ အပျိုစင် (ပွင့်ဒိုက်)

#၅ ချစ်လို့ (ပွင့်ဒိုက်)

#၆ အိပ်မက်အက်ဆေး (ပွင့်ဒိုက်)

#၇ ဟန်းနီးမွန်း (ပွင့်ဒိုက်)

#၈ ရုပ်ခံဆန်းအေး

#၉ ဖူးစာကွန်ရက် (ပွင့်ဒိုက်)

#၁၀ သူငယ်ချင်းဖိုင်ယာရီ

#၁၁ ရိုးမြေကျသီအိုရီ (ပွင့်ဒိုက်)

#၁၂ ပန်းသီးမက်ဆေ့ချ် (ပွင့်ဒိုက်)

#၁၃ ကျောင်းစိမ်း (ပွင့်ဒိုက်)

#၁၄ ရာသက်ပန်ပရိုဂရမ် (ပွင့်ဒိုက်)

#၁၅ လေဒီစာအုပ်ကြီး (ပွင့်ဒိုက်)

#၁၆ ကြည်နူးရာ ကြေကွဲရာ (ပွင့်ဒိုက်)

#၁၇ အမုန်းမဲ့ဒုန် (ပွင့်ဒိုက်)

#၁၈ အမည်ပေါက်သမီးရည်းစား (ပွင့်ဒိုက်)

#၁၉ အနမ်းကိမ်း (ပွင့်ဒိုက်)

www.burmeseclassic.com


#၂၀ ကဗ္ဗီပါတောင်ချောက် (ဗွီဒီယို)

#၂၁ ပေးစာ ပြန်စာ

#၂၂ တစ်ကိုယ်တော်ကျူးပစ်

#၂၃ အချစ်ကဆက်သွယ်မှုရေးယာထဲမှာ

#၂၄ အမည်မသိအက်ဖ်အမ် (ဗွီဒီယို)

#၂၅ သံယောဇဉ်နေ့စဉ်

#၂၆ အော်တိုနှစ်ဆ (ဗွီဒီယို)

#၂၇ ရည်းစားဟောင်းနှင့်ပြန်လည်ရင်ဆိုင်ခြင်း

#၂၈ အချစ်သည်သင့်ကျန်းမာရေးအတွက်ကိုယ်ရံတော် (ဗွီဒီယို)

#၂၉ အဲဒီကိစ္စနဲ့ပတ်သက်ပြီးမနှောက်ပါနဲ့ (ဗွီဒီယို)

#၃၀ သောစိအော်ပရေးရှင်း

#၃၁ နှင်းဆီပရောဂျက် (ဗွီဒီယို)

#၃၂ ချစ်သူလက်ပေါ်မှာပြတဲ့မျက်လှည့် (ဗွီဒီယို)

#၃၃ ပင်လယ်ဝက်တမ်း

#၃၄ ငါ့ရည်းစားကိုဘယ်သူအကွက်ရွှေ့လိုက်တာလဲ (ဗွီဒီယို)

#၃၅ ရင်စည်းမခြားကျောင်းတော်

#၃၆ ခုလိုပြောကြားပေးတာ ကျေးဇူးတင်ပါတယ် (ဗွီဒီယို)

#၃၇ မလည်ရှုပ် ကြယ်စုတ် (ဗွီဒီယို)

#၃၈ မှာကြားချက် (ဗွီဒီယို)

#၃၉ ချစ်သူသည် ကျွန်တော်၏အကျိုးတူစီးပွားဖက်ဖြစ်ပါသည်။ (ဗွီဒီယို)

#၄၀ လိပ်ပြာရစ်သယ်




BURMESE CLASSIC .com
www.burmeseclassic.com